# သကအလပြဇာတ်

## အရေးပါသော ဇာတ်ဆောင်သူများ

ဦးဘိုးလုံး .... .... ပြည်ထဲရေးဝန်ကြီး။

ဒေါ်ခင်သိုက် .... .... ပြည်ထဲရေးဝန်ကြီးကတော်။

ဘိုးသောင်း .... .... ပြည်ထဲရေးဝန်ကြီး၏သား။

ဦးစံလင်း .... .... ကွန်မြူနစ်သင်တန်းဆရာကြီး။

ဦးဘိုးစိန် .... .... ဦးဖိုးလုံး၏သူငယ်ချင်း။

မကြည် .... .... ဦးဖိုးလုံး၏အပျော်မယား။

ဦးကြင်ဇွေ့ .... .... ကလိမ်ချုံစီးပွားရေးသမား။

တင်တင် .... .... ဦးဖိုးလုံး၏ အတွင်းရေးအတွင်းဝန်ကလေး။

ဦးတင်ထွန်း .... .... ဖျာပုံခရိုင်ဝန်။

အခြားသောဇာတ်ဆောင်သူများမှာ ဦးဘိုးလုံး၏ သောက်ဖော်သောက်ဘက်၊ ကစားဖော် ကစားဘက်များ၊ဦးဘိုးလုံး၏ တပည့် များနှင့်မင်းစေများ၊ ဦးစံလင်း၏ တပည့်ရဲဘော်ရဲမေများနှင့် အာဇာနည်သင်တန်းသား လူငယ်လူရွယ်များ စသည်တို့ ဖြစ်သည်။

# သကအလပြဇာတ်

### အခဏ်း(၁)

နေရာ ။ ။ (ရန်ကုန်မြို့တစ်နေရာ၌ရှိသော အိမ်တစ်အိမ်ဖြစ်သည်။၎င်းသည်ပြည်ထဲရေးဝန်ကြီး ဦးဘိုးလုံးက အထူးငှားထားသောအိမ်ဖြစ်သည်။

အိမ်ထဲတွင်ဖဲရိုက်ရန်စားပွဲခုံတစ်ခုနှင့်ကုလားထိုင်များရှိသည်။

စားပွဲခုံပေါ်တွင်ဖဲထုပ်တစ်ထုပ်ရှိသည်။ ကုလားထိုင်များနှင့်မနီးမဝေးတွင် ဧည့်သည်များထိုင်ရန် ဆိုဖာတစ်စုံရှိသည်။အခန်း၏တနေရာတွင်တယ်လီဖုန်းရှိသည်။မကြည်သည်အသက် ၂၅နှစ်ခန့်ရှိ

လှပသောသူငယ်မလေးတစ်ဦးဖြစ်သည်။၎င်းသည်နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင်နောက်ကိုမှီ၍ထိုင် လျက် အခန်း၏မျက်နှာကျက်ကို မော့်ကြည့်နေသည်။ ၎င်း၏ရှေ့တွင်ရှိသော ခုံကလေးပေါ်တွင် ဝီစကီတပုလင်း၊ ရေပုလင်းတပုလင်းနှင့် ဖန်ခွက်နှစ်ခုရှိသည်။ မကြည့်ရှေ့မှဖန်ခွက်တွင်ရေရော ထားသောအရက်မှာ ပြည့်မြဲပြည့်လျက်ရှိသည်။ တခြားတဖက်ရှိဖန်ခွက်တွင်အရက်လက် ၂ လုံး ခန့်သာရှိသည်။

ဦးဘိုးလုံး ။ ။ (တယ်လီဖုန်းပြောလျက်)၊ ဟလို....၊ ဟလို....ဒါဘယ်သူလဲ၊ အတွင်းဝန်လား၊ ပြည်ထဲရေးဝန်ကြီး စကားပြောနေတယ်။ ဒီကနေ့ဝန်ကြီးရုံးကို မလာနိုင်တော့ဘူး။ နယ်ကနိုင်ငံရေး

www.burmeseclassic.com

ခေါင်းဆောင်တွေ အိမ်မှာ ရောက်နေတယ်၊ အရေးကြီးတဲ့ကိစ္စတွေ ဆွေးနွေးစရာရှိတယ်။ လက်မှတ်ထိုးစရာတွေ ရှိရင် မနက်ဖြန် ဝန်ကြီးရုံးလာတက်မှဘဲ ထိုးတော့မယ်။ ဟလို....ဒါထက် ပြည်နှင်ဒဏ်ပေးဖို့ မနေ့က ဝန်ကြီး အမိန့်ချလိုက်တဲ့ မန္တလေးကကွာစိရဲ့အမှုဟာ ချက်ချင်း အရေးယူလိုက်နော်၊ ဒီကောင်တယ် ရှုပ်တယ်။ ဘိန်းချတာရော၊ရွှေချောင်းတွေခိုးထုတ်တာရော၊ မှောင်ခိုဈေးရော ၊ရှုပ်နေတာဘဲ။ ဒီကောင် မြန်မြန် ထွက်သွားပစေ၊ အတွင်းဝန်မြန်မြန် ကြည့်လုပ်လိုက်ပါ။ ဟလို.... အောက်ကကောင်တွေက ငွေရရင် ဆွဲချင် ဆွဲထားမယ်။ ဒီအမှုမှာ ကြာသင့်တာထက်ပိုပြီး ကြာနေရင်တော့ ဝန်ကြီးအများကြီး စိတ်ဆိုးရလိမ့်မယ်၊ ဩော်....မနေ့ကဘဲအရေးယူပြီးပလား။ ကောင်းတယ်....၊ကောင်းတယ်....၊ဝန်ကြီး က ဒါမျိုးမှ ကိုက်တယ်။ ဘယ်အလုပ်မျိုးမဆို နှေးနှေးကွေးကွေးလုပ်နေတာ မကြိုက်ဘူး၊ လုပ်စရာ ရှိရင်မြန်မြန်မှပေါ့၊ဒါဝန်ကြီးရဲ့သဘောဘဲ၊ သည့်အပြင်၊ ဒီကနေ့ဘာကိစ္စတွေများ အရေးကြီးတာတွေ ရှိသေးသလဲ။ အင်း.... အင်း....အင်း....ဟာ ဒါတွေတော့ ထားလိုက်အုံး၊ မနက်ဖြန်မှဘဲ ဝန်ကြီးကြည့် တော့မယ်၊ ဒီမှာသိပ်အရေးကြီးတာတွေရှိနေတယ်....နယ်ကအရေးကြီးတဲ့ခေါင်းဆောင်တွေ ရောက်နေ တယ်။ ကောင်းပြီနော်....၊သင့်ခ်ယူ။ **(တယ်လီဖုန်းကိုချလိုက်ပြီးမကြည်နှင့်ယှဉ်လျက် ဆိုဖာပေါ်တွင် ထိုင်သည်။)**

**မကြည်** ။ ။ အကိုကြီးဒီလိုရုံးမတက်ရင် ဘယ်သူကမှ အရေးမယူဘူးလား....ဟင်။

**ဦးဘိုးလုံး** ။ ။ ဟား....ဟား....ဟား ပြည်ထဲရေးဝန်ကြီးကိုဘယ်သူကအရေးယူရဲမှာလဲ၊ မကြည်ကတယ်အသေးတာ ကိုး။အကိုကြီးရုံးမှာအကိုကြီးဗိုလ်ဘဲ။ အကိုကြီးကငါးခြောက်ဆိုရင်ဖုတ်ပြီးပါပြီတောင်မဟုတ်ဘူး။ ဆီဆမ်းပြီးပါပြီအထိ ဖြစ်ရတာကွဲ့။

**မကြည်** ။ ။ ပြည်ထဲရေးဝန်ကြီးဆိုတာ သိပ်တန်ခိုးကြီးတာဘဲနော်။

**ဦးဘိုးလုံး** ။ ။ ဒါပေါ့ကွ၊ ဟား၊ ဟား၊ ဟား၊ ဟား၊

**( ခံပေါ်ကအရက်ခွက်ကိုယူပြီးအားလုံးသောက်ချလိုက်သည်၊ မကြည်သည်အရက်နှင့်ရေရောပေး လျက်ရှိသည်။ )**

**ဦးဘိုးလုံး** ။ ။ မကြည်လဲသောက်အုံးလေ။ မကြည်ရဲ့ ဖန်ခွက်ထဲမှာ အရာမယွင်းသေးဘူး။

**မကြည်** ။ ။ မသောက်ချင်ဘူး အကိုကြီး။ မကြည် စိတ်မကောင်းဘူး။

**ဦးဘိုးလုံး** ။ ။ အကိုကြီးကို ချစ်ရင်တော့ သောက်ရမှာဘဲ။ အကိုကြီးက မကြည်ကို သိပ်ချစ်တာ။ မကြည်က အကိုကြီး အကိုကြီးလို့ခေါ်တဲ့အသံလေးတွေကိုတကြားထဲကြား၊ မကြည်ကညို့ညို့ပြီး ကြည့်နေတဲ့ မျက်လုံးကလေးတွေကိုတမြင်ထဲမြင်ပြီး အကိုကြီးဟာ ဘယ်လိုနေရထိုင်ရမှန်းတောင် မသိပါဘူး.... မကြည်ရာ။

**မကြည်** ။ ။ မကြည်ကချစ်သလောက်အကိုကြီးကမကြည်ကို မချစ်ပါဘူး။

**ဦးဘိုးလုံး** ။ ။ အကိုကြီးကမကြည်ကို ဘယ်လောက်ချစ်တယ်ဆိုတာ အခုမြင်ပြီမဟုတ်ဘူးလား။ ဒီကနေ့ဆိုရင် ရုံးမှာအရေးကြီးတဲ့အမှုတွဲတွေဟာတပုံကြီးဘဲ။ ခုနတင်ကဘဲ အတွင်းဝန်က ပြောသေးတယ်။ ရုံးမှာ အရေးကြီးတဲ့အမှုတွဲတွေရောက်နေတယ်တဲ့။ ဒါပေမယ့်ဟောဒီအကိုကြီးရဲ့မကြည်ကို သိပ်ပြီးချစ်နေ လို့၊ အကိုကြီးဟာ ရုံးတောင် မတက်နိုင်ဘူး။ **( အရက်ခွက်ကိုယူ၍ အနည်းငယ် သောက်လိုက် သည်။)**

**မကြည်** ။ ။ မကြည်ကို အကိုကြီးအဟုတ်ချစ်တယ်ဆိုရင် မကြည်ပြောတာကို အကိုကြီးလုပ်မှာပေါ့။

**ဦးဘိုးလုံး** ။ ။ မကြည်ကလဲကွာ၊ အကိုကြီး လုပ်နိုင်တာတွေဆိုရင် မကြည်အတွက် ဘာများ လုပ်မပေးတာရှိဘူး လို့လဲ။ ဒီလိုမပြောပါနဲ့ကွာ၊ ဒီလိုအပြောလေးတွေကြောင့်၊ ဟောဒီက မောင်ရွှေလုံးဆိုတဲ့ငနဲက၊ မကြည်ကိုအသဲစွဲနေတာကွ၊ဒါဘဲနော်ကိုယ်ချစ်အောင်သိပ်မလုပ်နဲ့၊ကိုယ်သိပ်ချစ်လာရင် ဟောဒီက မကြည်ရဲ့နဖူးကလေးကို ဥကနဲအောင်ထုလိုက်မှာ။ ဒါဘဲ။

**မကြည်** ။ ။ အကိုကြီးက မကြည်ကို ချစ်တယ် ချစ်တယ်နဲ့ပြောနေတာဟာ ပါးစပ်ကချည်းဘဲ၊ လက်ကတော့ ဘယ်တော့မှမပါဘူး။

**ဦးဘိုးလုံး** ။ ။ **(မကြည်ဘက်ကိုလှည့်ပြီးခပ်ပြုံးပြုံးလုပ်လျက်)** ဟဲ့ ကောင်မကလေး မကြည် ဒီအနားတိုးစမ်းပါ အုံးကွာ **( မကြည်၏ ပုခုံးကိုဖက်ပြီး သူ့ဘက်ကို အနည်းငယ်ဆွဲလိုက်သည် )**။

**မကြည်** ။ ။ ဒီစိန်နားကပ်ဆံကွဲဆံညှာကလေးကိုပန်နေရတာ လူမြင်လို့မကောင်းပါဘူးလို့အကိုကြီးကို မကြည် ပြောတာကြာပြီ။တခါပြောလဲ( **မဲ့၍ပြောသည်** )။ အေးပါကွာ။ အေးပါကွာ ။တခါပြောလဲ အေးပါ ကွာ။ အေးပါကွာ။ ဒီအေးပါကွာနဲ့ဘဲပြီးနေတာဘဲ။

**ဦးဘိုးလုံး** ။ ။ မကြည်ကြိုက်တဲ့နားကပ်ကြီးကို ရပါစေ့မယ်ကွ။ စိတ်ချပါအကိုကြီးမမေ့ပါဘူး။

**မကြည်** ။ ။ ဝန်ကြီးကို ယူထားရတာ ဘာများထူးသေးသလဲ။ ဒီလိုဆံကွဲဆံညှာလောက်တော့ ကိုယ့်ဟာကိုယ် လည်းပန်နိုင်တာဘဲ။

**ဦးဘိုးလုံး** ။ ။ **( အရက်ကိုခပ်များများကျိုက်ချလျှက် )** တယ်ခက်တာကိုး။ ဒီကနေ့မကြည်နဲ့အတိုးချပြီး အားရ ပါးရ ချစ်မလို့ဟာ၊ မကြည်က ရန်စကားကိုချည်းဘဲပြောနေတာကိုးကွဲ့။

**မကြည်** ။ ။ မကြည်ရဲ့ဝမ်းထဲကိုအကိုကြီးဝင်ကြည့်စေချင်တယ်။မကြည်ဘယ်လိုဖြစ်နေတယ်ဆိုတာသိရအောင်။

**ဦးဘိုးလုံး** ။ ။ ( **ဖန်ခွက်ထဲကအရက်များကိုအကုန်ကျိုက်ချလိုက်ပြီး** )အကိုကြီးသိပါတယ်မကြည်ရဲ့။ မကြည်ရဲ့ ဝမ်းထဲမှာ အကိုကြီးကို ချစ်တယ်၊ ကြိုက်တယ်၊ စုံမက်တယ်၊ အသည်းစွဲဖြစ်နေတယ်။ တနေ့မမြင် ရရင်မနေနိုင်အောင်ဖြစ်နေတယ်။ ခဏ ခဏ....

**မကြည်** ။ ။ **( ကြားဖြတ်လျက် )** အမလေး....တော်ပါတော့။ မကြည်ယူထားတာဝန်ကြီးလားမှတ်တယ်၊လက်စ သတ်တော့ ကြက်တူရွေးကြီးဖြစ်နေတာကိုး။

**ဦးဘိုးလုံး** ။ ။ မကြည် ပြောချင်တာ ဒါတွေဘဲ မဟုတ်ဘူးလား။ မကြည် မောနေမှာစိုးလို့ အကိုကြီးက မကြည် ကိုယ်စားအကုန်လုံးပြောချပေးလိုက်တာကွ၊မကြည်ပြောချင်တာဒါတွေဘဲမဟုတ်ဘူးလား။ပြောလေ၊ ပြောလေ။

**မကြည်** ။ ။ မဟုတ်ပါဘူး။

**ဦးဘိုးလုံး** ။ ။ **(စိတ်ပျက်သွားသောမျက်နှာနှင့်)** ဒါဖြင့်ဘာလဲ မကြည်ရဲ့။ တယ်ခက်တာကိုး။

**မကြည်** ။ ။ အခု၊ အကိုကြီးနဲ့ ညားပြီးကတဲက အကိုကြီးက ပွဲမထုတ်ချင်ပေမယ်....။

**ဦးဘိုးလုံး** ။ ။ **(ကြားဖြတ်လျက်)** အမလေး....တော်ပါမကြည်ရယ်၊ ပွဲထုတ်ဖို့ဆိုတာကတော့ ဘိုးရွှေလုံး စိတ်ကူး ထဲတောင် မထည့်ဝံ့သေးပါဘူး၊ အိမ်က မ–အာကြမ်းကြီးနဲ့များ ပက်ပင်းပါတိုးမိရင် လူတောထဲမှာ မြင်းကျားသံကြီးနဲ့အော်ဟစ်ပြီး ဒို့နှစ်ယောက်စလုံးကို ဆွဲဆုတ်ပစ်မှာကွ....မကြည်ရ။ အကိုကြီးက မကြည်ကို ပွဲမထုတ်ချင်လို့မှ မဟုတ်ဘဲ။ ဆောရီး....ဆောရီးမကြည် ဘာပြောမလို့လဲ မဆိုနိုင်ဘူး၊ ကိုယ်ကကြားဖြတ်လိုက်တာနဲ့ရပ်သွားတယ်။ **( အရက်ဖန်ခွက်ထဲသို့ အရက်နှင့်ရေ ရောလျက် ရှိသည် )**။

မကြည် ။ ။ အကိုကြီးနဲ့ညားပြီးကတဲက ပွဲတွေလမ်းတွေကို အတော်ရောက်ပါတယ်။ ဒီတွေလမ်းတွေမှာဆိုရင် ကျမဘယ်သူလဲဆိုတာသိကြပါတယ်၊ဒီလိုသိကြတာကိုမကြည်ကရှက်တယ်၊ရှက်တာတခြားကြောင့် မဟုတ်ပါဘူး၊ မကြည်ရဲ့ပတ်ဝန်းကျင်ကိုကြည့်လိုက်ရင်တဖျပ်ဖျပ်နဲ့ စိန်နားကပ်ကြီးတွေ ဝင်းဝင်း တောက်နေတာဘဲ၊ ကိုယ့်အောက်ကအတွင်းဝန်ကတော်တွေကိုကြည့်လိုက်ရင်လဲတဖျပ်ဖျပ်ဘဲ၊ ကုန် ကုန်ပြောမယ်၊ ရုံးဝန်ထောက်ကတော်လောက်ကြည့်လိုက်ရင်လဲတဖျပ်ဖျပ်ဘဲ၊ အဲဒီတော့မကြည်ဟာ ဒီပွဲတွေလမ်းတွေကိုတက်တောင် မတက်ချင်တော့ဘူး၊ မကြည်က ကျမဘယ်သူလို့ မပြောရပါဘူး၊ သူတို့ကသိနေကြပါတယ်၊ မကြည်တော့ ဒီဆံကွဲဆံညှာလေးကိုဝတ်ပြီး ပွဲတွေလမ်းတွေ တက်နေရ တာ သိပ်ရှက်တာဘဲ။ ( **မကြည်သည်ညှိုးငယ်သောမျက်နှာနှင့် ခေါင်းကိုအောက်စိုက်ထားသည်။ ဦးဘိုးလုံးသည် အရက်ကိုဖန်ခွက်တဝက်ခန့် သောက်ချလိုက်သည်**)။

ဦးဘိုးလုံး ။ ။ ( **မကြည်၏မေးစေ့ကိုလက်မနှင့်မြှင့်တင်လျက်** )ကဲ....ဒီတခါတော့စိတ်ချကွာ၊(**လက်နှစ်ချောင်းကို ပွတ်၍လှုပ်ပြလျက်**) ၂ လအတွင်းရရမယ်၊ ၂ လအတွင်း၊ ၂ လအတွင်း....။

မကြည် ။ ။ အမယ်လေး....ပြည်ထဲရေးဝန်ကြီးလုပ်နေပြီး ဒီလောက်ဟာကလေးကို ၂ လတောင်စောင့်ရအုံးမှာ လား။

ဦးဘိုးလုံး ။ ။ ပြည်ထဲရေးဝန်ကြီးဆိုတာတန်ခိုးသာရှိတာကွ၊ငွေရှိတာမဟုတ်ဘူး၊ငါ့မိတ်ဆွေမီရာဆွာမိဆီမှာချေးရ အုံးမယ်ကွ။

မကြည် ။ ။ တန်ခိုးရှိရင်ငွေရှိတာပေါ့၊ ပြည်ထဲရေးဝန်ကြီးဆိုရင် လူတွေကဖိန့်ဖိန့်နဲ့ ဖိန့်ဖိန့်တုန်နေအောင်ကို ကြောက်နေတာ၊ အကိုကြီးကသာ မကြည်ကိုတကယ်ချစ်တယ်ဆိုရင် ငါးခြောက်ဟောလို့ အကိုကြီး ပါးစပ်ကထွက်လိုက်ရုံနဲ့ ဖုတ်ပြီးတောင်မကဘူး ဆီဆမ်းပြီးသားပါဖြစ်မှာဘဲ၊ အဲဒီတော့မကြည်ကို အကိုကြီးချစ်တယ်ဆိုတာ အဟုတ်ဆိုရင် အခုချက်ခြင်း လုပ်ပေးမှာပေါ့၊ အကိုကြီးကသာ အခု ချက်ခြင်း လိုချင်တယ်ဆိုရင် အခုချက်ခြင်း ရနိုင်တာပေါ့။

ဦးဘိုးလုံး ။ ။ ( **ခပ်တွေတွေရှေ့တည့်တည့်ကိုကြည့်ပြီး** ) အင်း ဝန်ကြီးဖြစ်တာမကြာသေးတော့ကိုယ့်ဟာကိုယ် ဒီလောက်တောင် တန်ခိုးကြီးနေတာကို မသိသေးဘဲကိုး....။

မကြည် ။ ။ (**ဦးဘိုးလုံးကိုလက်တဘက်နှင့်ဖက်ပြီး**)ဘာခက်သလဲ....အကိုကြီးရယ်၊ဦးကြင်ဇွေ့ကိုတယ်လီဖုန်းနဲ့ ခေါ်လိုက်ပေ့၊ ရောက်လာတော့ ဟောဒီလို လက်မထောင်ပြီး ပြည်ထဲရေးဝန်ကြီးပီပီ လေခပ်တင်း တင်းနဲ့ "ဟေ့ ဦးကြင်ဇွေ့ ကျုပ်မိန်းမ မကြည်အတွက် တဘက်ဆယ်ရတီတန် စိန်နားကပ်တရံ လိုချင်တယ်၊ ဒီကနေ့ညနေ ၄ နာရီထက် နောက်မကျဘဲ လိုချင်တယ်လို့သာ ဆိုလိုက်ပါ ၄ နာရီ မထိုးခင် စိန်နားကပ်တရံ ငှက်ပျောပွဲ အုန်းပွဲနဲ့လာပို့ရမှာပေ့ါ။

ဦးဘိုးလုံး ။ ။ ဒီလောက်တောင်ဘဲလားကွယ်။

မကြည် ။ ။ မကြည်ပြောတာမယုံရင် စမ်းကြည့်ပါအကိုကြီးရယ် ( **ဦးဘိုးလုံးသည်ဖန်ခွက်ထဲ၌ ကျန်နေသော အရက်အားလုံးကိုမော့်ချလိုက်ပြီး ရှေ့တည့်တည့်ကိုကြည့်နေသည်**)၊ ဒါဘဲအကိုကြီး ( သူ့နားကပ် **ကို ချွတ်ပြီး ရှေ့ကခုံပေါ်တွင်တင်လျက်**) အကိုကြီးရဲ့ နားကပ်စုတ်ကို အကိုကြီးဘဲပြန်ယူတော့ ဒီအစုတ်အပြတ်ကိုသာပန်ရမယ်ဆိုရင် နားဟောင်းလောင်းနဲ့ဘဲနေတော့မယ်။

www.burmeseclassic.com

**ဦးဘိုးလုံး** ။ ။ ဦးကြင်စွေ့ဆိုတဲ့အကောင်က တယ်ရှုပ်တယ်။ ဒီကောင်နဲ့တော့ အကျွမ်းမဝင်ချင်ဘူး။

**မကြည်** ။ ။ ဒါ အကျွမ်းဝင်တာမှ မဟုတ်ဘဲ၊ ပြည်ထဲရေးဝန်ကြီးအနေနဲ့အမိန့်ပေးတာဘဲ။

**ဦးဘိုးလုံး** ။ ။ **(အနည်းငယ်တွေနေပြီး)** မဖြစ်ပါဘူးကွယ်၊ **(ဖန်ခွက်ထဲသို့အရက်နှင့်ရေကို ရောလျက်ရှိသည်)။**

**မကြည်** ။ ။ မဖြစ်ရင်လဲ အကိုကြီးဟာ အကိုကြီးနေတော့၊ မကြည်ခြေဦးတည့်ရာသွားတော့မယ်၊ အလကားဘဲ၊ ဝန်ကြီးကတော်ဆိုပြီး ဂေါ်ရင်ဂျီကုလားစုတ်ထားတဲ့ သရက်စေ့လောက်တောင်မှ ပြောင်ပြောင်ရောင် ရောင်မရှိဘူးဆိုရင်ဘာအသုံးကျမှာလဲ၊ ကိုယ့်မိန်းမအပေါ်မှာ ဒီလောက်မှစာနာရမှန်းမသိတဲ့လူနဲ့အ

တူတူနေလို့ကောဘာအသုံးကျမှာလဲမကြည်ခြေဦးတည့်ရာသွားတော့မယ်။**(မျက်ရည်ကျလာသည်)။**

**ဦးဘိုးလုံး** ။ ။ **( မကြည်ကိုဆွဲထားလျှက် )** ကဲ....မယ်မင်းကြီးမ ဒီလောက်တောင်ဖြစ်နေရင်တော့၊ ဒီကြင်စွေ့ကို မြန်မြန်ခေါ်မှ ဖြစ်မှာဘဲ၊ သူ့ဖုန်းနံပါတ်ဘယ်လောက်လဲ။

**မကြည်** ။ ။ ဆောက်သ် ဖိုး၊ ဖိုက်၊ ဆစ်။

**ဦးဘိုးလုံး** ။ ။ ကဲ....ဘာဘဲဖြစ်ဖြစ် ဘိုးရွှေလုံးခေါ်ပြီကွာ။ ( **လက်သီးနှစ်ဘက်ဆုပ်၍ခေါ်ပြီကွာနှင့်လိုက်အောင် ခေါင်းနှင့်ကိုယ်ကိုလှုပ်ပြီး ခြေဆောင့်နင်းလျက် တယ်လီဖုန်းဆီသို့လျှောက်သွားသည် )** ခေါ်ပြီ ကွာ။ ခေါ်ပြီကွာ၊ ခေါ်ပြီကွာ။ ( **ဦးဘိုးလုံးသည် တယ်လီဖုန်းကို ဆတ်ကနဲ ကောက်ကိုင်၍ ဆတ်ကနဲပါးစပ်နားသို့ကပ်ပြီးမှ မပြောတော့ဘဲ တယ်လီဖုန်းကို ခပ်ဖြေးဖြေး ပြန်ချလိုက်သည်၊ နောက်တကြိမ်ရှေးနည်းအတိုင်းလုပ်ပြန်သည်၊ တတိယတကြိမ်တွင် အံကြိတ်ပြီးသက်ပြင်းချလျှက် တယ်လီဖုန်းကို ဆတ်ကနဲ ပါးစပ်နားသို့ကပ်လိုက်၍ )** ဒေါ်ခင်သိုက်ပေးစမ်း၊ ဟ....မဟုတ်ဘူး။ မဟုတ်ဘူး။ ဒေါ်ခင်သိုက် မဟုတ်ဘူးဟ၊ ယောင်လို့....ယောင်လို့၊ ဘာ....လဲကွ၊ ဒီတယ်လီဖုန်းက ကောင်မတွေက ဘာကမြင်းကျောထနေကြတာလဲ၊ ငါနံပါတ်ပြောတာ မကြားဘူးလား။ ဆောက်သ် သရီး၊ ဖိုး၊ ဖိုက်။ ( **တအားအော်လျက် )** အခု စကားပြောနေတာ ပြည်ထဲရေးဝန်ကြီးကွ၊ ပြည်ထဲ ရေးဝန်ကြီးဘိုးရွှေလုံးကွ သိပလား။

**မကြည်** ။ ။ အကိုကြီး သရီး၊ ဖိုး၊ ဖိုက် မဟုတ်ဘူး။ ဆောက် ဖိုး၊ ဖိုက်၊ ဆစ်။

**ဦးဘိုးလုံး** ။ ။ **( တယ်လီဖုန်းကို အောက်သို့ချလိုက်ပြီး ပြန်ပြောလျက် )** ဆောရီး၊ ဆောရီး ဆောက်သ် ဘယ် လောက်ကွ။

**မကြည်** ။ ။ ဖိုး၊ ဖိုက်၊ ဆစ်၊ အကိုကြီး။

**ဦးဘိုးလုံး** ။ ။ ဆောက်သ်၊ ဖိုး၊ ဖိုက်၊ ဆစ်၊ ဟလို ဦးကြင်စွေ့လား...၊ ပြည်ထဲရေးဝန်ကြီးစကားပြောနေတယ်၊အခု ခဏလာနိုင်မလား....ခြံထဲကိုပေါ့ ကောင်းပြီ သင့်ခ်ယူ။

**ဦးဘိုးလုံး** ။ ။ မကြည်ရေ....အကိုကြီးတော့စာမေးပွဲဖြေပြီးပြီ။ အောင်စာရင်းကိုမျှော်ရမှာဘဲ။

**မကြည်** ။ ။ အောင်ရမှာပေါ့အကိုကြီးရယ် အကိုကြီးလို ဘုန်းရှင်၊ကံရှင်၊သမ္ဘာရှင်ကလိုချင်ရင်မိုးပေါ်ကခူဝံကြယ် တောင်ရရမှာပေါ့....အကိုကြီးရဲ့။

**မကြည်** ။ ။ အကိုကြီးကလဲဒီလိုလူစားတွေနဲ့စကားပြောတဲ့နေရာမှာအောက်မကျစမ်းပါနဲ့။ ဘာဖြစ်လို့ခဏလာ နိုင်မလားလို့မေးနေရတာလဲ၊အခုချက်ချင်း( **ငေါက်လျက်** ) လာခဲ့လို့ခေါ်လိုက်ပါလား။အကိုကြီး

www.burmeseclassic.com

ခေါ်ရင်ဒီကောင်တွေခြေနဲ့မဟုတ်ဘူး။ ခေါင်းနဲ့လာရမှာပေါ့၊ ကြင်ဖွေ့ရောက်လာရင်ခပ်တည်တည် ပြောနော်....ဒါဘဲ။ ( **ဦးဘိုးလုံးသည် မကြည်ဆီသို့ပြန်လာသည်၊ မကြည်သည်အရက်ခွက်ကိုယူ ပြီးဦးဘိုးလုံးအားပေးသည်၊ ဦးဘိုးလုံးသည် မကြည်အနီးတွင်ကပ်ထိုင်ပြီး အရက်ခွက်ကိုလှမ်းယူ သည်၊ မကြည်လည်းအရက်ခွက်ကိုယူပြီးဦးဘိုးလုံး၏ခွက်နှင့် ခွက်ချင်းထိလျက်** ) မကြည်ရဲ့အ

သဲစွဲအချစ်ဆုံး ပြည်ထဲရေးဝန်ကြီး သက်တော်ရာကျော် ရှည်ပါစေ။ ( **အနည်းငယ်စီ သောက်ကြ သည်** )။

**ဦးဘိုးလုံး** ။ ။ ( **အရက်ကိုအနည်းငယ်ထပ်သောက်လျက်** ) ဒါပေါ့ကွ ဒီလိုဘဲဖြစ်ရမှာပေါ့ကွ။မကြည်ရေ...ဒီစာမေးပွဲအောင်ပြီးရင်သူငယ်တန်းက ပထမတန်းကို အကိုကြီးတက်ရမှာဘဲနော်။

**မကြည်** ။ ။ ဒါတော့ အကိုကြီးသဘောဘဲ တက်ချင်တဲ့အတန်းကို တက်နိုင်ပြီ၊ အကိုကြီး... ဒီလိုမကြည်ရဲ့အလိုကိုလိုက်ရတာ ဝမ်းမသာဘူးလား။

**ဦးဘိုးလုံး** ။ ။ အင်း...( **ခပ်မဲ့မဲ့** ) ဝမ်းသာတာပေါ့ကွာ၊ အားကြီးပေါ့။

**မကြည်** ။ ။ ( **ဦးဘိုးလုံးကိုဖက်လျက်** ) မကြည်ကတော့အကိုကြီးရဲ့အလိုလိုက်ခံရတာ သိပ်ဝမ်းသာနေတာဘဲ၊ မကြည်ကို အကိုကြီးချစ်တယ်နော်။

**ဦးဘိုးလုံး** ။ ။ အစစ်ပေါ့။

**မကြည်** ။ ။ မကြည်ကိုအကိုကြီးသနားတယ်နော်။

**ဦးဘိုးလုံး** ။ ။ အစစ်ပေါ့ ( **အရက်ကိုအနည်းငယ်သောက်ချပြန်သည်** )။

**မကြည်** ။ ။ အကိုကြီးရယ်....အကိုကြီးနဲ့ မကြည်တို့ဟာ ဘယ်သူတွေမှမနှောင့်ယှက်နိုင်တဲ့နေရာမှာနစ်ယောက်ထဲသွားပြီး မကြည်နေချင်တာ ကြာလှပြီ။

**ဦးဘိုးလုံး** ။ ။ ( **အရက်မူးစပြုလာပြီ** ) ခဏ စောင့်အုံးကွယ်။ ကြင်ဖွေ့ကသေချာသေးတာမဟုတ်ဘူး။

စိန်နားကပ် မပေးနိုင်ဘူးဆိုရင် မင်းစိတ်ကောက်ပြီးခြေဦးတည့်ရာတော့ထွက်မသွားပါနဲ့ကွာ၊ ဟောဒီဘိုးရွှေလုံးကြီးကတော့အကြည်မရှိရင်မနေတတ်တော့ဘူးကွဲ့၊ မကြည်ကလွဲရင်အိမ်က မအာကြမ်း မိခင်သိုက်ကြီးပါအပါအဝင်အားလုံးသောသတ္တဝါတွေဟာဖွဲနဲ့ဆန်ကွဲကြီးဘဲ၊ မကြည်ဟာ ဟောဒီငရွှေလုံးကြီးအတွက်ဆိုရင်မိုးနတ်ဒေဝီဘဲကွ။( **အရက်သံနှင့်ဘောလယ်ကိုသီဆိုလျက်** )မိုးနတ်ဒေဝီမောဘရဏီ တန်ဆာလိုပ၊ရွှေပန်းချီရှုံးလောက်ပါရဲ့ပြုံးလျက်မူရာ....(

**မင်းစေတစ်ယောက်အခန်းထဲဝင်လာသည်**။)

**မင်းစေ** ။ ။ ဝန်ကြီးမင်းခင်ဗျာ၊ .....ဦးဘိုးစိန်ဆိုတဲ့ဧည့်သည်တယောက်ဝန်ကြီးနဲ့တွေ့ချင်လို့တဲ့။

**ဦးဘိုးလုံး** ။ ။ ( **စိတ်တိုလျက်လက်ပတ်နာရီကိုကြည့်ပြီး** ) တကတဲမှဘဲကွာ၊ ဒီဟည့်သည်တွေကလည်း

ပြီးဘဲမ ပြီးနိုင်တော့ဘူး၊ မင်းမပြောဘူးလား....ခွေးမသား။

**မင်းစေ** ။ ။ ဝန်ကြီးမင်းအင်မတန်အရေးကြီးတဲ့ကိစ္စတွေနဲ့အလုပ်များနေလို့ ရုံးတောင်မတက်နိုင်ဘဲဒီမှာပုန်းပြီး အလုပ်လုပ်နေရပါတယ်လို့ကျွန်တော်ပြောပါတယ်။

**ဦးဘိုးလုံး** ။ ။ ( **ငေါက်လျက်** ) ဧည့်သည်ကဘယ်သူကွ။

**မင်းစေ** ။ ။ ဦးဘိုးစိန်တဲ့၊ ဝန်ကြီးမင်းနဲ့သူငယ်ချင်းအရင်းတဲ့၊ နောက်ပြီးတော့လည်း သူ့ကိုတွေ့ခွင့်ပေးရင်ပေး မပေးရင်ဒီအိမ်ကိုခဲနဲ့ဝိုင်းပေါက်မယ်လို့လဲ အပြောခိုင်းလိုက်သေးတယ်။

**ဦးဘိုးလုံး** ။ ။ ဒီခွေးမသားဘိုးစိန်လာရှုပ်ပြန်ပြီကွာ( **လက်ပတ်နာရီကိုကြည့်လျက်** )ဒီလိုဆိုရင် ဒီကနေ့ငါဘယ်မှာနားရတော့မလဲ။ ( **ဒေါသနှင့်** ) လွှတ်လိုက်ကွာ။ လွှတ်လိုက်၊ လွှတ်လိုက်။ ( **မင်းစေစတံခါးဝအနီးသို့ရောက်သည့်အခါ** ) ဟေ့ကောင်.... ( **ဝန်ကြီးမင်းသည်လက်သီးနှစ်ဘက်စလုံးကိုဆုပ်ပြီး မြှောက်၍အားရပါးရပြောလျက်** ) သိပ်ပြီးအရေးကြီးတဲ့ ကိစ္စတွေနဲ့သိပ်ပြီး အလုပ်များနေပါတယ်

ငါးမိနစ်လောက်နဲ့( **သူ့လက်ပတ်နာရီကိုကြည့်ပြီး** ) သုံးမိနစ်လောက်နဲ့ပြီးအောင်ပြောစရာရှိတာပြောလို့သေသေချာချာပြောပြ။ ကြားလား။

**မင်းစေ** ။ ။ ဟုတ်ကဲ့။

**ဦးဘိုးလုံး** ။ ။ ဟေ့ကောင်....နေအုံး၊ ငါပြောနေတာကိုပြန်ပြောစမ်း၊ ဘယ်လိုပြောမလဲ။

**မင်းစေ** ။ ။ ( **ဦးဘိုးလုံး၏အမူအရာကိုအတုခိုးလျက်** ) ဝန်ကြီးမင်းသိပ်ပြီးအရေးကြီးတဲ့ကိစ္စတွေနဲ့သိပ်ပြီးအလုပ်များနေပါတယ်။ ငါးမိနစ်လောက်နဲ့( **သူ့လက်ပတ်နာရီကိုကြည့်ပြီး** ) သုံးမိနစ်လောက်နဲ့ပြီး အောင်ပြောပါ။

**ဦးဘိုးလုံး** ။ ။ အေး....ဟုတ်ပြီ၊သွားတော့ ( **မင်းစေထွက်သွားသောအခါသူ့ကိုယ်သူပြောလျက်** ) ဒီဘိုးစိန်ဆိုတဲ့ အကောင်ဟာငါ့ကိုဝန်ကြီးအဖြစ်နဲ့ရှိသေမှာလဲမဟုတ်ပါဘူး။ ဂမြင်းမသား( **မကြည်ဘက်သို့လှည့်၍** )ကဲ....မကြည် ဟိုအခန်းထဲခဏဝင်နေစမ်းပါအုံးကွာ၊ ( **မကြည်အခန်းထဲသို့ဝင်သွားသည်၊ဦး ဘိုးစိန်ထွက်လာသောအခါမကြည်အခန်းထဲသို့ဝင်သွားသည်ကိုနောက်ကနေ၍မြင်လိုက်သည်** )။

**ဦးဘိုးစိန်** ။ ။ ( **ငေါက်လျက်** ) ရွှေလုံး....( **ဦးဘိုးလုံးသည်အနည်းငယ်လန့်သွားသည်။ဦးဘိုးစိန်သည်မကြည် ဝင်သွားသောအခန်းကိုလက်ညှိုးထိုးလျက်** ) အခုဝင်သွားတာအလီမူလာထဲကဖါသယ်မမိကြည်ဆိုတာ မဟုတ်လား။

**ဦးဘိုးလုံး** ။ ။ ဦးဘိုးစိန်ရေ...ဒူးနေရာဒူး....။

**ဦးဘိုးစိန်** ။ ။ ( **ငေါက်လျက်** ) ဘာဒူးနေရာဒူးလဲ....။ဒါတွေငါအကုန်သိတယ်။ မင်းသင်စရာမလိုဘူး။

**ဦးဘိုးလုံး** ။ ။ မဟုတ်ဘူးလေ၊ ကျုပ်ပြောတာနားထောင်စမ်းပါအုံး။ ကျုပ်အရင်တုန်းကဘိုးရွှေလုံးမဟုတ်တော့ဘူး ဦးဘိုးစိန်ရဲ့။

**ဦးဘိုးစိန်** ။ ။ ( **ငေါက်လျက်** )ဘာ....ဦးဘိုးစိန်ရဲ့လဲ....မင်းငါ့ကိုခေါ်ချင်သလိုခေါ်၊ခင်ဗျားကျွန်တော်နဲ့ ရိုရိုသေသေပြောချင်လဲပြော၊ မင်းကိုတော့ရွှေလုံးလို့ဘဲငါခေါ်ရမှာဘဲ။

**ဦးဘိုးလုံး** ။ ။ သူငယ်ချင်းရယ်....နှစ်ယောက်ထဲကျတော့ ငါ့ကိုကျိတ်ပြီးပါးရိုက်၊ မအေနှမနဲ့ကလော်ဆဲပါသူငယ်ချင်းရာ။ အခုတော့ဟိုဘက် အခန်းတွေထဲမှာ ရဲအရာရှိတွေရှိတယ်၊ စာရေးတွေ ရှိတယ်၊ ဒါတွေရှေ့မှာသူငယ်ချင်းကဒီလိုရမ်းတာမကောင်းပါဘူး။ ဒူးနေရာ....။

**ဦးဘိုးစိန်** ။ ။ ( **ကြားဖြတ်လျက်** )ဟေ့....ရွှေလုံး၊ဒီ....စောက်ဒူးနေရာအကြောင်းကိုမင်း....နောက်ဆက်ပြီးမပြောနဲ့တော့။ ဒါတွေငါအကုန်သိတယ်။ ငါမင်းကိုတမင်ဂွတိုက်နေတာ၊ မင်းဟာဝန်ကြီးဆိုပြီးဝန်ကြီးလိုနေရင်ပုဆစ်ဒူးတုပ်ပြီးကြမ်းပြင်ပေါ်မှာထိုင်ပြမှာ၊ ဝန်ကြီးလို့ဆိုင်းဘုတ်ဆွဲထားပြီးကစော်သမားဖြစ်နေမယ်၊ ငွေစားဘီလူးဖြစ်နေမယ်၊ ကြာသမားဖြစ်နေမယ်၊ ဖဲသမားဖြစ်နေမယ်ဆိုရင် ဒီအရေခြုံဝန်

www.burmeseclassic.com

ကြီးတွေကိုဘယ်လိုပြောရမယ်ဆိုတာငါသိတယ်၊ ငါ့ကိုသင်နေစရာမလိုဘူး။ လူတွေရှေ့မှာရိုင်းရိုင်း စိုင်းစိုင်း ဆက်ဆံတာ ကိုတော့ မင်းကရှက်တယ်။ လူတွေရှေ့မှာ ကစော်မူး၊ ဖဲချ၊ မိန်းမရှုပ်တွေနဲ့ တရုံးရုံးဖြစ်နေတာကိုတော့....မင်းမရှက်ဘူးလား။

**ဦးဘိုးလုံး** ။ ။ သူငယ်ချင်းရယ်....ဝန်ကြီးဆိုတာဘယ်လောက်တာဝန်ကြီးတယ်....။

**ဦးဘိုးစိန်** ။ ။ ဘာတာဝန်လဲ....တာဝန်ကြီးတွေထမ်းနေရလို့ ဦးနှောက်ခြောက်တာကြောင့် တခါတလေဒီလိုထွက် ထွက်ပြီး ကမြင်းရတယ်လို့ မင်းက ပြောချင်တာပေါ့လေ၊ ဒီဆင်ခြေတွေနဲ့ ငါ့ကိုလိမ့်လို့ဘာရမလဲ ( **ငေါက်လျက်** ) ဘယ်မလဲ အလီမူလာထဲက ဂမြင်းမမိကြည်။ ဒီစောက်ကောင်မဘယ်မှာလဲ။

**ဦးဘိုးလုံး** ။ ။ ( **သူ့ရင်ကိုဖိလျက်** )အမလေး....အမလေး၊သူငယ်ချင်းရယ်....၊ဟောဒီဝန်ကြီးရဲ့ရင်ဝကိုဘဲဖနောင့်နဲ့ပေါက်လိုက်ပါတော့သူငယ်ချင်းရယ်။

**ဦးဘိုးစိန်** ။ ။ ဟာ....ဒီခွေးမသားကြီးဟာအရူးအမဲသားကျွေးမိသလိုဖြစ်နေပါပြီ။ စိတ်ညစ်စရာပါဘဲ၊ ဟော့....ရွှေလုံးမင်းကိုသူငယ်ချင်းအရင်းအနေနဲ့ငါကယ်နေတာနော်....၊မင်းကအပုပ်ကြီးကိုအဟုတ်ကြီးထင်နေတယ်၊ မင်းသေသွားလိမ့်မယ်၊ သေတာတောင် ရိုးရိုးတန်းတန်းသေမှာမဟုတ်ဘူး။ ( **ခြေဟန်လက်ဟန်ဖြင့်ပြသည်** ) အမယ်လေး....အမေရဲ့၊ အမယ်လေး....အမေရဲ့ဆိုပြီး ဟောဒီလို ဟောဒီလိုကွေးကောက်ပြီးသေသွားလိမ့်မယ်။ ကဲ....ရွှေလုံးငါမေးတာကိုမြန်မြန်ဖြေစမ်းပါ။ ခုနကဝင်သွားတာဟာ အလီမူလာထဲက ဖာသယ်မမိကြည် မဟုတ်ဘူးလား၊ ငါအခုဒီကို လာတာဟာ အရပ်ထဲကဓာတ်သိတစ်ယောက်က တယ်လီဖုန်းဆက်လိုက်လို့လာတာကွ၊ ဒီတော့မင်းငါ့ကိုမလိမ်နဲ့မှန်မှန်ပြော ( **အခန်းဘက်သို့ဘက်ညှိုးထိုးလျက်** ) ဒီကောင်မဟာ အလီမူလာထဲက မိကြည်မဟုတ်ဘူးလား။

**ဦးဘိုးလုံး** ။ ။ သူငယ်ချင်းရယ်....ရက်စက်လှချည်လားသူငယ်ချင်းရယ် ( **ငိုသံပါနှင့်** ) အမယ်လေးဗျ....မကြည်ကိုပြောချင်တောင်ဒီကဝန်ကြီးရဲ့မျက်နှာကိုသူငယ်ချင်းကြည့်ဘို့ကောင်းပါတယ်ကွယ်။( **မျက်ရည်ကိုလက်မောင်းပေါ်ကရှပ်အင်္ကျီဖြင့်ပွတ်လျက်** ) မကြည်ရေ....မင်းတယ်ပြီးကုသိုလ်ဆိုးတယ်နော်

။ ဝန်ကြီးနဲ့ညားတာတောင်စိန်နားကပ်ကောင်းကောင်းလည်းမပန်ရဘူးကွဲ့( **ငိုလျက်** ) ဂေါ်ရင်ဂျီကုလားစုတ်ထားတဲ့ သရက်စေ့လောက်တောင် ပြောင်ပြောင်ရောင်ရောင်လဲ မရှိရဘူးကွဲ့၊ မင်းကုသိုလ်ဆိုးတယ်ဟော့။ မကြည်ရေ....မင်း။

**ဦးဘိုးစိန်** ။ ။ ( **ကြားဖြတ်လျက်** )တော်စမ်းပါကွာဒီမသာရုပ်ကြီးလုပ်မနေစမ်းပါနဲ့( **ဦးဘိုးလုံးကိုလက်ညှိုးနှင့် ထိုးလျက်** ) အရူး နင့်အတွက်ပြောနေလို့လဲပြောမှန်းမသိဘဲကိုး။ ဒီကောင်မနဲ့ဆိုရင်နင်မကြာခင် သေသွားလိမ့်မယ်၊ ဒါဟာ....ကြင်စွေ့ဆိုတဲ့ ခွေးမသားနင့်ကိုဂျောက်တွန်းတာ၊ နင်သေလိမ့်မယ်။အ ခုဆိုရင်လည်းအရပ်ထဲမှာ လူထုအုံကြွနေပြီ၊ မင်းနဲ့ဖာသယ်မကိုခဲနဲ့ပေါက်ပြီးသတ်ပစ်ကြလိမ့်မယ်၊ ( **ဦးကြင်စွေ့ဝင်လာသည်** )။

**ကြင်စွေ့** ။ ။ ဝန်ကြီးမင်း ကျွန်တော်နဲနဲနောက်ကျသွားတယ်။ သည်းခံပါ။

**ဦးဘိုးစိန်** ။ ။ ( **ကြင်စွေ့ကိုလှည့်ကြည့်ပြီးအံ့အားသင့်စွာကြည့်၍လက်ညှိုးနှင့်ထိုးလျက်** ) ရှုပ်နေတာဒီအကောင် ဘဲ။

**ကြင်စွေ့** ။ ။ ကျွန်တော်ဘာလုပ်လို့ပါလဲခင်ဗျာ။

**ဦးဘိုးစိန်** ။ ။ နင့်ဟာနင်တော့သိမှာပေါ့၊ နင့်ကောင်မကိုခေါ်သွားမလား၊ မသွားဘူးလား။

**ကြင်စွေ့** ။ ။ ဘယ်ကကောင်မလဲ။ ဘာလဲ။ ဦး....လူမှားနေပြီထင်တယ်။

www.burmeseclassic.com

**ဦးဘိုးစိန်** ။ ။ ဂမြင်းမသား နင်ရွှေလုံးကိုသာ တပတ်ရိုက်လို့ရမယ်၊ ငါ့ကိုတပတ်ရိုက်လို့ရမလားဟင်း....ဂမြင်းမသား။ ( **ကြင်ဇွေ့ကိုထိုးရန်ရွှေ့တိုးသွားသည်၊ကြင်ဇွေ့ထွက်ပြေးသည်။ ဦးဘိုးလုံးကဦးဘိုးစိန်ကို ဆွဲလျက် ဦးဘိုးစိန်ကရုန်းလျက်ရှိသည်** )။

**ဦးဘိုးလုံး** ။ ။ ( **ဆွဲလျက်** )ဟေ့....ဘိုးစိန်နော်။ဝန်ကြီးစိတ်ဆိုးလာပြီ၊မင်းငါ့ကိုဘာမှတ်လို့လဲ။ပျော့ရင်ဖယောင်း မာရင်သံချောင်းကွ၊မင်းအခန်းထဲကကောင်းကောင်းထွက်ချင်ထွက်သွား၊ ထွက်မသွားရင်( **တယ်လီဖုန်းကိုမေးထိုးပြလျက်** ) ဟော ဟိုဟာဘာလဲ၊တယ်လီဖုန်းကွ ဝန်ကြီးအခုခေါ်လိုက်ရင်ရန်ကုန်မှာအကြီးတကာ့အကြီးဆုံးဆိုတဲ့ရဲမင်းကြီးနှစ်မိနစ်အတွင်းရောက်လာရမယ်၊ပိုင်နက်ကျူးလွန်မှုနဲ့တခါထဲထောင်ချပစ်နိုင်တယ်၊ ဝန်ကြီးကိုမင်းဘာမှတ်လို့လဲ။

**ဦးဘိုးစိန်** ။ ။ ( **ဦးဘိုးလုံး၏လက်များကိုတထောင်နှင့်တွတ်ပြီးခါထုတ်လျက်** )အမ်မာ....ယောက်ဖထိတော့ရာဇ မာန်ရှတာပေါ့ကွာ၊ ငါကဘာဖြစ်ရအုံးမှာလဲ၊ နင်....ကြင်ဇွေ့လက်ထဲ ခွေးသေ၊ ဝက်သေ သေမှာစိုး လို့အမုန်းခံပြီးငါကဝင်ကယ်တာ၊ အခုတော့နင့်ဟာနင်သေရုံမကလို့ အဝီစိဆင်းဆင်း ဆင်းချင်တဲ့ ဆီကိုဆင်း၊စောက်ရူးဝန်ကြီး ( **ဒေါသနှင့်ထွက်သွားသည်၊တံခါးကိုတအားဆောင့်ပိတ်ခဲ့သည်** )။

**ဦးဘိုးလုံး** ။ ။ ( **သက်မကြီးချပြီး** ) ဆောရီး....ဦးကြင်ဇွေ့ ။ ဒီကောင်ကစိတ်နောက်နေတယ်၊ သီးခံပါ။

**ဦးကြင်ဇွေ့** ။ ။ ကိစ္စမရှိပါဘူး။ဒီအရူးကနဲနဲကြမ်းတယ်၊ ဒီလိုလွှတ်ထားလို့မဖြစ်ဘူး၊ အရူးထောင်ပို့ပေးရင်ကောင်းမယ်။

**ဦးဘိုးလုံး** ။ ။ ဟုတ်တယ်။ ပို့ပေးရမယ်။ ကဲ....ထိုင်ပါအုံး။ (**ဆိုဖာကိုလက်ညှိုးနှင့်ထိုးပြသည်**)။

**ဦးကြင်ဇွေ့** ။ ။ ကျွန်တော်နည်းနည်းနောက်ကျသွားတာ သည်းခံပါဝန်ကြီးမင်း။

**ဦးဘိုးလုံး** ။ ။ ကိစ္စမရှိပါဘူး။ ဝန်ကြီးမှာကိစ္စတစ်ခုရှိတယ်။ ဦးကြင်ဇွေ့ကူညီရမယ်။

**ဦးကြင်ဇွေ့** ။ ။ အမိန့်ရှိပါဝန်ကြီး။ ကျွန်တော်တို့က ဝန်ကြီးမင်းရဲ့ နောက်တော်ပါးက အမြဲတမ်း ပါရမီဖြည့်ပြီးလိုက်ပါ့မယ် ( **စာပွဲဝိုင်းတွင် တပ်ထားသော ခလုတ်ကို ဦးဘိုးလုံးနှိပ်လိုက်သည်။ မင်းစေဝင်လာသည်**)။

**ဦးဘိုးလုံး** ။ ။ ဖန်ခွက်တခုယူခဲ့အုံးဟေ့။ ( **မကြည်ရှိသော အခန်းဘက်သို့ လှည့်၍** ) မကြည်ရေ....မကြည်။ ( **အထဲကထူးသံမကြားရ၍ ဦးဘိုးလုံးသည် အခန်းထဲသို့ဝင်သွားသည်။ မင်းစေသည် ဖန်ခွက်တခုကိုယူပြီး ဝင်လာသည်။ ဦးကြင်ဇွေ့သည်စီးကရက်တလိပ်ကိုထုတ်သောက်သည်။ အပေါ်ကို မော့်ကြည့်ပြီးဆေးလိပ်ဖွာလျက်ရှိသည်။ ဦးဘိုးလုံးနှင့်မကြည်တို့ ထွက်လာသည်** )။

**ဦးကြင်ဇွေ့** ။ ။ (**ထိုင်ရာမှထလျက်**) ဝန်ကြီးကတော်နေကောင်းပါရဲ့လားခင်ဗျာ။

**မကြည်** ။ ။ ဟုတ်ကဲ့....နေကောင်းပါတယ်။ (**မကြည်နှင့်ဦးဘိုးလုံးတို့ကနှစ်ယောက်ထိုင်ဆိုဖာပေါ်ထိုင်သည်၊ ဦးကြင်ဇွေ့ကငင်းတို့အနီးနှစ်ယောက်ထိုင်ဆိုဖာပေါ်တွင်ထိုင်ကြသည်။မကြည်သည်အရက်ဖန်ခွက်များထဲတွင် အရက်နှင့်ရေကို ရောပေးလျက်ရှိသည်**)။

**ဦးဘိုးလုံး** ။ ။ ( **အရက်ကိုအနည်းငယ်သောက်လျက်** ) ကဲ.... မကြည်က အကိုကြီးကိစ္စကို ဦးကြင်ဇွေ့ပြောပြလိုက်ပါအုံး။

**မကြည်** ။ ။ (**ပြုံးလျက်**) ဘာလဲ....အကိုကြီးက။ ကိုယ့်ကိစ္စကို ကိုယ်ပြောမှပေါ့။

www.burmeseclassic.com

**ဦးဘိုးလုံး** ။ ။ မကြည်ဘဲပြောပါ။ အကိုကြီးကအခုမှသင်တန်းတက်စဆိုတော့ ကောင်းကောင်း ရှာမလလယ်သေးဘူး မကြည်ရဲ့။ ပြောပါ။ မကြည်ဘဲပြောပါ။ **(အရက်အနည်းငယ်သောက်ပြန်သည်)။**

**မကြည်** ။ ။ ဦးကြင်စွေ့....စိန်နားကပ်တရံ လိုချင်တယ်၊ တဘက်ဆယ်ရတီထက်မနဲ အသားကောင်းကောင်း၊ မနက်ဖြန်လိုချင်တယ်။

**ဦးဘိုးလုံး** ။ ။ မြန်လှချည်လား။

**မကြည်** ။ ။ ဘာလဲ အကိုကြီးက။ မကြည် ဘာပြောထားသလဲ။ ပြည်ထဲရေးဝန်ကြီး လိုချင်တယ်ဆိုရင် ရ-ရမှာပေါ့။ ဘာလို့ မရ-ရ မှာလဲ။

**ဦးကြင်စွေ့** ။ ။ အစစ်ပေါ့။ ရ....ရမှာပေါ့။ ဘယ်သူ့ဘို့ပါလိမ့်။

**မကြည်** ။ ။ အို....ဦးကြင်စွေ့ကလဲ ရိုးလိုက်တာ။ ဘယ်သူ့ဘို့ ဖြစ်ရအုံးမှာလဲ။ ဒီက....ဝန်ကြီးကတော်ဘို့ပေါ့။

**ဦးဘိုးလုံး** ။ ။ ဟုတ်ပါတယ် ဒီကဝန်ကြီးကတော်ဘို့ပါဘဲ။ **(အရက်အနည်းငယ်သောက်ပြန်သည်)။**

**ဦးကြင်စွေ့** ။ ။ စိန်နားကပ်ကြီးက သိပ်ကောင်းပြီးလက်မှာဘာမှမရှိဘူးဆိုရင်ဘယ်ကြည့်ကောင်းမလဲ....ဝန်ကြီးကတော်ရဲ့။ ဝန်ကြီးကတော်ဆိုတော့ ဟိုပွဲထိုင်တက်ရ ဒီပွဲထိုင်တက်ရနဲ့ စိန်မပါရင် ဘယ်လှမလဲ။

**မကြည်** ။ ။ ဒါကတော့ ဦးကြင်စွေ့ သဒ္ဒါလို့ပေးလဲ ယူရမှာပေါ့။

**ဦးကြင်စွေ့** ။ ။ ကျွန်တော်တို့ကတော့ ဝန်ကြီးမင်းကလိုရင် ဘာမဆို လုပ်ပေးရမှာဘဲ။ ဝန်ကြီးမင်းရဲ့ နောက်တော်ပါးက ပါရမီဖြည့်ပြီး အမြဲတမ်းလိုက်ပါ့မယ်လို့ကို အဓိဋ္ဌာန်ပြုထားပါတယ်။ ဝန်ကြီးကတော်။

**ဦးဘိုးလုံး** ။ ။ မကြည်ရေ....ဦးကြင်စွေ့တို့က အင်မတန်သဒ္ဒါတရား ကောင်းတယ်နော်။ အရင်တုန်းက တဘက်စကားကိုယုံပြီး ဦးကြင်စွေ့ကို အထင်လွဲခဲ့တယ်။ ( **အရက်ခွက်ကိုယူ၍မြှောက်ပြီး** ) ကဲ.... ဦးကြင်စွေ့ရေ....( **ဦးကြင်စွေ့နှင့်မကြည်တို့လည်းအရက်ခွက်တို့ကိုမြှောက်ကြသည်** )ကျွန်တော် အထင်လွဲခဲ့သမျှဝန်ချတောင်းပန်ပါတယ်။ **(အရက်ကိုအားလုံးသောက်ကြသည်)။**

**မကြည်** ။ ။ ကဲ....ဦးကြင်စွေ့က ဝန်ကြီးနဲ့တွေ့တုန်း ပြောစရာကိစ္စတွေ ဘာတွေရှိရင်ပြော။ မကြည်ရဲ့ အကိုကြီးက ပြည်ထဲရေးဝန်ကြီးဆိုတော့ ဝန်ကြီးတွေထဲမှာ တန်ခိုးအကြီးဆုံးဘဲ။ ဟုတ်တယ်မှုတ်လား အကိုကြီး။

**ဦးဘိုးလုံး** ။ ။ အစစ်ပေါ့။

**မကြည်** ။ ။ အဲဒီတော့ ဦးကြင်စွေ့ပြောစရာရှိတာ ပြောပါ။

**ဦးကြင်စွေ့** ။ ။ နေပါစေတော့ဝန်ကြီးကတော်ရယ်။ တော်တော်ကြာအခွင့်အရေးယူတယ်ဖြဖစ်နေပါအုံးမယ်။

**မကြည်** ။ ။ ဦးကြင်စွေ့က သိပ်ရိုးတယ်အကိုကြီးရဲ့။ အကိုကြီးကလည်း နဲနဲပါးပါးပြောအုံးမှပေါ့။ ကိုယ့်အပေါ်မှာ ဒါလောက်ကောင်းထားတာ။

**ဦးဘိုးလုံး** ။ ။ ဦးကြင်စွေ့ပြောသာပြောပါအားမနာပါနဲ့။ ဝန်ကြီးကိုယ်တိုင်ထလုပ်ရတာ မဟုတ်ပါဘူး။ ဟောဒီကတယ်လီဖုန်းနဲ့ အတွင်းဝန်ကို အမိန့်ပေးလိုက်ရုံဘဲ။

**မကြည်** ။ ။ ကဲ....ဦးကြင်စွေ့။ ဝန်ကြီးလုပ်တဲ့လူက ဒီလောက်အထိခွင့်ပေးထားတာ၊ ပြောရောပေါ့။

**ဦးကြင်စွေ့** ။ ။ ကျွန်တော့်ကိစ္စကတော့ သိပ်မကြီးကျယ်ပါဘူး၊ ဝန်ကြီးမင်းတို့က တနိုင်ငံလုံးရဲ့ ကိစ္စကြီးတွေနဲ့ ခေါင်းရှုပ်နေရတာ။ ဒီတော့ကျွန်တော့်ကိစ္စအသေးအဖွဲကလေးနဲ့အပိုသက်သက်ခေါင်းရှုပ်မခံစေချင်ဘူး။ ( **ဦးဘိုးလုံးသည်အရက်ခွက်ကိုကုန်း၍အယူလိုက်တွင် ဦးကြင်စွေ့သည်**

www.burmeseclassic.com

မကြည်ကိုမျက်စိ မှိတ်ပြလိုက်သည် )။ တော်ပါပြီ.... ဝန်ကြီးကတော်ရယ်။ မပြောတော့ပါဘူး။ ဝန်ကြီးခေါင်းရှုပ်မခံ စေချင်ပါဘူး။

**မကြည်** ။ ။ အို....ဦးကြင်စွေ့ကလဲ။ အကိုကြီးရေ....ဦးကြင်စွေ့လို အားနာတတ်တဲ့ လူမျိုးတော့ မကြည်တခါမှ မတွေ့ဘူး ဘူး။ ဒီမှာဦးကြင်စွေ့။ ဦးကြင်စွေ့တို့လိုကိစ္စကလေးတွေက အလကားဟာကလေးတွေ။ အင်မတန်ကြီးကျယ်တဲ့ကိစ္စတွေတောင်ဝန်ကြီးက ကိုယ်တိုင်လုပ်တာ မဟုတ်ဘူး။ ဒီတယ်လီဖုန်းနဲ့ အတွင်းဝန်ကိုအမိန့်ပေးတာ။ ဟုတ်တယ်မှုတ်လား အကိုကြီး။

**ဦးဘိုးလုံး** ။ ။ အစစ်ပေါ့။

**မကြည်** ။ ။ အဲဒီတော့ ဘာမှအားနာနေစရာ မရှိဘူး။ ပြောသာပြောပါ ဦးကြင်စွေ့။

**ဦးကြင်စွေ့** ။ ။ **(ကြမ်းပြင်ကိုကြည့်လျက်)** ကျွန်တော့်မှာ သူငယ်ချင်းတယောက်ရှိတယ်။ ညီအကိုလိုဘဲ ခင်တယ်။ သူ့အဖေနဲ့ ကျွန်တော့်အဖေဟာ ပြည်ကြီးက ဗမာပြည်ကို အတူတူရာက်တာဘဲ။ သူတို့ကမန္တလေးမှာစီးပွားဖြစ်တယ်။ စီးပွားဖြစ်တာမှ အတော်ကြီးကိုစီးပွားဖြစ်တယ်။ ဒီလိုစီးပွားဖြစ်တော့ ပုလိပ်က လည်း ငွေရပေါက်ကြီးလိုသဘောထားပြီး ခဏခဏငွေတောင်းတယ်။ အစတုန်းကတော့ ကျွန်တော့် သူငယ်ချင်းကလည်းပေးပါသေးရဲ့။ နောက်တော့များလွန်းလာလို့မပေးတော့ဘူး။ ဒီလိုမပေးတာနဲ့ ပြည်နှင်ဒဏ်ပေးဖို့ပုလိပ်ကအထက်ကိုအစီရင်ခံတယ်။ အဲဒါဝန်ကြီးမင်းဆီကို ရောက်လာမှာပါဘဲ။

**ဦးဘိုးလုံး** ။ ။ **(ဦးကြင်စွေ့ကို မတွေးတတ်သောမျက်နှာထားဖြင့်စိုက်ကြည့်ပြီး)** မန္တလေးက ကွာစိဆိုတာလား။

**ဦးကြင်စွေ့** ။ ။ ဟုတ်ပါတယ်။

**ဦးဘိုးလုံး** ။ ။ မနေ့ကဘဲ ကျုပ်အမိန့်ချလိုက်ပြီးပြီ။

**ဦးကြင်စွေ့** ။ ။ အောက်ကအမိန့်ကိုဖျက်လိုက်သလား။

**ဦးဘိုးလုံး** ။ ။ မဟုတ်ဘူး။ ဒီအကောင့်ကို မြန်မြန်ပြည်နှင်ဒဏ်ပို့လို့ အမိန့်ချလိုက်တယ်။

**မကြည်** ။ ။ အကိုကြီးက လုပ်ပြီ။ **(ဦးဘိုးလုံးသည်အရက်ဖန်ခွက်ကိုကုန်း၍အယူတွင် ဦးကြင်စွေ့သည် မကြည်ကို မျက်စပစ်ပြပြန်သည်။ မကြည်ကလည်းရှေးကကဲ့သို့ပင် ခေါင်းငြိမ့်သည်)။**

**ဦးဘိုးလုံး** ။ ။ **( အရက်အနည်းငယ်သောက်လျက် )** ခပ်စောစောကဘဲအတွင်းဝန်ကို ဒီကနေပြီး တယ်လီဖုန်းနဲ့ အကိုကြီးအမိန့်ပေးတာ မကြည်ကြားမှာပေါ့။ အတွင်းဝန်ရဲ့လက်ထဲမှာတောင်အမှုတွဲမရှိတော့ဘူး။ အောက်ရောက်သွားပြီ။

**မကြည်** ။ ။ အကိုကြီးကလဲ.... အောက်မကလို့ အဝီစိဘဲ ရောက်ရောက် အကိုကြီးရုံးမှာ အကိုကြီးမိုလ်ဘဲ။ ငါးခြောက်ဟော့ဆိုရင် ဖုတ်ပြီးသားတောင် မဟုတ်ဘူး။ ဆီဆမ်းပြီးသား ဖြစ်ရတယ် မဟုတ်လား။ ပြည်ထဲရေးဝန်ကြီးဆိုတာ အတွင်းဝန်တွေရဲ့အောက်က ချွတ်ကရားကလေးမှမဟုတ်ဘဲ။ ဒီလောက် တော့ တန်ခိုးရှိရမှာပေါ့။

**ဦးဘိုးလုံး** ။ ။ ဒီအမှုကို ဒီအခြေရောက်မှ သွားလုပ်လိုက်ရင် ဝန်ကြီးချုပ်သိပ်ပြီးဒေါပွလိမ့်မယ်ထင်တယ်။

**မကြည်** ။ ။ အကိုကြီးကလဲ ယုံတမ်းစကားတွေကို ပြောမနေစမ်းပါနဲ့။ ဝန်ကြီးချုပ်ဟာကိုကြီးပြီးရင်ပြီးရတာဘဲ မဟုတ်ဘူးလား။ ( **ဦးဘိုးလုံးသည် ဘာမှပြန်မပြော၊ ရှေ့တည့်တည့်ကို စိုက်ကြည့်၍ သက်မချ လိုက်သည်။ ၎င်းနောက်အရက်ခွက်ကိုကုန်း၍ယူပြန်သည်၊ ဦးကြင်စွေ့လည်းမကြည်ကိုမျက်စပစ် ပြ၍ မကြည်ကလည်းခေါင်းငြိမ့်လိုက်ပြန်သည်)။**

www.burmeseclassic.com

ကဲပါ....အကိုကြီးရယ်။ တကတဲမှဘဲ။ ဒီကနေ့ အကိုကြီးနဲ့အားရပါးရချစ်လိုက်မယ်ဆိုမှဘဲ။ ဒီဘာမဟုတ်တဲ့ကိစ္စတွေနဲ့အချိန်ကုန်သွားပါအုံးမယ်။ သိပ်စဉ်းစားမနေပါနဲ့အကိုကြီးရယ်။ **(ဦးဘိုးလုံးသည် ဖန်ခွက်ထဲကအရက်အားလုံးကို သောက်ချ လိုက်သည်)။**

**ဦးဘိုးလုံး** ။ ။ မကြည်ရေ၊ ထပ်ထည့်ပါအုံးကွာ။ အာတွေသိပ်ခြောက်တယ်။ **(မကြည်သည်အရက်ထပ်ထည့်ပေး သည် )။**

**မကြည်** ။ ။ **( ထပြီးဦးဘိုးလုံး၏လက်ကိုဆွဲလျက် )** လာပါအကိုကြီးကိုယ့်လက်အောက်ကလူတွေဘဲ **( လက် ဟန် နှင့်ပြောသည်)။** အတွင်းဝန်ကို "ဟေ့....ဒါ-ဒါ-ဒါ- လုပ်လိုက်" လို့ အကိုကြီးကပြောလိုက် ရင် တခွန်းကနှစ်ခွန်း မပြောရပါဘူး။ လာပါအကိုကြီးရယ်။

**ဦးဘိုးလုံး** ။ ။ **( သက်မချ၍ )** နေပါအုံးမကြည်ရယ်၊ ဘယ်လိုလုပ်ရရင်ကောင်းမလဲလို့ကိုယ်စဉ်းစားနေပါတယ်။

**မကြည်** ။ ။ အောင်မလေး.... ပြည်ထဲရေးဝန်ကြီး လုပ်နေပြီး ဒီကိစ္စကလေးကို ဒီလောက်တောင် စဉ်းစားနေရ သလား။ အတွင်းဝန်သာ မကြည်ရဲ့မိတ်ဆွေဆိုရင် ဒီကိစ္စမျိုးဟာ နှစ်မိနစ်အတွင်း ပြီးသွားပြီ။

**ဦးဘိုးလုံး** ။ ။ စိတ်ကူးပြီးပါပြီ။ **( အရက်ခွက်ကို ကုန်းအယူလိုက်တွင် မကြည်သည်ဦးကြင်စွေ့ကိုခေါင်းငြိမ့်ပြ သည်။ ဦးဘိုးလုံးသည်ဖန်ခွက်ထဲက အရက်ကိုတဝက်လောက်သောက်ချလိုက်သည်)။** ရပါပြီကွ။ ဝန်ကြီးကြဲ ထရံ ဒုတ်ခနောင်း ဖြစ်ရမှာပေါ့မကြည်ရ။ **(ဦးဘိုးလုံးသည် အရက်ခွက်ကို စာပွဲခုံပေါ်**

**သို့ချလိုက်ပြီး၊ထသည်။မတ်တတ်ရပ်မိသည်နှင့်သက်မချလိုက်သည်။ ဦးဘိုးလုံးသည်တယ်လီဖုန်း ဆီသို့သွားသည်၊ မကြည်သည် ဦးဘိုးလုံး၏လက်မောင်းကို ဖက်ပြီးလိုက်သွားသည်။**

**နှစ်လမ်း မျက်စိမှိတ်ပြ )** လောက် လျှောက်သွားမိသည့်အခါ မကြည်သည် ဦးကြင်စွေ့ဘက်သို့ လှည့်ပြီး သည်။ ဦးကြင်စွေ့သည်ခေါင်းငြိမ့်ပြသည်၊ **( ဦးဘိုးလုံးသည် တယ်လီဖုန်းကိုကောက်ကိုင်၍** ဟလို....အတွင်းဝန်ရုံးကိုပေးပါ....ဟလို....ဒါ အတွင်းဝန်ရုံးလား။ ပြည်ထဲရေးအတွင်းဝန်ကိုပေးပါ။ **(ဦးဘိုးလုံးသည်**

**တယ်လီဖုန်းကိုကောက်၍ကိုင်သည်နှင့်တပြိုင်နက်မကြည်သည်ဦးကြင်စွေ့ဆီသို့ လာပြီး လျှင် ဦးကြင်စွေ့ကိုစင်ထောင့်နားဆီသို့မျက်ရိပ်ပြ၍ ခေါ်သွားသည်။ စင်ဒေါင့်နားတွင်**

**မကြည်ကဦးကြင်စွေ့အား** " ဘယ်လောက်လုပ်ယူရတယ်ဆိုတာ တွေ့ပြီမဟုတ်လား။ ဒါဘဲနော် ဉာဏ်ဖယားတွေတော့ လုပ်မလာနဲ့။ မိုးမီးလောင်သွားမယ် " **ဟု ပြောလိုက်ရာ**

**ဦးကြင်စွေ့က ဟု** "ဟာ....ဒီကောင်မလေးကလဲ၊ အရေးကြီးနေရတဲ့အထဲ....လုပ်ပြီ။ ငနဲကြီးနားမှာသွားနေပါ " **ပြန်၍ငေါက်လိုက်သည်။ မကြည်လည်းဦးဘိုးလုံးအနားသို့ပြန်သွားသည် )။**

**ဦးဘိုးလုံး** ။ ။ ဟလို....ပြည်ထဲရေး အတွင်းဝန်လား၊ ပြည်ထဲရေးဝန်ကြီး စကားပြောနေတယ်။ ဒီမှာ....မန္တလေးက ကွာစိအမှုဟာ ဘယ်ရုံးကိုရောက်သွားပလဲ။ သြော်....အဲဒါကို ခဏဆွဲထားလိုက်ပါအုံး။ ဒီလိုဖြစ်နေ တယ်။ အခုဘဲမန္တလေးကမြို့မိမြို့ဘတွေနဲ့မြို့မျက်နှာဖုံးတွေ ဝန်ကြီးဆီကိုလိုက်လာပြီး ဝိုင်းပြောနေ ကြတယ်။ ကွာစိဟာသူတော်ကောင်းဆိုဘဲ။ ဝန်ကြီးတို့ကြားတဲ့သတင်းတွေဟာ တဘက်သတ်မမှန် သတင်းတွေလို့ လူကြီးတွေက ပြောနေကြတယ်။ မန္တလေးမှာလဲ ဒီကိစ္စနဲ့ ပတ်သက်ပြီး လူထုက အတော်ကလေး မကျေမနပ် ဖြစ်နေကြတယ်လို့ကြားရတယ်။ ဒီတော့ဝန်ကြီးမနေ့ကချပေးလိုက်တဲ့ အမိန့်ကိုဖျက်ပစ်မှဖြစ်လိမ့်မယ်။ အင်း...အင်း...အင်း....ဟာ....ကိစ္စမရှိပါဘူး။ ဝန်ကြီးလုံးဝတာဝန်

www.burmeseclassic.com

ယူပါတယ်။ ( **သက်မချသည်** )။ ကိစ္စမရှိပါဘူး။ ဝန်ကြီးရဲ့ နှုတ်မိန့်အရ ဖျက်လိုက်တယ် ဆိုပြီး တော့သာ ဖျက်လိုက်ပါ။ ကောင်းပြီ။ သင့်ခ်ယူ။ ( **တယ်လီဖုန်းချလိုက်သည်** )။

မကြည် ။ ။ ( **လက်ခုပ်တီး၍သြဘာပေးလျှက်** ) ဟေး....ဒါမှဒို့အကိုကြီးကွ။

**(ဦးဘိုးလုံးနှင့်မကြည်တို့သည် ဆိုဖာရှိရာသို့ပြန်လာကြသည်။ မထိုင်သေးဘဲ မတ်တတ်ရပ်လျှက်ပင်ရှိသည်။ ဦးကြင်စွေ့လည်း မတ်တတ်ရပ်သည်။ ဦးဘိုးလုံးသည် အရက်ခွက်ကိုကုန်းကောက်ပြီး အားလုံးမော့ချလိုက်သည်)။**

ဦးဘိုးလုံး ။ ။ ခင်ဗျားကိုယ်တိုင် မနက်ဖြန်မန္တလေးကို လေယာဉ်ပျံနဲ့လိုက်သွား။ ဟိုမှာ ခင်ဗျားနဲ့ကွာစိ ပြောလို့ရမဲ့ လူကြီးလေးငါးယောက်ကိုကပ်။ ဗမာလူကြီးတွေဟာ သနားအောင်ပြောနိုင်ရင် သနားတတ်ပါတယ်။ ပြီးတော့မှ သူတို့ရဲ့အကူအညီနဲ့ ရနိုင်သလောက် လူကြီးတွေရဲ့ လက်မှတ်ကိုယူ။ ဒီကွာစိဟာ လူကောင်း၊ ဘာညာဆိုတဲ့ အသနားခံစာပေါ့ဗျာ။ အဲဒါရရင် ရန်ကုန်ကိုခေါ်လို့ရမယ့် လူကြီး ၄-၅ ယောက်ကိုဝန်ကြီးနဲ့လာတွေ့ဘို့ခေါ်ခဲ့။ ဝန်ကြီးတို့အထဲက ပေးသင့်ပေးထိုက်တဲ့လူအချို့လဲ ကြည့်လုပ်အုံး။ ပြီးတော့ဟိုက လက်အောက်ငယ်သားတွေလည်းကြည့်လုပ်လိုက်လေ။ ဒါတွေတော့ ခင်ဗျားနားလည်မယ် ထင်တယ်။ ကိုယ့်လူဒီလိုကိစ္စမျိုးမှာ အ- တ တ လုပ်လို့မရဘူး။ ဂျင်လို မွှတ်နေအောင်လည်ရတယ်။

ဦးကြင်စွေ့ ။ ။ ဟုတ်ကဲ့....။ ဝန်ကြီးမင်းရဲ့ သြဝါဒအတိုင်း ကျိုးစားပါ့မယ်။

မကြည် ။ ။ ကဲ....ဦးကြင်စွေ့ပြန်တော့။ ကိစ္စပြီးပြီ။ တကတဲ....ဒီကနေ့အကိုကြီးနဲ့ အားရပါးရချစ်ရမလားမှတ်တယ်။ သူတို့ကိစ္စတွေ ဝင်ဝင်ရှုပ်နေတယ်။

ဦးကြင်စွေ့ ။ ။ ဟုတ်ကဲ့....။ ဝန်ကြီးမင်း ကျွန်တော်ပြန်ပါအုံးမယ်။

ဦးဘိုးလုံး ။ ။ ကောင်းပြီ။ ( **ဦးကြင်စွေ့ထွက်မည်အလုပ်တွင်** ) သြော်....ခဏ။

မကြည် ။ ။ အကိုကြီးကလဲ....၊ လေသိပ်ရှည်တာဘဲ။

ဦးဘိုးလုံး ။ ။ လာပါ့မယ်....မကြည်ရဲ့။

မကြည် ။ ။ မကြည်ဝင်တော့မယ်။ ( **ဦးဘိုးလုံးသည်ခေါင်းငြိမ့်ပြလိုက်သည်။ မကြည်သည် အခန်းဘက်သို့ လျှောက်သွားသည်)**။

ဦးဘိုးလုံး ။ ။ ဒီမှာဦးကြင်စွေ့....

မကြည် ။ ။ ( **နှစ်လမ်းလောက်လျှောက်ပြီးပြန်လှည့်လျက်** )ဒီမှာ....ဦးကြင်စွေ့။( **လက်ညှိုးထောင်ပြလျက်** ) ဒါဘဲနော်....ခုန၊ ကျမပြောတာ....။

ဦးကြင်စွေ့ ။ ။ စိတ်ချပါ မမကြည်။ ( **ခေါင်းနှင့်ကိုယ်ကိုနှိမ့်ပြီး အလေးပြုလိုက်သည်။ မကြည်သည် အိပ်ခန်းထဲသို့ဝင်သွားသည်** )။( **ထိုအခိုက်တွင်အခန်းထဲသို့ယောကျ်ား ၄ ဦးနှင့်မိန်းမ ၃ ဦးဝင်လာကြသည်)**။

ဦးဘိုးလုံး ။ ။ ဟော....အတော်ဘဲ။ ထိုင်ကြ။ ( **ဦးကြင်စွေ့အနီးသို့ကပ်လျက်** ) စိတ်ချပါရစေနော် ဦးကြင်စွေ့။ မကြည်ရဲ့စိတ်မှာ အတော်ထိခိုက်နေတယ်။

ဦးကြင်စွေ့ ။ ။ ဟုတ်ကဲ့....။ စိတ်ချပါဝန်ကြီးမင်း။ ကျွန်တော့်ကိုခွင့်ပြုပါအုံး။ (**ဦးကြင်စွေ့ထွက်သွားသည်)**။

ဦးဘိုးလုံး ။ ။ ( **ရောက်လာကြသောဧည့်သည်များသို့** ) ကဲ....ထိုင်ကြ ထိုင်ကြ။ ( **ဦးဘိုးလုံးသည်စာပွဲခုံတွင် ကပ်ထားသောခလုတ်ကလေးကိုနှိပ်လိုက်သည်။ မင်းစေဝင်လာသည်**

www.burmeseclassic.com

)။ဟော့....ဒီပုလင်းနဲ့ဖန်ခွက် နှစ်ခု ငါ့အခန်းထဲပို့လိုက်ကွာ ဒီကလူကြီးတွေကို အသစ်ထုတ်ပေး ( မင်းစေသည် အရက်ပုလင်း နှင့်ဖန်ခွက် ၂ ခွက်ကိုယူ၍ ဦးဘိုးလုံး၏ အိပ်ခန်းထဲသို့ ဝင်သွားသည်)။

ဦးဘိုးလုံး ။ ။ ကိုင်း.... နေကြအုံးနော်။ ကျုပ်တော့ညောင်းပြီဗျာ။ အထဲမှာ ခဏ ဝင်လှဲလိုက် အုံးမယ်။ ( အခန်း ဘက်သို့ လှည့်သွားသည်)။

ဦးထွန်း ။ ။ အနိုပ်သည်ကြီးရောက်နေပြီထင်တယ်။

ဦးဘိုးလုံး ။ ။ ( လှည့်ကြည့်ပြီးပြုံးလျက် )တယ်နောက်တဲ့လူဘဲ။ ကိုယ့်ကုသိုလ်နဲ့ကိုယ်ဖြစ်တာ။ မနာလိုတိုရှည် မဖြစ်နဲ့ဆရာတို့။ ( ဦးဘိုးလုံးသည် " လာမယ် လာမယ်မကြည်ရဲ့လို့ တကယ်စောင့်တဲ့အချိန် မလွယ်ပေါက်နဲ့အိမ် " ဟု ခပ်ကျယ်ကျယ်ကလေး သီချင်းဆိုပြီး ၎င်းအလိုက် လေချွန်လျက် အခန်းတွင်းသို့ဝင်သွားသည်။ မင်းစေသည် အရက်ပုလင်း၊ ရေပုလင်းနှင့် ဖန်ခွက်များယူ၍ ဝင် လာသည်။ ဦးဆန်နီသည် အရက်ဖန်ခွက်များထဲသို့အရက်နှင့်ရေများထည့်၍ ဧည့်သည်များရှေ့ တွင် လိုက်ချလျှက်ရှိသည်)။

ဦးမုန်း ။ ။ (၎င်းရှေ့တွင် အရက်ဖန်ခွက်ချပေးသည်ကိုငြင်းလျက်) တခြားမှာပေး။ တခြားမှာပေး။

ဦးဆန်နီ ။ ။ ကဲ....လာကြဗျာ။ ကျုပ်တို့ဝိုင်းစရအောင်။ ( အရက်ဖန်ခွက်ကိုကိုင်ပြီးမတ်တတ်ရပ်သည်။ဦးမုန်း နှင့်ဦးထွန်းတို့ နှစ်ယောက်မှတပါး အားလုံးအရက်ဖန်ခွက်ကို ကိုင်ပြီးထကြသည် )။ ဦးမုန်းနဲ့ ဦးထွန်းကော ။

ဦးမုန်း ။ ။ တားမရရင်လဲ ခင်ဗျားတို့ဟာသာခင်ဗျားတို့ကစားကြဗျာ( ဦးဆန်နီကရှေ့ဆောင်လျက် ဦးကျော်ဆင့်၊ မသန်းတင်၊ မဇတင့်၊ မလေးတို့သည် ဖဲကစားရန်ခုံဆီသို့သွားကြသည်)။

ဦးဆန်နီ ။ ။ ဒီကနေ့ ကိုးမီးရိုက်ရအောင်။ ( စာပွဲခုံပေါ်ရှိဖဲကို ကုလားဖန်ထိုးသည်။ ကုလားဖန်ထိုးနေစဉ်ပင် " ကွန်မြူနစ်ကိုချရမယ် " " ကွန်မြူနစ်ကိုချရမယ် "ကိုဖဲသမားများဖဲကစားရင်းသီချင်းကလေး တအေးအေးနှင့်ဆိုနေကြအတိုင်း သံနေသံထားနှင့် ဆိုလျက်ရှိသည်)။

မသန်းတင် ။ ။ စိမ်လိုက်။ ( အရက်အနည်းငယ်သောက်သည် )။ ( ဖဲကစားကြသည်။ ဖဲကစားနေစဉ် " ကွန်မြူနစ်ကိုချရမယ် " ကိုဖဲသမားငါးဦးစလုံး ဖဲကစားရင်း ဖဲသမားများ သီချင်းဆိုနေကြ အတိုင်း တလှည့်စီ သီဆိုလျက်ရှိကြသည်။ အရက်ကိုလည်း အနည်းငယ်စီ သောက်လျက်ရှိကြသည်)။

ဦးမုန်း ။ ။ ဦးထွန်းရေ။ ခင်ဗျားရဲ့လူတွေကို ခဏလောက် လှမ်းကြည့်စမ်းပါအုံး။ ကွန်မြူနစ်ကိုကြောက်လိုက် တယ်ဆိုတာလည်းသူတို့အပြင်မရှိတော့ဘူး။ တကယ်တမ်းကြတော့သူတို့တတွေဟာဖဲဝိုင်း၊အရက် ဝိုင်းနဲ့၊ ဖါဝိုင်းမှာဘဲ ကွန်မြူနစ်တွေကို တိုက်နေကြတာဘဲ။ ဒီကွန်မြူနစ်ရန်ကတော့ မသေးဘူး။ ဒင်းတို့ကို ဒီလိုတိုက်လို့ မရဘူး။

ဦးထွန်း ။ ။ ဝါဒခြင်းဆိုရင်တော့ ဒီမိုကရေစီဝါဒကိုကွန်မြူနစ်ဝါဒကပြိုင်လို့မရပါဘူး။ ဒီမိုကရေစီကလူတွေကို လူ့ဂုဏ်သိက္ခာနဲ့အညီ နေရအောင် လုပ်ပေးတဲ့ဝါဒ။ ကွန်မြူနစ်ကတော့ လူတွေကို နဖားကြိုးထိုး ထားတဲ့ တိရိစ္ဆာန်တွေလိုနေရအောင် လုပ်ပေးတဲ့ဝါဒ။ အဲဒီတော့ ဝါဒခြင်းသာပြိုင်ရရင် ဒီမိုကရေစီ ကနိုင်မှာဘဲ။ လူထုရှေ့ချပြရင်လူထုအနေနဲ့ဒီမိုကရေစီကိုရွေးမှာအမှန်ဘဲ။ အဲဒါကြောင့်ဒီမိုကရေစီ ဝါဒကို ကွန်မြူနစ်ဝါဒက လွှမ်းမိုးသွားမှာ ကြောက်ဘို့မလိုပါဘူး။

www.burmeseclassic.com

**ဦးမုန်း** ။ ။ ဒါပေမယ့် ဒီမိုကရေစီဘက်ကခေါင်ဆောင်တွေသီလပျက်လာရင်တော့ကွန်မြူနစ်တွေတက်လာလိမ့်မယ်။ ဒီကွန်မြူနစ်ရန်ကတော့မသေးဘူး။

**ဦးထွန်း** ။ ။ ဟုတ်တယ်။ ဒီရန်အကြောင်းကို စဉ်းစားမိရင် ညတိုင်း ကောင်းကောင်းတောင် အိပ်လို့မပျော်ဘူး။ တကတဲဗျာ။ မိဘဆိုတာ ကျေးဇူးမတင်ရဘူးတဲ့။ သတ်ပစ်သင့်ရင်တောင် သတ်ပစ်ရမယ်တဲ့။ အဲဒီ တိရိစ္ဆာန်ဝါဒကြီး.... ကျွန်တော်တို့တိုင်းပြည်မှာ အမြစ်တွယ်မယ်ဆိုရင်တော့ ငါးပါးမကျ၊သံဃာစင် ကြီး ပါ မှောက်ကုန်တော့မှာဘဲ။

**ဦးမုန်း** ။ ။ ဒီလို သံဃာစင်ကြီးပါ၊ မမှောက်စေချင်ရင်တော့ အာဏာရ ခေါင်းဆောင်တွေ သီလရှိရ လိမ့်မယ်။ အာဏာရခေါင်းဆောင်တွေ သီလပျက်လာတဲ့အခါ ပြည်သူလူထုဟာ စိတ်ပျက်ပျက်နဲ့ ကွန်မြူနစ် တွေရဲ့ လက်ထဲကို အာဏာထိုးအပ်လိုက်မဲ့ဘေးအန္တရာယ်ဟာ အင်မတန်ကြီးတယ်။

**ဦးထွန်း** ။ ။ ကွန်မြူနစ်တွေလဲ သီလရှိတဲ့သူတွေတော့ မဟုတ်ဘူးဦးမုန်း။

**ဦးမုန်း** ။ ။ မှန်ပါတယ်။ ဒါပေမယ့် လူထုဆိုတာ အင်မတန်ကြီးစိတ်ပျက်လာရင် သိပ်ပြီးစဉ်းစားနေတာမဟုတ် ဘူး၊ နောက်မှာဘဲ နဖားကြိုး ထိုးခံထားရတဲ့ဘဝမှာ တသက်လုံးနေရနေရ စိတ်အပျက်ကြီးပျက်လာ ရင် အရွဲ့တိုက်ပစ် တတ်တယ်။ ဒါတင်မကသေးဘူး။ ဒီကွန်မြူနစ်တွေဟာ အာဏာမဲ့ နေတဲ့အခါ ဒီမိုကရေစီတို့၊ လောကနိဗ္ဗာန်တို့ ဆိုတာတွေသုံးပြီးမစားရဝခမန်းဝါဒအဖြန့်ကောင်းတယ်။လူတွေ မကျေမနပ်ဖြစ်လာအောင် လှုံ့ဆော်တဲ့နေရာမှာလဲအင်မတန်ကျွမ်းကျင်တယ်၊ အဲဒီမကျေနပ်မှုတွေကို အခွင့်ကောင်းယူပြီးလူတွေကိုစည်းရုံးနိုင်တဲ့ နည်းပရိယာယ်တွေလဲ အင်မတန်များတယ်။ အဲဒီတော့ သီလပျက်နေတဲ့အာဏာရခေါင်းဆောင်တွေကိုစိတ်အပျက်ကြီးပျက်နေတဲ့ပြည်သူလူထုဟာဒီကွန်မြူ နစ် တွေရဲ့ထောင်ချောက်ထဲကို ဝင်သွားမှာ အင်မတန်စိုးရတယ်။ မှတ်ထားပါ ဦးထွန်း။ ကိုယ်ကျင့် တရား မရှိတဲ့လူတွေဟာ၊ကွန်မြူနစ်တွေ အာဏာတက်ပြီးသိမ်းနိုင်အောင် လမ်းဖွင့်ပေးတဲ့အလုပ်ကို သာလုပ်နိုင်မယ်။ ဒီကွန်မြူနစ်တွေကို ဘယ်တော့မှနိုင်အောင်မတိုက်နိုင်ပါဘူး ။

**ဦးထွန်း** ။ ။ ကွန်မြူနစ်ကို နိုင်အောင်တိုက်ဘို့ မဟုတ်သည့်တိုင်အောင်၊ ကိုယ့်ကိုကြည်ညိုပြီး လိုက်နေကြတဲ့ ငယ်သားတွေရဲ့ အကြည်ညိုကို ခံနိုင်ဘို့အတွက် နိုင်ငံရေး ခေါင်းဆောင်ဟာ ကိုယ်ကျင့်တရား ကောင်းရမယ်ဆိုတာတော့ ကျွန်တော်ယုံကြည်ပါတယ်။

**ဦးမုန်း** ။ ။ ကိုင်း ခင်ဗျားတို့သာ ဆက်ပြီးကစားနေကြတော့။ ကျုပ်တို့တော့သွားတော့မယ်။ ( **ထွက်သွားကြသည်** )။

**ဦးဆန်နီ** ။ ။ ( **ဖဲကစားမြဲကစားလျက်** ) ဒီလူတွေကလူရှော်တွေဘဲ။ နိုင်ငံရေးဆိုတာလူစုံပါတယ်မဟုတ်လား။ ဘာသာရေး သွင်းလာလို့ ဘာရမလဲ။ အားလုံး ပျက်ကုန်မှာပေါ့။ ( **ဤသို့ ဖဲကစားရင်း စကား တပြောပြောနှင့်ရှိစဉ် မင်းစေဝင်လာသည်**)။

**မင်းစေ** ။ ။ (**ပျာယီးပျာယာနှင့်ဝင်လာ၍**) အကိုကြီး....အကိုကြီး ဟိုမှာလာနေပြီ။

**မသန်းတင်** ။ ။ ဟဲ့အကောင်....အလန့်တကြား။ ဘာလဲ....ဘယ်သူလာနေလို့လဲ။

**မင်းစေ** ။ ။ အမ်မလေး....ဝန်ကြီးကတော်ဗျ၊ ဝန်ကြီးကတော်ဒေါ်ခင်သိုက်ဗျ။

**ဦးဆန်နီ** ။ ။ ဟဲ....ဒေါ်ခင်သိုက်ကြီးလား။ ဟိုက်....ဒုက္ခပဲဟေ့။

**ဒေါ်ခင်သိုက်** ။ ။ (**ဝင်လာ၍ ခပ်ဆတ်ဆတ်**) ဝန်ကြီးဦးဘိုးလုံးဘယ်သွားသလဲ။

**ဦးဆန်နီ** ။ ။ သြော်....အမကြီးပါလား။ ကြွပါ။ ကြွပါ။ ထိုင်ပါ။ ထိုင်ပါ။

www.burmeseclassic.com

**ဒေါ်ခင်သိုက်** ။ ။ ( **မျက်နှာကိုခပ်တင်းတင်းနှင့်** ) သူဘယ်သွားသလဲ။ အလီမူလာထဲက ဖါသယ်မမိကြည်ဆိုတဲ့ ကောင်မဘယ်မှာလဲ။

**ဦးဆန်နီ** ။ ။ ထိုင်ပါအုံးလေ။ ခဏထိုင်ပါအုံး။

**ဒေါ်ခင်သိုက်** ။ ။ ( **ခပ်ဆတ်ဆတ်ဒေါသနှင့်** ) သူဘယ်သွားသလဲ....။ကျုပ်ဗမာစကားပြောနေတယ်။ရှင်နားမလည်ဘူးလား။ ( **ဦးဆန်နီမှတပါးအားလုံးလစ်ထွက်သွားကြသည်** )။

**ဦးဆန်နီ** ။ ။ နားလည်ပါတယ်။ ဝန်ကြီးရှိပါတယ်။

**ဒေါ်ခင်သိုက်** ။ ။ ရှိတာတော့ဟုတ်ပြီ။ ဘယ်မှာလဲ။ အလီမူလာထဲက ဖါသယ်မမိကြည်ဆိုတာ ဘယ်မှာလဲ။

**ဦးဆန်နီ** ။ ။ အား...။ ဟို...ဟိုဒင်းလေ။ အမကြီး...အိုက်စလင်ဆိုတဲ့ နိုင်ငံသိတယ်မဟုတ်ဘူးလား။

**ဒေါ်ခင်သိုက်** ။ ။ ကျုပ်မသိပေါင်။ ဒါဘာဖြစ်သလဲ။

**ဦးဆန်နီ** ။ ။ အဲဒီအိုက်စလင်ကသံအမတ်ကြီးနဲ့ ( **အခန်းကိုလက်ညှိုးထိုးပြလျက်** )ဟိုအခန်းထဲမှာ အင်မတန်မှ အရေးကြီးတဲ့ကိစ္စကို ဆွေးနွေးနေပါတယ်။

**ဒေါ်ခင်သိုက်** ။ ။ ဒါအိပ်ခန်းမှတ်လား။ ဆွေးနွေးစရာ ရှားရှားပါးပါးလားတော်။ သံအမတ်နဲ့အိပ်ရာထဲမှာမှ ဆွေးနွေးရသလားတော်။ ကျုပ်ကိုမလိမ်ပါနဲ့။ ဒီအရပ်ထဲက ခတ်သိတယောက် တယ်လီဖုန်းဆက်လိုက်လို့ ကျုပ်လာတာ။

**ဦးဆန်နီ** ။ ။ ကျွန်တော် မလိမ်ပါဘူး။ ကျွန်တော် ရှင်းပြပါရစေ။ ဒီလိုပါ အမကြီး။ လျှို့ဝှက်တဲ့ ကိစ္စတခုကို ကျွန်တော် ပြောမယ်။ ဘယ်သူ့မှမပြောနဲ့နော်။ ထိုင်ပါအုံး။ ( **ဒေါ်ခင်သိုက်သည်ဆိုဖာပေါ်တွင် ထိုင်သည်။ ဦးဆန်နီမှာမူကား ဒေါ်ခင်သိုက်နှင့် မျက်နှာချင်းဆိုင် မတ်တတ်ရပ်လျက်ရှိသည်**)။ အမကြီး ....ဘယ်သူ့မှ မပြောနဲ့နော်။

**ဒေါ်ခင်သိုက်** ။ ။ ကျုပ်တို့ရွာရိုးလျှောက်ပြီး ပြောနေတဲ့မိန်းမစားမျိုးမဟုတ်ဘူး။

**ဦးဆန်နီ** ။ ။ စိတ်မဆိုးပါနဲ့ အမကြီးရယ်။ ( **နောက်လှည့်ကြည့်ပြီး** ) ဒီကျော်ဆင့်နဲ့ မိသန်းတင်တို့ဟာ တော်တော်အားကိုးရတဲ့ ဟာတွေဘဲ ( **ဒေါ်ခင်သိုက်ဘက်သို့ ပြန်လှည့်လျက်** ) ဒီလိုအမကြီးရဲ့။ အဲဒီအိုက်စလင်ကသမ္မတကြီးဟာ မြန်မာနိုင်ငံကို အလည်လာလိမ့်မယ်။ ဒီသမ္မတကြီးဟာ အင်မတန်မှ အရေးကြီးတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တဲ့အတွက် သူ့လုံခြုံရေးကိုအထူးလုပ်ပေးရမယ်။ အဲဒါကြောင့် အခန်းထဲမှာ သံအမတ်ကြီးနဲ့ ထိပ်တန်း လျှို့ဝှက်ပြီးဆွေးနွေးနေရတယ်။

**ဒေါ်ခင်သိုက်** ။ ။ ဒါကလေးပြောလိုက်ပြီးရော၊ ဘယ်သူ့မှ မပြောနဲ့လေးဘာလေးနဲ့ ဗာရာဏသီချဲ့နေရသေးတယ်။ **(ဒေါ်ခင်သိုက်သည် စားပွဲပေါ်၌ မကြည်၏နားကပ်ကလေးကိုမြင်သည်)**။

**ဒေါ်ခင်သိုက်** ။ ။ ဒါကဘယ်ကဟာလဲ။

**ဦးဆန်နီ** ။ ။ သြော်...ဒါကသံအမတ်ကြီး ယူလာတာလေ။ အိုက်စလင်ကသမ္မတကြီး လာရင် အမကြီးအတွက် နားကပ်တရံယူလာချင်တယ်တဲ့။ အဲဒီတော့ဒီပုံမျိုးကိုအမကြီးကြိုက်သလားလို့ နမူနာပြဘို့အတွက် သံအမတ်ကြီးယူလာတာလေ။

**ဒေါ်ခင်သိုက်** ။ ။ ( **နားကပ်ကိုသေသေချာချာကြည့်ပြီး** ) အိုက်စလင်ကနားကပ်ကဗမာပန်းတိမ်တွေလုပ်တဲ့နားကပ် နဲ့ အတူတူပါဘဲလား။

**ဦးဆန်နီ** ။ ။ အဲဒီအံ့သြစရာကို အမကြီးပြောရအုံးမယ်။ မဏိစီရီမြင်းကြီးဟာ ဖေါင်စကြာနဲ့ လှည့်တုန်းက အဲဒီအိုက်စလင်ဆိုတာကိုရောက်သွားတယ်။ မဏိစီရီမြင်းကြီးနဲ့ပါသွားတဲ့ဗမာတွေ တော်တော်များများ

www.burmeseclassic.com

ဟာအိုက်စလင်မတွေနဲ့ညားပြီး အိုက်စလင်မှာနေရစ်ခဲ့တယ်။ ဒီအထဲမှာလဲ ပန်းတိမ်တွေပါသွားတယ်။ အခုဒီနမူနာနားကပ် လုပ်လိုက်တဲ့ပန်းတိမ်ဟာ အဲဒီကအဆက်တွေပေါ့။

**ဒေါ်ခင်သိုက်** ။ ။ ( **အနည်းငယ်လေပျော့လာ၍** ) အံ့ဩစရာဘဲနော်။ ဒါကြောင့်လဲ အိုက်စလင်မှာလုပ်တယ်သာဆိုတယ်။ ဗမာ့လက်ရာနဲ့တထေရာထဲတူတာကိုး။

**ဦးဆန်နီ** ။ ။ အမကြီး....ဒီလက်ရာကိုကြိုက်သလား။ ဝန်ကြီးက သံအမတ်ကြီးကို စကားပြန်ရမယ်။

**ဒေါ်ခင်သိုက်** ။ ။ ( **ပြုံးလျက်** ) ကျမက အခုလိုခပ်ရိုးရိုးဘဲကြိုက်တယ်။ ဆန်းဆန်းတွေမကြိုက်ဘူး။

**ဦးဆန်နီ** ။ ။ အမကြီးရဲ့ ဆန္ဒဟာ အင်မတန်ရိုးသားတဲ့ နှလုံးသည်းပွတ်ကြားထဲကထွက်လာတဲ့ဆန္ဒဘဲ။ ဝန်ကြီးကတော်မှသာမန်ဝန်ကြီးကတော်တောင်မဟုတ်ဘူး။ ပြည်ထဲရေးဝန်ကြီးကတော်ဖြစ်ပြီး အခုလိုရိုးရိုးသားသားကိုမှကြိုက်တယ်။ ဆန်းဆန်းပြားပြားကိုမကြိုက်ဘူးဆိုတာ အင်မတန်ချီးကျူးစရာ ဂုဏ်အင်္ဂါတစ်ရပ်ပေါ့။ ကျွန်တော်တော့အများကြီးဘဲ ချီးကျူးပါတယ်အမကြီးရယ်။

**ဒေါ်ခင်သိုက်** ။ ။ ( **တင်းမာမှုမှာအတော်ကလေးလျော့လာပြီး** ) ထိုင်ပါလားရှင်။

**ဦးဆန်နီ** ။ ။ နေပါစေအမကြီး။ ကျွန်တော်မထိုင်ပါဘူး။ ဝန်ကြီးကတော်အနေနဲ့ရော အင်မတန်သိက္ခာရှိတဲ့အမျိုးသမီးကြီးအနေနဲ့ရော ကျွန်တော်ရိုသေပါတယ်။ မထိုင်ပါဘူး။

**ဒေါ်ခင်သိုက်** ။ ။ ( **အတော်ကျေနပ်လျက်** ) ထိုင်ပါ၊ ထိုင်ပါ ကိစ္စမရှိပါဘူး။

**ဦးဆန်နီ** ။ ။ ကျွန်တော်မထိုင်ပါဘူး။ ဒီမှာအမကြီး တခြားကိစ္စရှိရင် နဲနဲပါးပါးသွားလိုက်ပါအုံးလား။ ဝန်ကြီးနဲ့သံအမတ်ကြီးရဲ့ အိပ်ခန်းဆွေးနွေးပွဲက တော်တော်ကြာလိမ့်မယ်ထင်တယ်။ အသေးစိပ်ဆွေးနွေးစရာတွေပါတယ်။

**ဒေါ်ခင်သိုက်** ။ ။ တခြားဘာမှ လုပ်စရာမရှိပါဘူး။ ဒီမှာဘဲထိုင်စောင့်နေပါ့မယ်။ ( **ဦးဘိုးလုံးမကြည်တို့၏အိပ်ခန်း**

**တံခါးဖွင့်သံကြားရသဖြင့်ဒေါ်ခင်သိုက်နှင့်ဦးဆန်နီတို့လှည့်ကြည့်သည်။ ဦးဘိုးလုံးသည် မကြည်၏ ပုခုံးကိုဖက်လျှက် မကြည်က ဦးဘိုးလုံး၏ခါးကိုဖက်လျှက် ခပ်ယိုင်ယိုင်ထွက်လာကြသည်။ ဒေါ်ခင်သိုက်မြင်ရသည်ကို မယုံနိုင်သောမျက်နှာနှင့်ကြည့်နေသည်။ ဦးဆန်နီမှာကားမျက်လုံးပြူး ၍ လစ်ပြေးရန် ဟန်ပြင်လျက်ရှိသည်။ ဒေါ်ခင်သိုက်သည် ဦးဆန်နီကိုကြည့်၍** )။ အိုက်စလင် သံအမတ်ဆိုတာ ဒီသံအမတ်ကိုး ( **မတ်တတ်ရပ်၍** ) ဟဲ့ ရွှေလုံး။ ( **ဦးဆန်နီလည်းအမူးပြေပြီး မျက်လုံးများကျယ်လာသည်။ မကြည်လည်းဦးဘိုးလုံးခါးကိုလက်ကိုရုတ်ပြီး အိပ်ခန်းထဲသို့ ပြန် ဝင်ပြေးလေသည်။ ဒေါ်ခင်သိုက်သည်ထမီကိုတိုတိုပြင်ဝတ်လျှက် မကြည်နောက်သို့လိုက်ရင်း** ) ဟဲ့ကောင်မ၊ ဘယ်ပြေးသလဲ လာခဲ့၊ အခုလာခဲ့။ ( **ဦးဘိုးလုံးသည် ဒေါ်ခင်သိုက်အိပ်ခန်းတွင်းသို့ လိုက်မဝင်နိုင်အောင်အခန်းဝမှနေပြီး လက်နှစ်ဘက်တန်း၍ကာလျက်ရှိသည်။ ဒေါ်ခင်သိုက်သည် မကြည်ကိုမဲပြီး** ) ဖယ်စမ်း။ ဖယ်စမ်း။ ဒီစောက်ကမြင်းမ ။ ဘိုင်းတာမ၊ လင်ခိုးမ၊ ဘယ်မလဲဒီကောင်မ။ ( **ဒေါ်ခင်သိုက်သည် ဦးဘိုးလုံးကိုအတင်းတွန်းဖယ်လျက်ရှိသည်** )။

**ဦးဘိုးလုံး** ။ ။ မသိုက်ရာ၊တောင်းပန်ပါရစေကွာ။ လုပ်ခြင်းလုပ်မကြည်ကလေးတော့မလုပ်ပါနဲ့ကွာ။ ဒါဟာ ရွှေလုံးရဲ့အပြစ်တွေချည်းပါဘဲ။ အဲဒီတော့လုပ်ခြင်းလုပ် ရွှေလုံးကိုဘဲလုပ်ပါကွာ။

www.burmeseclassic.com

ဒေါ်ခင်သိုက် ။ ။ ( ဒေါသပိုထွက်လျက် ) အမ်မာနင်ကဒီလိုတောင်ဖြစ်နေသလား။ နင်ကဒီလောက်ဖြစ်နေရင်လုပ်တယ်ဟယ်။ ( **ဦးဘိုးလုံး၏ဘယ်ဘက်ပါးကို တချက်လှမ်းရိုက်လိုက်သည်** )။

ဦးဘိုးလုံး ။ ။ မကြည်တော့မထိပါနဲ့၊ မင်းဒေါသမပြေရင်လည်း ငါ့ကိုထပ်ရိုက်ပါကွာ။

ဒေါ်ခင်သိုက် ။ ။ ( ဒေါသပိုထွက်လာလျက် ) ရိုက်တယ်ဟယ်။ ( **ညာဘက်ပါးကိုဘယ်လက်နှင့်တချက်ထပ်ရိုက် ပြန်သည်။ ဦးဘိုးလုံးသည်ရိုက်ပါကွာဆိုပြီးနှစ်ကြိမ်နောက်ထပ်တိုးပေးသည်၊ ဒေါ်ခင်သိုက်လည်း နောက်ထပ်၍ ဘယ်ပြန်ညာပြန်ရိုက်ပြန်သည်** )။

ဦးဘိုးလုံး ။ ။ ဟော့....တော်တော့ကွာ မသိုက်....နာတယ်။ ဝန်ကြီးဆိုတာ ဒီလိုစော်ကားရတာမဟုတ်ဘူး မင်းဟာဝန်ကြီးကတော်လုပ်နေပြီး ဘာမှအပါးမဝဘူး။

ဒေါ်ခင်သိုက် ။ ။ ဝန်ကီးဟာ ဝန်ကြီးလိုနေရင် ဘယ်လိုဆက်ဆံရမယ်ဆိုတာကျုပ်သိတယ်။ ရှင်အိန္ဒြေနေလို့မှ ကျုပ်ကမရိုသေရင်ကျုပ်အဆိုးပေါ့၊ အခုရှင်လုပ်နေတာကတဘက်သားရိုသေစရာတကွက်လောက်တောင်ရှိသေးရဲ့လား။

ဦးဘိုးလုံး ။ ။ မသိုက်၊ မင်းဒီစကားမျိုးမပြောပါနဲ့ကွ။ မင်းဟာငါ့ကြောင့်ဝန်ကြီးကတော်ဖြစ်လာပြီး ဂုဏ်တွေဒြပ်တွေရှိလာတယ်မဟုတ်ဘူးလား။ စိန်နားကပ်ရောင်ကြောင့်ပါးပြောင်ရတဲ့မိန်းမကကွယ်။ ဝန်ကြီးကိုပါးရိုက်တယ်တဲ့၊ ထို့ အသဲ....နာတယ်ကွာ။ ( **ပါးနှစ်ဘက်ကိုတလှည့်စီပွတ်လျက်ရှိသည်** )။

ဒေါ်ခင်သိုက် ။ ။ အောင်မာငရွှေလုံး၊ နင်ကအခုမှရာဇဂုဏ်တော်မောက်ပြရတာလဲ၊အစကလွယ်အိတ်ကလေးပုခုံးချိတ်ပြီးရွာရိုးလျှောက်နေရတဲ့ ခွေးဝင်စားဘဝကို နင်မေ့ပြီလား။ နင်ခွေးဝင်စားဘဝက ဘယ်သူကယ်ခဲ့ရတယ်ဆိုတာရော နင်မေ့ပလား....ဟင်....ငရွှေလုံး။

ဦးဘိုးလုံး ။ ။ မသိုက်ရေ တော်တော့ကွာ။ ဒူးနေရာဒူးတော်နေရာတော်ဆိုတာရှိတယ်။ ဟောဒီငရွှေလုံးဟာပြည်ထဲရေးဝန်ကြီးဖြစ်နေပြီဆိုတာ ကလေးများကိုလည်း သတိရှိအုံးမှပေါ့။

ဒေါ်ခင်သိုက် ။ ။ ရှင်ကောင်းကောင်းနေရင်၊ ရှင့်ကိုကျမရိုသေမှာဘဲ။

ဦးဘိုးလုံး ။ ။ ဝန်ကြီးဖြစ်လာရင် ဒီလိုဟာကလေးတွေတော့နဲနဲပါးပါးရှိရမှာဘဲမသိုက် တယောက်ဆိုတာအမှန်စင်စစ်ပြည်ထဲရေးလို ဝန်ကြီးအတွက်နဲတောင်နဲသေးတာဘဲ။

ဒေါ်ခင်သိုက် ။ ။ ဟင်....ငရွှေလုံး။ နင်တသက်လုံးမလုပ်ခဲ့ဘူးတာတွေ ဝန်ကြီးဖြစ်မှအရူးအမဲသားစားမိသလိုဇိမ်တွေ့နေတာပေါ့လေ။အမယ်လေး ကိုရွှေအဝန်ကြီးကတယောက်တောင်နဲသေးသတဲ့ရှင့်....။ ဒီမှာငရွှေလုံးတယောက်ထဲရှိလို့ လေးငါးချက်ထဲ ရိုက်တာ။ နှစ်ယောက်ဆိုရင် ပါးရှစ်စိတ်ကွဲသွားမယ်မှတ်။ ခင်သိုက်နော်။ တသိုက်ထဲရှိတယ်။

ဦးဘိုးလုံး ။ ။ ကဲ-လာပါအုံးမသိုက်ရယ်။မင်းကိုငါအကျိုးနဲ့အကြောင်းနဲ့ရှင်းပြပါမယ်။ ဆုံးအောင်နားထောင်စမ်းပါအုံး။ ငါပြောလို့ဆုံးတော့မှ မင်းမကျေနပ်ရင် မင်းသဘောအတိုင်းပေါ့။ လာပါအုံးကွယ်။ ဆိုဖာပေါ်ထိုင်ပါအုံး။ ( **ဦးဘိုးလုံးသည်ဒေါ်ခင်သိုက်ကိုဆွဲခေါ်လာသည်။ ဒေါ်ခင်သိုက်မှာလည်း သုန် သုန်မှုန်မှုန်နှင့် လိုက်လာသည်။ ဆိုဖါပေါ်မှာထိုင်ကြသည်။ ဒေါ်ခင်သိုက်သည်စာပွဲပေါ်တွင်တင် ထားသောနားကပ်ကိုမြင်သည်** )။

ဒေါ်ခင်သိုက် ။ ။ ဒါကဘာလဲ။ ဟိုကောင်မအတွက်ရှင်ဝယ်ပေးတဲ့နားကပ်ပေါ့။

ဦးဘိုးလုံး ။ ။ မဟုတ်ရပါဘူးကွယ်။ ဘုရားပေးပေး၊ကျမ်းပေးပေး။ ပေးချင်တာနဲ့ပေးပြီးစစ်ပါ။ ငါအစစ်ခံပါ့မယ်။

www.burmeseclassic.com

**ဒေါ်ခင်သိုက်** ။ ။ ဘာလဲ။ အိုက်စလင်သမ္မတရဲ့လက်ဆောင်လို့ ဟိုမအေ တယ် ငါတုတ်လိုက်ရ၊ ဟိုကမြင်းမသားလို ကျုပ်ကိုဖြီးအုံးမလို့လား။ အိမ်မှာတော့ဝန်ကြီးအိမ်ဆိုပြီး ဟင်းကောင်းနဲ့တောင်နပ်မှန်အောင်မစား ရဘူး။ သူကတော့အပြင်မှာလျှောက်ပြီး ဝေဿန္တရာလက်သစ်လုပ်ပစ်တယ်။

**ဦးဘိုးလုံး** ။ ။ ( **ပါးနှစ်ဘက်စလုံးကိုတလှည့်စီလှည့်ပြီးပွတ်လျက်** )ယောကျ်ားကောင်းမောင်းမတစ်ထောင်ဆိုတဲ့ စကားရှိတယ်ကွဲ့.....မသိုက်ရ။

**ဒေါ်ခင်သိုက်** ။ ။ သူများတွေမှာတော့ရှိချင်ရှိမယ်။ ကျုပ်မှာတော့မရှိနိုင်ဘူး။ မုန့်သာဝေစားချင်ဝေစားမယ်။ လင်ကို ဝေမယူနိုင်ဘူး။ ရှင်အရင်တုန်းကဒါမျိုးတခါမှ မရှိဘူးပါဘူး။

**ဦးဘိုးလုံး** ။ ။ မင်းမသိဘူးဟ မသိုက်။ ဒီလိုဟာမျိုးမလုပ်တတ်တဲ့ဝန်ကြီးဟာ ဝန်ကြီးအချင်းချင်းထဲမှာ ခေတ်မမီ ဘူးဆိုပြီး တယ်အောက်ကျတယ်ကွ။

**ဒေါ်ခင်သိုက်** ။ ။ တယ်နော်။ ပါးကြီးထပ်ရိုက်လိုက်လို့ခေတ်မမီဘူးဖြစ်သွားမယ်။

**ဦးဘိုးလုံး** ။ ။ မင်းရိုက်တာအတော်နာတယ်။ ငါကတော့ဝန်ကြီးဆိုရင်မင်းမရိုက်တန်ဘူးရယ်လို့ ပါးထိုးပေးလိုက် တာဘဲ။ မင်းကတော့အဟုတ်ကိုနှံတာဘဲ၊ အင်းသွားထဲက သွေးထွက်တယ်ထင်တယ်။ ( **မင်းစေခ လုတ်ကလေးကိုနှိပ်လိုက်သည်၊ မင်းစေဝင်လာသည်** )။ ဟေ့ ထွေးခံယူခဲ့စမ်း....။

**မင်းစေ** ။ ။ ဟုတ်ကဲ့ ( **ထွက်သွားလျက် အပေါက်နားသို့ ရောက်ခါနီးတွင်** )။

**ဦးဘိုးလုံး** ။ ။ ဟေ့ ဝန်ကြီးထွေးတဲ့ထွေးခံနော်။

**မင်းစေ** ။ ။ ဟုတ်ကဲ့။

**ဦးဘိုးလုံး** ။ ။ ( **ပါးနှစ်ဘက်ကိုတလှည့်စီပွတ်လျက်** ) ပါးနှစ်ဘက်စလုံးဖျင်းဖျင်း ဖျင်းဖျင်းနဲ့ပုံပြီးနာလာတယ်။ မင်းလုပ်လိုက်မှဖြင့် အရမ်းကြီးဘဲ။ ကျုပ်သွားတွေတော့ ယိုင်ကုန်ပြီ ထင်တယ်။ ရက်စက်လှချည် လားမိသိုက်ရယ်။ မကြည်နဲ့တော့ အပြတ်အသတ်ကွာတာဘဲ။

**ဒေါ်ခင်သိုက်** ။ ။ တော်နော်။ ကိုရွှေလုံး။ ကျုပ်ကိုဘာပြောပြော ပြောချင်တာပြော၊ ဒီကောင်မနဲ့တော့မနှိုင်းနဲ့၊ အုတ် ကြားမျက်ပေါက်၊ ကလေကချေ၊ တပဲနှစ်ပြား ဖာတန်းကဟာတွေနဲ့တော့ ကျုပ်ကိုမနှိုင်းနဲ့။ ကျုပ်နဲ နဲကလေးမှမခံနိုင်ဘူး။ ကျုပ်အသဲထဲမှာလုံတွေအပြည့်စူးဝင်နေသလိုဖြစ်နေတယ်။

**ဦးဘိုးလုံး** ။ ။ မင်းမကြိုက်ရင်ငါမပြောပါဘူးကွာ။ငါ့အပေါ်မှာမင်းဒီလောက်မရက်စက်ပေဘူးလို့ဟောဒီဘိုးရွှေလုံး ကြီးယုံကြည်ခဲ့မိတာတွေဒီကနေ့တော့ သဲထဲရေသွန်ချလိုက်သလို အဟောသိကံဖြစ်ရပါပြီခင်ဗျား။

**ဒေါ်ခင်သိုက်** ။ ။ ဒီကိစ္စမျိုးနဲ့ပတ်သက်လာရင်မိန်းမဆိုတာ ထိပ်ကိုမြွေပေါက်ထားသလိုဖြစ်နေတယ်လို့ရှင်အမြဲတမ်း မှတ်ထားနိုင်ရင်ကောင်းလိမ့်မယ်။ ဒီစောက်ဝန်ကြီးအလုပ်လည်းမလုပ်စေချင်ပါဘူး။ ဟိုတုန်းကမှမ ရှိပြုံးပြုံးရှိပြုံးပြုံးနဲ့နေရသေးတယ်။ အခုဆိုရင်တခါမှစိတ်မညစ်ရတာရယ်လို့မရှိဘူး။

**ဦးဘိုးလုံး** ။ ။ ဒါကတော့ ငရွှေလုံးလုပ်ချင်လို့ လုပ်ရတာမှမဟုတ်ဘဲ။ အရပ်ကဝိုင်းတင်ပြန်တော့လည်းဘယ်ငြင်း လို့ဖြစ်မလဲကွာ။ ( **မင်းစေသည်ထွေးခံယူလာသည်** )။

**ဦးဘိုးလုံး** ။ ။ ဒါဝန်ကြီးရဲ့ထွေးခံလား။

**မင်းစေ** ။ ။ ဟုတ်ကဲ့။ ( **ကြမ်းပေါ်သို့ထွေးခံချပြီး ထွက်သွားသည်။ ဦးဘိုးလုံးလည်းတံထွေး ထွေးချသည်။** ၎င်းနောက်ထွေးခံကိုယူပြီးသေသေချာချာကြည့်သည်။ သွေးကိုမြင်ရသည်။ အနည်းငယ်လန့်သွား သည်။ ထွေးခံချထားလိုက်သည် )။

www.burmeseclassic.com

ဦးဘိုးလုံး ။ ။ သွေးတွေထွက်တယ်ဟေ့( ပါးနှစ်ဘက်ကိုလက်နှစ်ဘက်ဖြင့်အုပ်ထား၍ဒေါ်ခင်သိုက်ကိုစိုက်ကြည့်နေလျက်၊အနည်းငယ်ငိုသံပါနှင့် ) ငါ့အပေါ်မှာမင်းဒီလောက် ရက်စက်မယ်မထင်ဘူးကွယ်။ ( ဦးဘိုးလုံးသည်မတ်တပ်ရပ်သည်၊ပါးနှစ်ဘက်ကိုလက်နှစ်ဘက်ဖြင့်အုပ်ထားပြီး ရှေ့တည့်တည့်ကိုရပ် ကြည့်ရင်းငိုမဲ့မဲ့ဖြစ်လာသည်၊ ၎င်းနောက်ငယ်သံပါအောင်ကုန်းဟစ်လျက် ) အမေရေ ပါးစပ်ထဲက တောင်သွေးတွေထွက်ကုန်ပြီအမေရဲ့။ သားကြီးငရွှေလုံးကိုလှည့်ကြည့်လှည့်ပါအုံး....အမေရဲ့။အမေရေကြည့်လှည့်ပါအုံး အမေ့သားကြီးငရွှေလုံး။ အမေ့သားကြီးငရွှေလုံး၊ကြည့်လှည့်ပါအုံး....အမေရဲ့။ အမယ်လေး....အမေရဲ့။ အမေ့သားကြီးငရွှေလုံး....ကြည့်လှည့်ပါအုံး။

ဒေါ်ခင်သိုက် ။ ။ ( အသံကုန်ငေါက်လျက် ) ဘာအရူးထနေတာလဲ။တော်....တိတ်။( ဦးဘိုးလုံးသည်လန့်ပြီးတိတ် သွားသည်၊ ဒေါ်ခင်သိုက်ကိုစိုက်ကြည့်နေရာကတစုံတခုကိုသတိရပြီး တယ်လီဖုန်းနေရာသို့ပြေး သွားသည်။ တယ်လီဖုန်းနေရာသို့ရောက်သောအခါ ဒေါ်ခင်သိုက်ကိုလက်ညှိုးထိုးလျက် )။

ဦးဘိုးလုံး ။ ။ ဒီကောင်မပြည်ထဲရေးဝန်ကြီးကိုစော်ကားတယ်။ ဒင်းကိုငါပုလိပ်လက်အပ်မယ်။ ( တယ်လီဖုန်းကိုဇပ်ကနဲကောက်ကိုင်လိုက်သည် )။

ဒေါ်ခင်သိုက် ။ ။ ( ဘိနပ်ကိုချွတ်၍ကိုင်ပြီးလျှင်မတ်တပ်ရပ်၍ ဦးဘိုးလုံးကိုရွယ်လျက် ) ငရွှေလုံး တယ်လီဖုန်းကို ပြန်ထားမလား။မထားဘူးလား။

ဦးဘိုးလုံး ။ ။ ဘာလဲ....မင်း ပြည်ထဲရေးဝန်ကြီးကို မင်းလက်ရောက် ကျူးလွန်တယ်။ ဒါပုလိပ်အရေးပိုင်တယ် ပုလိပ် ကိုအပ်ရမယ်။

ဒေါ်ခင်သိုက် ။ ။ (ရှေ့သို့တဖြေးဖြေးတိုးသွားလျက်) အခုချက်ချင်း ချထားမလား ချမထားဘူးလား။

ဦးဘိုးလုံး ။ ။ ( ငယ်သံပါအောင်အော်ဟစ်လျက် ) မိခင်သိုက် ငါ့အနားမလာနဲ့။

ဒေါ်ခင်သိုက် ။ ။ ( ရှေ့တိုးသွားလျက် ) အခုအောက်ချထားမလား မထားဘူးလား။

ဦးဘိုးလုံး ။ ။ ( ငယ်သံပါအောင်ဟစ်မြဲဟစ်လျက် ) မိခင်သိုက် ငါ့အနားတိုးမလာနဲ့။ ( ဦးဘိုးစိန် အခန်းထဲပြေးဝင်လာသည် )။

ဦးဘိုးစိန် ။ ။ ဟေ့....ရွှေလုံးမင်းလူတောထဲမှာနေတာကွချီးရေတွေသောက်ပြီး ဒီလိုဆူညံဆူညံလုပ်နေတာကောင်းသလား။ ( ခဲကျသံကိုစ၍ကြားရသည် )။

ဦးဘိုးလုံး ။ ။ ( ငယ်သံပါအောင်ဟစ်လျက်)မင်းလည်းကောင်းတဲ့အကောင်မဟုတ်ဘူး။ငါ့အနားမလာနဲ့သွား...သွား။

ဦးဘိုးစိန် ။ ။ ဒီ စောက်ရူးတွေတော့ တောထုတ်လွှတ် ရမှာပေါ့ကွာ။ ( ဦးဘိုးစိန် ပြန်ထွက်သွားသည်။ ခဲမိုး၊ ပုလင်းမိုး၊ ခုံဖိနပ်မိုးရွာချသံများကို ကြားရသည်။ ဦးဘိုးလုံးသည် တယ်လီဖုန်းကိုပစ်ချပြီး ဒေါ်ခင်သိုက်ထံသို့ပြေးသွား၍ ဖက်ထားလေသည် )။

ဦးဘိုးလုံး ။ ။ ( ဒေါ်ခင်သိုက်ကိုဖက်လျှက် ဒေါ်ခင်သိုက်ကလည်းဦးဘိုးလုံးကိုဖက်လျှက် ခဲ၊ ပုလင်း၊ ခုံဖိနပ်မိုးများရွာသံကိုကြားနေရစဉ် ) မသိုက်ရေ....လုပ်ပါအုံးကွ။ ကယ်ပါအုံးကွ။ ငါ့ကိုပစ်မထားပါနဲ့အုံးကွ။ ငါနောက်ကို ဘယ်တော့မှ မမှားတော့ပါဘူးကွ။ ငါမမိုက်တော့ပါဘူးကွ မသိုက်ရ။ (ငယ်သံပါအောင်အော်နေစဉ် ကားလိပ်တဖြည်းဖြည်းကျလာသည် )။

www.burmeseclassic.com

## အခန်း ( ၂ )

နေရာ ။ ။ ( ဦးစံလင်း၏အိမ်။ ၎င်း၏အိမ်သည်ငါးထပ်ကြီးဘုရားအနီးရှိခြံတခြံတွင်တည်ရှိသည်။ ၎င်းအိမ် သည်မတ်တတ်ရပ်အိမ်ခေါ်ခြေတံရှည်နှင့် ဆောက်ထားသောအိမ်ဖြစ်သည်။နေရာများအိမ်၏အရှေ့ ခန်းမဖြစ်သည်။၎င်းအိမ်ခန်းထဲတွင် ကားလမတ့်ခ်စ်၊ အိန်ဂျယ်စ်၊ လီနင်နှင့်စလာလင်တို့၏ဓါတ် ပုံကြီးများကိုဆွဲထားသည်၊ ၎င်းအခန်းကိုသင်တန်းအခန်းအဖြစ်လည်း အသုံးပြုသည်။ ၎င်းသင်

တန်းအတွက်ကျောင်းသားစာပွဲခုံများနှင့်ကုလားထိုင်များရှိသည်၊နိုင်ငံရေးဆွေးနွေးခန်းအဖြစ်လည်း

အသုံးပြုသည်၊ ဧည့်ခန်းအဖြစ်လည်းအသုံးပြုသည်၊ ထိုအခန်းထဲတွင်လှလှဆိုသူမိန်းမပျိုကလေး တစ်ဦးထိုင်နေသည်။ လှလှသည်အသက်အားဖြင့် ၂၀ ကျော်ခန့်မျှသာ ရှိသေးသည်။ ကိုယ်လုံး ကိုယ်ပေါက်အလွန်ပြေပြစ်၍ လှလှအမည်နှင့်လိုက်အောင် အလွန်ချောမွေ့လှပသော မိန်းကလေး တဦးဖြစ်သည်။လှလှသည် မိမိ၏လက်ပတ်နာရီကိုကြည့်လိုက်၊ အိမ်တွင်းသို့လှမ်းကြည့်လိုက်နှင့် တစုံတယောက်ကို မျှော်နေဟန်ရှိသည်။ အနည်းငယ်ကြာသောအခါ အခန်းတံခါးဆီသို့သွားပြီး ခပ်ဆတ်ဆတ်ကလေး ခေါက်လိုက်သည် ) ။

အတွင်းမှအသံ ။ ။ ဟာလို၊ အလှလားဟေ့။

လှလှ ။ ။ ဟုတ်တယ်ဆရာ၊ အလှရောက်နေတာကြာပြီ။

အတွင်းမှအသံ ။ ။ အေး....အေး၊ လာပြီဟေ့၊ လာပြီ၊ ခုဘဲလာပြီဟေ့။ ( လှလှသည် ၎င်းထိုင်နေရာသို့ပြန်လာသည်၊

အနည်းငယ်ကြာသောအခါအခန်းတံခါးပွင့်လာပြီးဦးစံလင်းထွက်လာသည်။၎င်း၏လက်တဖက်နှင့်

ရှပ်အင်္ကျီကြယ်သီးများကိုတပ်လျက်ရှိသည်။ဦးစံလင်းသည် အသက် ၅၀ ခန့်ရှိပြီး ၎င်း၏အရပ် အမောင်းမှာထောင်ထောင်မောင်းမောင်းဖြစ်သည်။ ၎င်း၏မျက်နှာပေါ်တွင်ထူးခြားသောအရာနှစ်ခု မှာကား ၎င်း၏နှုတ်ခမ်းမွေးနှင့် ၎င်း၏တောက်ပြောင်စူးရှသောမျက်လုံးများပင် ဖြစ်သည် ) ။

ဦးစံလင်း ။ ။ အစောင့်ခိုင်းထားရတာ ဝမ်းနည်းတယ်အလှရယ်။ ဒီကနေ့ရေချိုးတာ နည်းနည်းကြာသွားတယ်။ အလှရောက်နေတာ အတော်ကြာပြီလား။

လှလှ ။ ။ ဟုတ်ကဲ့။

ဦးစံလင်း ။ ။ ( ခုံပေါ်ကစီးကရက်ဘူးကိုယူ၍လှလှကိုပေးသည်။ လှလှသည်စီးကရက်တလိပ်ကိုယူလိုက်သည်။ ဦးစံလင်းသည်စီးကရက်တလိပ်ကိုယူပြီး ရှေးဦးစွာလှလှ၏စီးကရက်ကိုမီးညှိပေးသည်။ ဦးစံလင်း သည် စီးကရက်ကို အနည်းငယ်ဖွာပြီး လှလှကိုစိုက်ကြည့်ရင်း ) အလှတို့ကတော့ ဘယ်လိုဘဲ ကြည့်ကြည့် သိပ်ပြီးကျက်သရေရှိတာဘဲနော်။

www.burmeseclassic.com

**လုလု** ။ ။ ( **ငေါ့တော့တော့အသံဖြင့်** ) သိပ်ပြီး ကျက်သရေရှိလို့ ဆရာ အလုကို စွန့်ပစ်တော့မယ် မဟုတ်ဘူးလား။

**စံလင်း** ။ ။ မဟုတ်ပါဘူးအလုရယ်။ ဆရာလည်း အလုကို အကြိမ်ကြိမ် ရှင်းပြပြီးပြီ မဟုတ်လား။ ဒါကဒီလိုရှိတယ်ကွဲ့....။

**လုလု** ။ ။ ( **ကြားဖြတ်လျက်** ) ဘယ်လိုဘဲရှိရှိ ဘာဘဲဖြစ်ဖြစ် အလုတော့ဆရာ့ကိုဘဲကြိုက်တယ်။ ဆရာ့ကိုဘဲချစ်တယ်။ ဆရာ့ကိုဘဲ မြတ်နိုးတယ်။ ဘယ်သူ့ကိုမှမကြိုက်နိုင်ဘူး။ ဘယ်သူ့ကိုမှမချစ်နိုင်ဘူး။ ဘယ်သူ့ကိုမှ မမြတ်နိုးနိုင်ဘူး။ ( **ငိုသံပါနှင့်** ) အလု နားမထောင်ဘူး။ ဆရာဘာဘဲပြောပြော။ ဒီဟာကိုတော့ အလုနားမထောင်နိုင်ဘူး။ နားမထောင်နိုင်ဘူး။ ဘယ်နည်းနဲ့မှ နားမထောင်နိုင်ဘူး။

**ဦးစံလင်း** ။ ။ ( **၎င်း၏စူးရှသောမျက်လုံးများဖြင့် လုလုကိုစိုက်ကြည့်ရင်း** ) ဒီလိုဆိုရင်ဖြင့်

ဆရာ့စကားကိုမြေ ဝယ်မကျနားထောင်ပါ့မယ်လို့ အလုဟာသစ္စာဆိုထားတာ အလကားဖြစ်သွားတာပေါ့။

တဘက်က အင်အားကောင်းတဲ့ရန်သူတွေနဲ့ အကြိတ်အနယ်တိုက်နေရတုန်းလက်အောက်ခံဗိုလ်တွေကဗိုလ်ချုပ်ရဲ့အမိန့်ကိုဖီဆန်ရင်ဒီတပ်ဟာစစ်ရှုံးမှာပေါ့။ ခွေးပြေး ဝက်ပြေး မရှုမလှပြေးရမှာ သေချာတာပေါ့။ အလုတို့ကိုကိုယ်ခဏခဏပြောတယ်မဟုတ်လား။ အခုအလုတို့ဆရာတို့ဟာ အင်မတန်ကြီးကျယ်တဲ့အရေးတော်ပုံကြီးရဲ့အလည်ဗဟိုကိုရောက်နေပြီ။ ကိုယ်တို့ဟာနယ်ချဲ့သမားတွေ၊ ဖောက်ပြန်ရေးသမားတွေရဲ့အထပ်ထပ်ဝိုင်းရံထားတာကိုခံနေရပြီ။ အခုလိုအခါမျိုးမှာသံမဏိစည်းကမ်းဟာအရေးကြီးဆုံးဘဲ။ မသိချင်ယောင်ဆောင်နေတဲ့ လူအတွက်တော့ သံမဏိစည်းကမ်းဟာဘာလဲဆိုတာရှင်းပြဘို့ခက်တယ်။ ( **လုလု၏ပုခုံးကိုကိုင်၍ ညှင်းညှင်းလှုပ်လျက်** ) ဟေ့ အလု

သံမဏိစည်းမျဉ်း ဆိုတာဆရာ့စကားကိုမြေဝယ်မကျနားထောင်တာဘဲကွ။ သိပလား။ မင်းသစ္စာဆိုထားတာဒီသံမဏိစည်းမျဉ်းအတွက်ဘဲ မဟုတ်ဘူးလား ပြောလေ၊ အလု ပြောလေ၊ မဟုတ်ဘူးလား။

**လုလု** ။ ။ ဆရာဟာမြမြကိုဖျက်ဆီးခဲ့တာလဲ ဒီသံမဏိစည်းမျဉ်းနဲ့ဖျက်ဆီးခဲ့တာဘဲ။ အေးစိန်ကလေးကို ဖျက်ဆီးခဲ့တာလဲ ဒီသံမဏိစည်းမျဉ်းနဲ့ ဖျက်ဆီးခဲ့တာဘဲ။ အေးငွေနဲ့ အတင်းထိုးပြီး....

**စံလင်း** ။ ။ ဟေ့....အလုတော် တော်။ ဘာတွေလျှောက်ပြောနေတာလဲ။

**လုလု** ။ ။ ( **ဂရုမစိုက်ဘဲ** ) အေးငွေနဲ့အတင်းထိုးပြီးပေးစားလိုက်တဲ့မသန်းတင်ကလေးကို ဖျက်ဆီးတုန်းကလည်း ဒီသံမဏိစည်းမျဉ်းနဲ့ဘဲ ဖျက်ဆီးခဲ့တာဘဲ။

**စံလင်း** ။ ။ အလုတော်ကွယ်။ မင်းသစ္စာဆိုထားပြီး ဘယ့်နှယ်ဖြစ်သွားသလဲ။

**လုလု** ။ ။ ကျွန်မဒီဘဝကိုရောက်မှဖြင့် သစ္စာပေါက်ပြီး သေချင်လည်းသေပါစေတော့ဆရာရယ်။ မထူးပါဘူး။

**စံလင်း** ။ ။ အလုရယ် သတိထားပါကွယ်။

**လုလု** ။ ။ ( **မျက်ရည်များကျလာပြီးဟစ်၍မအော်မိအောင်ချုပ်တည်းလျက်** ) ကျမဟာ နိုင်ငံရေးကို

ဝါသနာ ပါလွန်းလို့ မိဘ မောင်ဘွားတွေကို စွန့်ပြီး ဆရာ့နောက်ကို လိုက်ခဲ့တယ်၊ ကျမရဲ့အချစ်ကို ဆရာတောင်းစတုန်းက ကျမမပေးခဲ့ဘူး။ အတန်တန်ငြင်းခဲ့တယ်။ နောက်ဆုံးငြင်းမရတော့....။

**စံလင်း** ။ ။ တော်ပါတော့ကွယ်.... အဟောင်းတွေကို ရေပြန်နှူးမနေပါနဲ့တော့။ ဆရာဟာ ဘာဘဲလုပ်လုပ် အကြောင်းရှိတယ်။ အကြောင်းရှိတယ်။ အကြောင်းရှိတယ်။ အလကားရောက်ရမ်းနေတာမဟုတ်ဘူး။

**လုလု** ။ ။ နောက်ဆုံးငြင်းမရတော့....။

www.burmeseclassic.com

**စံလင်း** ။ ။ တော်ပါတော့ကွယ်။ တော်....ပါ....တော့....ကွယ်။ ဆရာပြောနေတယ် ဟော့။ တော်ပါတော့ကွယ်။ ရှွေလှရယ်။

**လှလှ** ။ ။ နောက်ဆုံး ငြင်းမရတော့ ဆရာ့ကို အတိတလင်းမေးတယ် မဟုတ်ဘူးလား။ ဆရာဟာ လှလှကိုအတည်ကြံတာလားလို့ မေးတယ်။ ဆရာက အတည်ပါလို့ ပြောတယ်။ လှလှကမယုံတာနဲ့ ဆရာကို သစ္စာအဆိုခိုင်းတယ်။ ဆရာလည်းဆိုတယ်။ အဲဒီအချိန်ကစပြီး ဘယ်သူ့ကိုမှမအပ်ခဲ့ဘူးတဲ့လှလှရဲ့ အချစ်တွေကို ဆရာ့ကိုပုံပြီးလှလှအပ်ခဲ့တယ်။ နောက်တယောက်ကိုထပ်ပြီးချစ်လို့မဖြစ်တော့ဘူး။

**စံလင်း** ။ ။ လှလှကိုဆရာ မချစ်တော့လို့မှမဟုတ်ဘဲ။ ဆရာတို့ လှလှတို့ အသက်ပေးပြီးတိုက်နေကြတဲ့အရေးတော်ပုံကြီးအောင်မြင်ရေးအတွက် ဒီနည်းပရိယာယ်ကိုလုပ်ရတယ်ဆိုတာ ဆရာ အကြိမ်ကြိမ်ရှင်းပြပြီးပြီမဟုတ်လား။ တကယ်လို့သာ သိန်းထွန်းဟာ လှလှအပေါ်မှာ မေတ္တာမရှိဘူးဆိုရင် လှလှကိုယူဘို့ဆရာတို့အတော်ကြိုးစားရအုံးမယ်။ အခုတော့သိန်းထွန်းဟာလှလှကိုအများကြီးကြိုက်တယ်။ လှလှကို နားချပေးဖို့ ဆရာ့ကို လေးငါးဆယ်ကြိမ်ထက်မနဲ ပြောဘူးတယ်ဆိုတာလည်းလှလှအသိသားဘဲမဟုတ်လား။

**လှလှ** ။ ။ လှလှမကြိုက်နိုင်ဘူးလို့ ပြောလိုက်တဲ့အတွက် ကိုသိန်းထွန်းဟာ မြမြကိုယူတော့မယ်။ သူတို့အားလုံးပြောဆိုပြီးကုန်ပြီ။ ဖြန်းကနဲသူ့အဒေါ်ကြီးဆုံးသွားတဲ့အတွက်သာမင်္ဂလာဆောင်ဘို့ကိုရက်ရွှေ့ထားလိုက်ရတာ။

**စံလင်း** ။ ။ မြမြကိုသာ သိန်းထွန်းယူလိုက်ရင် သိန်းထွန်းလည်း ဆရာတို့လက်ထဲက လွတ်သွားမယ်။ ဒါမျိုးတော့ ဆရာဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး။

**လှလှ** ။ ။ မြမြလည်းဆရာ့တပည့်ဘဲ။ ကိုသိန်းထွန်းလည်းဆရာ့တပည့်ဘဲ။ ဘယ်လိုလွတ်ထွက်သွားနိုင်မလဲ။

**စံလင်း** ။ ။ လှလှမသိပါဘူး။ မြမြဟာ အစတုန်းကတော့ ကိုယ့်ဩဇာကိုခံပါတယ်။ သိန်းထွန်းကို အားကိုးရကတည်းကဆရာကို အာခံလာတာ ကြာပြီ။ သိန်းထွန်းက ခပ်အအ မဟုတ်ဘူးလား။ မြမြနဲ့သာညားရင် ဒီကောင်မကလေး ခြယ်လှယ်တာနဲ့ ဆရာ့ကို ပုန်ကန်မှာဘဲ။ အလှတယောက်ကိုဘဲ ဆရာယုံတယ်။ အဲဒီတော့ သိန်းထွန်းကိုအလှယူရမယ်။ ယူပြီး ဘာလုပ်ရမယ်ဆိုတာကိုတော့ အလှကိုဆရာပြောဘို့မလိုပါဘူး။

**လှလှ** ။ ။ ကိုသိန်းထွန်းဟာ မြမြနဲ့ပြောဆိုပြီးကုန်ပြီ။ ယူဘို့လောက်ဘဲရှိတော့တယ်။

**စံလင်း** ။ ။ ဒါကိုယ်သိပါတယ်။ ဒီကိစ္စအတွက် အားလုံးစီစဉ်ပြီးပါပြီ။ ဆရာ့တာဝန်ဘဲ ထားလိုက်ပါ။ လှလှကသာဆရာပြောတဲ့အတိုင်းလုပ်မယ်ဆိုရင် အားလုံးကိစ္စပြီးမှာဘဲ။

**လှလှ** ။ ။ ( **စံလင်းကိုစိုက်ကြည့်လျက်** ) လှလှဟာဆရာ့ကိုအချစ်ကြီးချစ်နေပြီ။ တခြားဘယ်သူ့ကိုမှ မချစ်နိုင်တော့ဘူး။ မချစ်နိုင်တော့ဘူး။ လှလှဟာ လူ....။ ကျွဲနွားမဟုတ်ဘူး ဆိုတာကို ကလေးလောက်တော့ ဆရာသိဘို့ကောင်း ပါတယ်။ ကျွဲနွားဆိုရင်တော့ ကိစ္စမရှိပါဘူး။ ကျွဲရှင် နွားရှင်ကဒီကျွဲထီးနွားထီးနဲ့ခွဲပြီးဟိုကျွဲထီးနွားထီးနဲ့ပေးစားလိုက်ရင်လဲ ကြည်ကြည်သာသာယူသွားကြတာဘဲ။ လူကတော့ ဒီလိုလုပ်လို့မရဘူး။ လှလှလုပ် လို့မရဘူး။ ဘယ်နည်းနဲ့မှလုပ်လို့ မရဘူး ဆရာ။ မရဘူး။ မရဘူး။ မရဘူး။

**စံလင်း** ။ ။ တို့မှာ ရည်ရွယ်ချက်ကြီး ရှိတယ်။ အသက်ရှင် နေရရင်လည်း ဒီရည်ရွယ်ချက်ကြီး အောင်မြင်ရေးအတွက် ဖြစ်ရမှာဘဲ။ အသက်သေရရင်လည်း ဒီရည်ရွယ်ချက်ကြီးရဲ့ အောင်မြင်ရေး အတွက်ဖြစ်ရ

www.burmeseclassic.com

မှာဘဲ။ ဒီရည်ရွယ်ချက်ကြီး အောင်မြင်ရေးအတွက် ဘာမဆို လုပ်ရမှာဘဲ။ ကောင်းတာတွေလည်း လုပ်ရမှာဘဲ။ ဆိုးတာတွေလည်း လုပ်ရမှာဘဲ။ တရားတာတွေလည်း လုပ်ရမှာဘဲ။ မတရားတွေ လည်းလုပ်ရမှာဘဲ။

**လှလှ** ။ ။ ဆရာဟာ ကိုယ်လုပ်ချင်တာတွေ လုပ်ရဘို့အတွက် တော်လှန်ရေးတို့၊ရည်ရွယ်ချက်ကြီးတို့သံမဏိ စည်းမျဉ်းတို့ဆိုတဲ့ စကားလုံးတွေနဲ့ မှိုင်းတိုက်ပြီး မိန်းကလေး တွေကို ဆရာ ဖျက်ဆီး နေတာဘဲ မဟုတ်လား။ ကျမ မသိဘူး မှတ်လို့လား။ ကျမကိုကန်ထုတ်တာ နောက်ရောက်လာတဲ့ ခင်ဆွေကို လိုချင်လို့မဟုတ်ဘူးလား။ ဒီလိုငါးစိမ်းမြင် ငါးကင်ပစ်....၊

**စံလင်း** ။ ။ ( **ဒေါသနှင့်** ) မိလှ တော်တော့။ နင့်ကိုငါအချစ်ဆုံးမို့ အများကြီးအလိုလိုက်ခဲ့တယ်၊ ဒါကိုနင်က အဟုတ်ကြီး ထင်ပြီး ငါ့ကို အမိုက်စော်ကားချင်လို့ ဘာရမလဲ၊ မနေ့က ငါဘာပြောလိုက်သလဲ။ ဒီကနေ့ ဒီကိုလာရင် ငါပြောတဲ့ အတိုင်းလုပ်ပါ့မယ်ဆိုတဲ့ အဖြေကိုယူခဲ့ရမယ်လို့ ပြောလိုက်တယ် မဟုတ်ဘူးလား၊ ဒီအဖြေပါလာသလား။ မပါဘူးလား။ တခြားဟာတွေကို ရှည်မနေနဲ့တော့ ငါနား မထောင်ချင်ဘူး၊ ငါ့မှာအချိန်မရှိဘူး။ တခြားလုပ်စရာတွေ ရှိသေးတယ်။ နင်နဲ့ကြီးဘဲ အချိန်ဖြုန်း မနေနိုင်ဘူး။ ငါပြောတဲ့အဖြေပါသလား၊ မောင်မောင်ခေါ်လို့ဗျာမထူးတဲ့ဟာ အောင်ကျော်ခေါ်တော့ ဗျာ ထူးရမှာပေါ့၊ ငါ့ကိုဒီလိုလုပ်လို့ ဘာရမလဲ။ ( **ခပ်ပြင်းပြင်းငေါက်လျက်** ) ငါပြောတဲ့အဖြေပါ သလား၊ မပါဘူးလား၊ ပြောလေ။

**လှလှ** ။ ။ ( **ရှိုက်၍ငိုလျက်** )မငေါက်ပါနဲ့ဆရာရယ်၊ဆရာ့အကြောင်းကိုကျမကောင်းကောင်းကြီးသိပါတယ် အေးစိန်ကလေးကို ဆရာသတ်ပစ်သလို ကျမကိုလည်း ဆရာသတ်ပစ် အုံးမှာပါဘဲ၊ ဆရာ့လက်ခုပ် ထဲကို တခါရောက်ရင် သံကွန်ခြာ ၇ ထပ်နဲ့ အအုပ်ခံရတာလို လွတ်ပေါက်မရှိဘူးဆိုတာ ကျမသိ ပါတယ်။ ကျမမငြင်းပါဘူးဆရာရယ်။ မငြင်းရဲပါဘူး။ ( **လှလှသည်ရှိုက်ကြီးတငင်ငိုလျက်ရှိလေ သည်** ) ။

**စံလင်း** ။ ။ ( **လှလှအနီးသို့ကပ်လျက်** ) ဒို့လမ်းစဉ်မှာ ချစ်တာတို့၊ စုံမက်တာတို့၊ သနားတာတို့ မရှိရဘူး။ ဒီစိတ်ဓာတ်တွေဟာ လူညံ့တွေရဲ့စိတ်ဓာတ်တွေ။ လူညံ့တွေနဲ့ထတိုက်လို့ ကမ္ဘာ့တော်လှန်ရေးကြီး ဟာ ဘယ်မှာအောင်နိုင်ပါ့မလဲ ( **လှလှ၏ ပုခုံးကိုကိုင်လျက်** ) အဲဒီတော့ မမိုက်နဲ့ကွယ်။ လှလှ ဟာ ရှေ့ကိုတက်လမ်းတွေအများကြီးရှိတယ်။ လှလှဟာဉာဏ်ရှိတယ်။ဝီရိယရှိတယ်။သတ္တိရှိတယ်။ ကမ္ဘာ့တော်လှန်ရေးကြီးမှာ ဆိုရင် လှလှတို့ဟာ ရှေ့တန်းခေါင်းဆောင်တွေ ဖြစ်လာနိုင်တယ် အဲဒီ တော့ ကိုယ့်ရည်ရွယ်ချက်ကြီး အောင်မြင်ဘို့ အတွက်သာ အာရုံထဲထား။ ချစ်တာတွေ၊ စုံမက်တာ တွေ၊ သနားတာတွေ၊ တရားတာ တွေ၊ မတရားတာတွေ၊ ဟိုဟာဒီဟာတွေက အသေးအဖွဲ့တွေဘဲ။ ဒီအသေးအအဖွဲ့တွေကို ဘေးချိတ်ထားပါ။ ကိုယ့်ရည်ရွယ်ချက်အောင်မြင်ရမယ်။ အောင်မြင်ဘို့ အ တွက် ဘာမဆိုလုပ်ရမယ်။ လုပ်ရဲရမယ်၊ ဒါဘဲ ၊ ဒါအရေးကြီးဆုံးဘဲ ( **ဧည့်သည် ခေါင်းလောင်း မည်သံကိုကြားရသည်** ) ဆရာ့ခြေရာကို နင်းပြီး လိုက်ကြစမ်းပါကွယ်၊ မမိုက်ချင်ကြစမ်းပါနဲ့ ( **အခန်းထဲက စိမ်းမောင်ခေါ်သူငယ်ကလေးတယောက်ထွက်လာပြီးတံခါးဖွင့်ရန်အောက်သို့ဆင်း သွားသည်** )။ ကဲ-ကဲ ဧည့်သည်တွေ လာနေတယ်၊ လှလှအထဲမှာ ဝင်ပြီး နားလိုက်အုံး ပြီးတော့မှ ထွက်လာ။ ( **ဦးစံလင်းသည် သီတင်းစာတစောင်ကို ယူပြီးဖတ်လျက်ရှိလေသည်။ ဦးစံလင်း၏**

www.burmeseclassic.com

တပည့်များဖြစ်ကြသော ရဲဘော်သက်တင်၊ ရဲဘော်အောင်သိန်း၊ ရဲဘော်ထွန်းညို၊ရဲဘော်ဘိုးဟိန်း၊ ရဲဘော်သန်းကြွယ်၊ မအေးကြည်၊ ဝင်းဝင်းတို့ အခန်းထဲကို ဝင်လာကြသည် )။

**စံလင်း** ။ ။ ထိုင်ကြ၊ ထိုင်ကြ၊ စောစောစီးစီးငါ့တပည့်တွေ ဘယ်ကလှည့်လာကြသလဲ။

**သက်တင်** ။ ။ ဒီကနေ့တော့ ကျွန်တော်တို့ပြောထားတဲ့ကိစ္စကို ဆုံးဖြတ်ချက်ချစေချင်တယ်။ ရက်တွေသိပ်ရွှေ့နေဘို့မကောင်းဘူးထင်တယ်။

**စံလင်း** ။ ။ ဘာကိစ္စလဲကွ။

**သက်တင်** ။ ။ ဆရာဟာ ဘယ်သူ့မှမတိုင်ပင်ဘဲ ကိုယ့်ဟာကိုယ် ရှောက်လုပ်နေတဲ့ကိစ္စပေါ့။

**စံလင်း** ။ ။ အဲဒါ ဘာဖြစ်သလဲ။

**သန်းကြွယ်** ။ ။ ရှင်းရှင်းလင်းလင်းပြောလိုက်ကွာ သက်တင်။ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့။ဒီကိစ္စကိုဒီကနေ့ဆုံးဖြတ်မှဖြစ်မယ်။ ကျွန်တော်တို့အချိန်တွေသိပ်မဆွဲချင်ဘူး။

**စံလင်း** ။ ။ ( တပည့်များက အာခံသည်ကိုမနှစ်သက်၍ ဒေါပွလာသည့်အသံ မျက်နှာထားတို့ဖြင့် ) အချိန်ဆွဲရင် ဘာဖြစ်မလဲ။

**ဘိုးဟိန်း** ။ ။ အချိန်ဆွဲနေရင် ကျွန်တော်တို့ နွားဖြစ်မှာပေါ့။

**စံလင်း** ။ ။ ဒီကောင်တွေ ဒီကနေ့ ဘာဖြစ်လာကြသလဲ။ လေသံတွေက တမျိုးဖြစ်နေတယ်။

**သက်တင်** ။ ။ ဒီကိစ္စကိုတော့ဒီကနေ့တခါထဲဆုံးဖြတ်လိုက်ချင်တယ်။ ဒီကိစ္စထဲမှာ ကျွန်တော်တို့လိုချင်တဲ့ မူတမူပါနေတယ်။

**စံလင်း** ။ ။ ဘာမူများပါလိမ့်။ အမိန့်ရှိစမ်းပါအုံး။

**ဘိုးဟိန်း** ။ ။ ဆရာတယောက်ထဲ စတာလင်လို အာဏာရှင်ဆန်ဆန်ကျင့်နေတာ ကျွန်တော်တို့ လက်မခံနိုင်ဘူး။ ဘာဘဲလုပ်လုပ် ကျွန်တော်တို့နဲ့တိုင်ပင်ပြီးလုပ်ရမယ်။ အဲဒါ ကျွန်တော်တို့ လိုချင်တဲ့မူဘဲ။

**သန်းကြွယ်** ။ ။ ဒီကိစ္စကို ဒီကနေ့ဆုံးဖြတ်ချင်တယ်။

**အားလုံး** ။ ။ ဟုတ်တယ်။ ဒီကိစ္စကို ဒီကနေ့ဆုံးဖြတ်ချင်တယ်။

**စံလင်း** ။ ။ မင်းတို့ကို ငါတခုပြောပြမယ်။ ကောင်းကောင်း နားထောင်ကြ။ စလာတင် ဘယ်တော့မှ မမှားဘူးဆိုတဲ့ ကမ္ဘာ့တော်လှန်ရေးသမားတွေရဲ့ယုံကြည်ချက်ကြီးပေါ်မှာကမ္ဘာ့တော်လှန်ရေးကြီးဟာ တည်ဆောက်ခဲ့ရတယ်။ အဲဒါကိုကြည့်ပြီး ခေါင်းဆောင်အပေါ်မှာ နောက်လိုက်တွေရဲ့ယုံကြည်မှုဟာ တို့ရဲ့ လုပ်ငန်းကြီးအောင်မြင်ရေးအတွက် ဘယ် လောက် အရေးကြီးတယ်ဆိုတာ ထင်ရှားနေပြီကွာ။

**ဘိုးဟိန်း** ။ ။ လောကကြီးမှာ မမှားတဲ့လူဆိုတာ ဘယ်မှာမှမရှိဘူး။စတာလင်မကလို့စတာလင်ဘိုးအေဘဲဖြစ်ဖြစ်မှားတဲ့အခါမှားရမှာဘဲ။ အဲဒီတော့တယောက်ထဲကအာဏာရှင်လိုမကျင့်ဘဲကိုယ့်လုပ်ဖော်ကိုင်ဘက်တွေနဲ့ တိုင်ပင်ရင် အမှားနည်းတာပေါ့။ ဆရာလည်းအခုလုပ်နေတာမျိုးလို ငါ....တကောမကောဘဲ ကျွန်တော်တို့နဲ့တိုင်တိုင်ပင်ပင် လုပ်ရင် အခုလောက်အမှားမများဘူးပေါ့။

**စံလင်း** ။ ။ ငါဘာအမှားတွေကို လုပ်လို့လဲ။

**ဘိုးဟိန်း** ။ ။ ဆရာ့ဟာတော့ ဆရာသိမှာပေါ့။

**စံလင်း** ။ ။ မင်းတို့လွန်လာပြီ။ နည်းနည်း ဆင်ဆင်ခြင်ခြင် ပြောကြကွာ။ ဒါဘဲ။( ဒေါ်သည်ခေါင်းလောင်းသံ ကြား၍ စိမ်းမောင်သည် တံခါးဖွင့်ရန်ဆင်းသွားသည် )။

www.burmeseclassic.com

**ဘိုးဟိန်း** ။ ။ ကျွန်တော်တို့တော့ဒီကိစ္စကိုဒီကနေ့ပြီးအောင်ရှင်းချင်တယ်။ ဒီကိစ္စကိုရှင်းပြီးရှေ့ကိုဆိုရင် အားလုံး တိုင်တိုင်ပင်ပင်လုပ်ရမယ်။ ဆရာတယောက်ထဲ ငါတကော ကောတာတော့ ကျွန်တော်တို့ဆက်ပြီး လက်မခံနိုင်တော့ဘူး ။ ( **စံလင်းသည် ရုတ်တရက် ဘာမှပြန်မပြောသေးဘဲထွက်နေသောဒေါသ ကိုချုပ်တည်းနေဟန်ရှိသည်။ အခန်းထဲတွင် ခေတ္တငြိမ်နေသည်။ ညွှဲသည်ယောကျ်ားနှစ်ယောက် အသက် ၃၀ စီလောက်ရှိသည်။ အခန်းထဲသို့ဝင်လာသည်။ စံလင်းသည် ညွှဲသည်နှစ်ဦးအား ခေတ္တမျှအံ့အားသင့်စွာကြည့်ပြီးနောက် စကားမပြောဘဲထိုင်ရန်ကုလားထိုင်များကိုလက်ညှိုးထိုးပြ လိုက်သည်** )။

**ဘိုးဟိန်း** ။ ။ ကဲဆရာ။ တိုတိုဘဲ။ ကျွန်တော်တို့ ပြောတဲ့အတိုင်း သဘောတူမယ်ဆိုရင် ဆရာ့အပြစ်တွေအားလုံး ကျွန်တော်တို့ဗွေမယူဘူး၊ အားလုံးရှော်ပစ်လိုက်မယ်။

**စံလင်း** ။ ။ ( **ညွှဲသည်နှစ်ဦးဘက်ကို အသာလှည့်ကြည့်ပြီး ဘိုးဟိန်းဘက်သို့ ပြန်လှည့်လျှက်** ) ဟေ့.... ဘိုးဟိန်း။ ဒီကနေ့မင်းကိုယ့်ကို မင်းမထိန်းနိုင်ဘူး။ အဲဒီတော့ ဒို့စကားဆက်ပြောလို့ မဖြစ်ပါဘူး ကွာ။

**ဘိုးဟိန်း** ။ ။ ဒီကနေ့အပြီးအပြတ်ဆုံးဖြတ်ချင်တယ်။

**သန်းကြွယ်** ။ ။ ဖြူသလား မဲသလားဆိုတာ အခုအစည်းအဝေးမပြီးခင် ကျွန်တော်တို့သိသွားချင်တယ်။

**စံလင်း** ။ ။ ဒီမှာညွှဲသည်တွေရောက်နေတယ်။ တောထဲက အရေးကြီးတဲ့စကားတွေပါလာလိမ့်မယ်ထင်တယ်။ ဒီတော့ နောက်မှဘဲ ထပ်ချိန်းတာပေါ့။

**ဘိုးဟိန်း** ။ ။ မဟုတ်ဘူးဆရာ။ ကျွန်တော်တို့ ဒီမနက်ဒီကိုမလာခင်သံဓိဋ္ဌာန်ချလာတယ်။အခုဆုံးဖြတ်ချင်တယ်။

**သန်းကြွယ်** ။ ။ ဒီလိုရက်တွေရွှေ့လာရတာများလှပြီ။

**ညွှဲသည်နှစ်ဦး** ။ ။ ( **ထိုင်ရာမှထလျက်** ) ကဲ....ဆွေးနွေးကြပါဆရာကြီး။ ကျွန်တော်တို့နောက်မှလှည့်လာပါ့မယ်။

**စံလင်း** ။ ။ ( **လက်ဖြင့်တားလျက်** )ထိုင်ပါ၊ထိုင်ပါ၊ကိစ္စမရှိပါဘူး။( **ဘိုးဟိန်းတို့လူစုဘက်သို့လှည့်လျက်** ) ငါ....မင်းတို့နဲ့နောက်မှ ဆွေးနွေးမယ်ကွာ။ ညွှဲသည်တွေ အားနာစရာကြီး။ သူတို့နဲ့ စကားပြော လိုက်အုံးမယ်။

**ဘိုးဟိန်း** ။ ။ ဟာ....၊ မရဘူးဆရာ။ ကျွန်တော်တို့ သံဓိဋ္ဌာန်ချထားပြီးပြီ။ ညွှဲသည်တွေခဏရှောင်ပေးပါ။ ကျွန် တော်တို့ရဲ့ ဆုံးဖြတ်ချက်ဟာ သိပ်မကြာပါဘူး။ ပြီးချင်ရင်ခဏလေးနဲ့ပြီးနိုင်ပါတယ်။

**ညွှဲသည်နှစ်ဦး** ။ ။ ( **ထလျက်** ) ကျွန်တော်တို့ခဏရှောင်ပေးပါ့မယ်။ အားမနာပါနဲ့။

**စံလင်း** ။ ။ ထိုင်ပါ၊ ထိုင်ပါ၊ ကိစ္စမရှိပါဘူး။ ( **ဘိုးဟိန်းဘက်သို့** ) မင်းတို့ဒီလောက်ဆွေးနွေးချင်ရင် ငါက လည်း ဖြောင်ဖြောင်ပြောရတော့မှာပေါ့။ စတာလင်ကိုတောင် မှားတယ်လို့ဆိုနေမှဖြင့်မင်းတို့ဟာကကမ်း ကုန်နေပြီ။ အဲဒီတော့ မင်းတို့နဲ့ငါ ဘယ်နည်းနဲ့မှ ဆက်ပြီး မဆွေးနွေးနိုင်တော့ဘူး။ မင်းတို့လုပ် ချင်တာလုပ်၊ ဒါဘဲ။

**ဘိုးဟိန်း** ။ ။ ဘုရားရဟန္တာကလွဲလို့ အမြဲမှန်တယ်လို့ ဆိုတဲ့လူဟာ ဘယ်မှာမှမရှိနိုင်ဘူး၊ စတာလင်လဲအမြဲမမှန် နိုင်ဘူး၊ စတာလင်ဘိုးအေလည်း အမြဲမမှန်နိုင်ဘူး၊ ဆရာလည်းအမြဲမမှန်နိုင်ဘူး။

**စံလင်း** ။ ။ မင်းတို့ဟာ ဘုရားတွေ၊ ရဟန္တာတွေကို ယုံကြည်တယ်ဆိုတဲ့အထိ ဖောက်ပြန်လာကြရင်တော့ မင်း တို့နဲ့ ငါနဲ့ မြန်ပြန်လမ်းခွဲတာဘဲကောင်းတယ်။

www.burmeseclassic.com

ဘိုးဟိန်း ။ ။ ဒါကတော့ ဆရာကသက်သက်စကားကပ်တာဘဲ၊ ကျွန်တော်က ဘုရားရဟန္တာဆိုတာ စကားအဖြစ်နဲ့ပြောတာ။ ကျွန်တော့်အနေနဲ့ကတော့ ဘုရားကိုလည်း မယုံဘူး။ ရဟန္တာကိုလည်းမယုံဘူး၊ စတာလင်ကိုလည်းမယုံဘူး၊ ဆရာ့ကိုလည်းမယုံဘူး၊ ကုန်ကုန်ပြောမယ်။ ဘယ်သူ့ကိုမှမယုံဘူး။ ယုံစရာဟာ တလောကလုံးမှာကို မရှိဘူး။ လက်ငင်းပတ် ဝန်းကျင်အရ ယုံစရာလို့ ယူဆထားတဲ့ ကိစ္စတစ်ခုဟာ နောက် ပတ်ဝန်းကျင်အရဆိုရင် ယုံစရာဟုတ်ချင်မှ ဟုတ်မယ်၊ အဲဒီတော့ ယုံကြည်စရာ ရယ်လို့ ဘာကိုမှ ဘယ်သူ့ကိုမှ စွဲစွဲမြဲမြဲ ကျွန်တော်မှတ်မထားဘူး။ အစဉ်ပြောင်းလဲနေတဲ့ပတ်ဝန်းကျင်အရ အမှန်ကို ကျွန်တော်တို့ စုပေါင်းတိုင်ပင်ပြီးရှာရမှာဘဲ။ ကဲ....အဲဒီတော့ကျွန်တော်တို့ပြောတာ ဘယ်လိုလည်းဆရာ။

စံလင်း ။ ။ ( **စိတ်တိုလာလျက်** ) ကဲကွာ၊ ငါသဘောမတူဘူး။ ခပ်ရှင်းရှင်းဘဲ

ဘိုးဟိန်း ။ ။ ဒီလိုဆိုရင်၊ ဆရာ့ကို ကျွန်တော်တို့ရဲ့ အဖွဲ့က ထုတ်ပစ်တယ်။

စံလင်း ။ ။ ( ဒေါသကိုမချုပ်တည်းနိုင်ဘဲ ) ဟင်....မင်းတို့ကလားကွာ ( **ထိုင်နေရာမှထပြီးသူထိုင်နေသော ကုလားထိုင်နှင့် ဘိုးဟိန်းကိုပေါက်ရန် ကုလားထိုင်ကိုကုန်း၍အကိုင်လိုက်တွင်အနီးရှိသောသူငယ် တစ်ဦးကဦးစံလင်းကိုတွန်းပစ်လိုက်သည်။ ဦးစံလင်းသည်လဲရာမှကဗျာကယာထပြီးစာပွဲပေါ်တွင် တင်ထားသော လူခေါ် ခလုတ်ကလေးကို နှိပ်လိုက်သည်။ အသံမြည်ပြီး အခန်းထဲမှ စံလင်း၏ တပည့်ကြီး ဘရီထွက်လာသည်။ ၎င်း၏နောက်ကလုလုလည်းပါလာသည်** )။

စံလင်း ။ ။ ဘရီ၊ ဒီကောင်တွေကို ဆွဲထုတ်ပစ်လိုက်။

ဘရီ ။ ။ ဟေ့ကောင်တွေ ထွက်သွားကြကွာ။

ဘိုးဟိန်း ။ ။ ဟေ့ ဘရီ၊ ဒို့မျက်နှာကိုကြည့်စမ်း။ ကော်ငမလေးတွေကို မင်းမျက်လုံးပြူးပြီးခြိမ်းခြောက်လိုက်ရင် ကြောက်မဲ့ အကောင်တွေလို့များ မင်းထင်သလား။ မင်း....အထဲမှာ ကောင်းကောင်းဝင်ထိုင်နေ။ ဒို့အထဲမှာ ဝင်မရှုပ်နဲ့။

စံလင်း ။ ။ ဘရီ ။ ဒီကောင်တွေကို ဆွဲထုတ်ပစ်ကွာ။ ဘာလုပ်နေတာလဲ။ ငါပြောနေတာ မကြားဘူးလား။

ဘရီ ။ ။ မင်းတို့မထွက်ဘူးလား။

ဘိုးဟိန်း ။ ။ မင်းရောမင့်ဆရာစံလင်းရောလာပြီးဆွဲထုတ်ကြည့်စမ်းပါ၊ အကြောင်းသိရအောင်( **ဘရီသည်အခန်းတွင်းသို့ဝင်သွားသည်။ လက်နက်တခုခုယူရန်ဝင်သည်ကိုဘိုးဟိန်းတို့လူစုသိသည်။ ထို့ကြောင့် ၎င်းတို့တွင် အသင့်ယူလာသော ဓားမြှောင်များကိုထုတ်၍ ကိုင်သူကကိုင်ထားသည်၊ကုလားထိုင် ကို ကိုင်သူကကိုင်ထားသည်၊မိန်းကလေးများကလည်းထမီတိုတိုပြင်ဝတ်သူဝတ်ကြသည်။အချို့က လည်းလက်လှမ်းမီရာ ပစ္စည်းတခုခုကိုကိုင်၍ ခုခံရန်အသင့်ပြင် လျက်ရှိကြသည်။ စံလင်းလည်း ဘိုးဟိန်းတို့လူစုက ခုခံရန်အသင့်ဖြစ်နေသည်ကို မြင်၍အံ့အားသင့်လျက်ရှိသည်။ဘရီသည်ငှက် ကြီးတောင်ဓားကိုကိုင်ပြီးထွက်လာသည်** )။

စံလင်း ။ ။ ( **ဘရီကိုလှမ်းပြီးတားလျက်** ) ဘရီ....ခဏနေအုံး ( **ဘိုးဟိန်းတို့ဘက်လှည့်ပြီး** ) မင်းတို့ဒီ လောက်စော်ကားရရင်တော်ရောပေါ့၊ အေးအေးဆေးဆေးသွားကြပါကွာ။

www.burmeseclassic.com

**ဘိုးဟိန်း** ။ ။ ( **အိတ်ထဲမှစာရွက်တရွက်ကိုထုတ်ပြီးဖတ်လျက်** ) မှော်စ်ဝါဒ လေ့လာရေးအဖွဲ့ချုပ်၏ အောက်၌

လက်မှတ်ရေးထိုးကြသည့် အမှုဆောင်ရဲဘော်များသည် လေးလေးနက်နက်စဉ်းစားကြပြီးလျှင်–

( ၁ ) အမြဲတစေရဲရဲရင့်ရင့်ဝေဖန်လေ့ရှိသောရဲဘော်ထွန်းမြင့်အားဦးစံလင်း၏စေခိုင်းချက်အရသူ၏ လက်မရွံ့ အာဏာသားဘရီကချောင်း၍ သတ်ပစ်လိုက်ခြင်း။

( ၂ ) ရဲမေမအေးစိန်အား ဦးစံလင်းက မတရားပြုကျင့်ပြီးနောက် ရဲမေမအေးစိန်သည်၎င်း၏ချစ်သူ မြအေးနှင့်ခိုးရာလိုက်ပြေးသဖြင့်ဦးစံလင်းသည်မအေးစိန်အားလျှို့ဝှက်စွာအဆိပ်ကျွေး၍သတ် ပစ်လိုက်ခြင်း။

( ၃ ) မိမိ၏ ငယ်မွေးခြံပေါက်ဖြစ်သာ တပည့်မရဲမေ လှလှနှင့်မြမြတို့ကိုလည်း ကာမ ဘီလူးကြီး ဦးစံလင်းက ဖက်စီးပစ်ခြင်း။

( ၄ ) တပည့်မကလေးတဦးဖြစ်သော ရဲမေမခင်ဆွေကိုလည်း ၎င်းကာမ ဘီလူးကြီးဦးစံလင်းကပင် ဖျက်စီးရန်သွေးဆောင်ခြင်း။

( ၅ ) အသင်းရံပုံငွေများကိုလည်း စာရင်းနှင့် ကျကျနနမထားဘဲ ငွေစားဘီလူးကြီးဦးစံလင်းသည် တဦးတည်းသဘောနှင့်ထင်သလိုသုံးစွဲခြင်း။

( ၆ ) ဦးစံလင်းသည် မည်သည့်ကိစ္စတွင်မှ အမှုဆောင်အဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ အာဏာရှင်သဖွယ်ကျင့်ခြင်းတို့ကြောင့်–

၎င်းဦးစံလင်းအားယနေ့မှစ၍ မှော်ဝါဒလေ့လာရေးအဖွဲ့ခေါင်းဆောင်အဖြစ်မှဖြုတ်ချလိုက်သည်ဖြစ် ပါကြောင်း။ ရဲဘော်သက်တင်။ ရဲဘော်အောင်သိန်း။ ရဲဘော်ထွန်းညို။ ရဲဘော်ဘိုးဟိန်း။ ရဲဘော် သန်းကြွယ်။ ရဲမေမအေးကြည်။ ရဲမေဝင်းဝင်း။ကဲ....လာကြ။သွားကြမယ်။

**(၎င်းတို့လူစုထွက်သွား ကြသည် )။**

**ဦးစံလင်း** ။ ။ ( **၄င်းတို့ကြားအောင်အော်၍ပြောသည်** )ငါ့ကိုမဟုတ်မဟတ်စွပ်စွဲတဲ့အကောင်တွေအသင့်ပြင်ထား ကြ။အသေရေဖျက်မှုနဲ့ မင်းတို့အားလုံးကို ငါတရားစွဲမယ်။

**ဘိုးဟိန်း** ။ ။ ( **တံခါးဝမှနေပြီး ဦးစံလင်းဘက်သို့ပြန်လှည့်လျက်** )ဆရာကြီးရဲ့စောက်ကျင့်တွေမြန်မြန်ပြင်ရင်

ပြင်မပြင်ရင်ဒီစောက်ကျင့်တွေပေါ်ကုန်တဲ့တနေ့မှာသိုးကလေးတွေလိုဆရာကြီးရဲ့နောက်တကောက်

ကောက်လိုက်နေတဲ့ ရဲဇာနည်ကလေးတွေတောင် ဆရာကြီးကို ပုန်ကန် ကုန်ကြလိမ့်မယ်။ ( **ထွက်သွားသည်။ စိမ်းမောင်တံခါးဆင်းပိတ်သည်** )။

**စံလင်း** ။ ။ (

**သက်မကြီးချပြီးကုလားထိုင်ပေါ်တွင်ထိုင်လိုက်သည်။ဧည့်သည်နှစ်ယောက်ဘက်သို့လှည့်ပြီး** )

ကဲ....အဲဒါသာကြည့်ပေတော့။ ( **၎င်းနောက်တစုံတခုကိုစဉ်းစားပြီးခပ်လှမ်းလှမ်းသို့ကြည့်ပြီး သူ့ ကိုယ်သူစကားပြောနေသကဲ့သို့** ) အင်း ဒီမိုကရေစီ။ ဒီ....မို....က....ရေ...စီ။ လွတ်လပ်စွာ

ဝေဖန် ခွင့် လွတ်လပ်စွာဟောပြောခွင့်၊ လွတ်လပ်စွာရေးသားခွင့် ( **သရော်ပြီးမရယ်ချင့်ရယ်ချင်ရယ်၍** ) ဟား....ဟား။ လူတွေကနည်းပြီးနွားတွေကများတနေတဲ့ ဒီလိုကမ္ဘာကြီးထဲမှာ ဒီမိုကရေစီ ကိုချပေး

www.burmeseclassic.com

လိုက်ရင် ငါးပါးမက သံဃာစင်ကြီးပါမှောက်သွားမှာပေါ့။ ( **သက်မကြီးချလိုက်သည်၊ဌင်းနောက် ဧည့်သည်တွေရောက်နေသည်ကို တဖြည်းဖြည်း သတိပြန်ရလာပြီး )** ဩော်....ရဲဘော်တွေလား။ အင်း သိပ်အားနာစရာကောင်းတာဘဲ။ ဒီကောင်တွေမလွန်လွန်းဘူးလား။ထွီအသဲနာလိုက်တာကွာ။

ငါ့ကြောင့်လူရာဝင်လာရတဲ့အကောင်တွေကအခုလိုလုပ်တော့ ငါမွေးတဲ့မြောက်ငါ့ကိုပြန်ခြောက်တာ မျိုး ဖြစ်နေတာပေါ့။ အေး မင်းတို့လုပ်နိုင်တဲ့အခါ လုပ်ကြပေါ့ကွာ။ရဲဘော်ဇရေဒီကောင်တွေမလွန် လွန်းဘူးလား။

**ဧည့်သည်တဦး** ။ ။ ဟုတ်....ကဲ့။

**ဘရီ** ။ ။ ဆရာကလွှတ်ပေးလိုက်ရောပေါ့။ ဒီလောက်စော်ကားတဲ့အကောင်တွေကို နုတ်နုတ်ပါအောင်စဉ်းပစ် ချင်တယ်။

**စံလင်း** ။ ။ ဒို့အာဏာသိမ်းတဲ့နေ့မှာ အဲဒါကိုရှေးဦးဆုံးလုပ်ရမယ့်အလုပ်တခုအဖြစ်နဲ့မင်းကောင်းကောင်းမှတ် ထားကွယ်။အခုတော့ နွားလိုအကောင်စားတွေနဲ့ ငါ့တပည့်ကြီးကို မလဲနိုင်သေးဘူးကွာ။ကဲ....ဘရီ လည်း နားပါအုံး။လှလှရေဆရာ့နှလုံးငြိမ်ဆေးကလေးတခွက်လောက်ယူခဲ့စမ်းပါ။ဩော်ဒီကရဲဘော် တွေ အတွက်လည်း ထည့်ခဲ့ကွာ ( **လှလှအခန်းထဲသို့ဝင်သွားသည်** ) ရဲဘော်မြစ်နဲ့ ရဲဘော်ဇတို့ ဝီစကီသောက်တယ်မဟုတ်လား။

**ရဲဘော်ဇ** ။ ။ ဟုတ်ကဲ့ သောက်ပါတယ်။

**စံလင်း** ။ ။ တောတွင်းမှာတော့ဝီစကီရရဲ့လား။ ရမှာပေါ့။

**ရဲဘော်ဇ** ။ ။ ရပါတယ်။ မြို့ထဲမှာလိုပါဘဲ။ လိုတာအကုန်ရနိုင်ပါတယ်။

**စံလင်း** ။ ။ တောတွင်းမှာရော အခုလိုကောင်မျိုးတွေ မရှိဘူးလား။

**ရဲဘော်ဇ** ။ ။ ရှိပါတယ်။ ဟိုမှာ သည်မျာထက်ပိုများအုံးမယ်ထင်တယ်။ အားလုံးဗိုလ်တွေချည်းဘဲ။

**စံလင်း** ။ ။ သံမဏိစည်းမျဉ်းလုပ်မထားဘူးလား။

**ရဲဘော်ဇ** ။ ။ လုပ်ထားပါတယ်။ ဒါပေမယ့်စည်းမျဉ်းဆိုတာလုပ်ထားရုံနဲ့မပြီးသေးပါဘူး။ဒီစည်းမျဉ်းကိုလိုက်နာ အောင်လုပ်နိုင်မှ ကောင်းတာဘဲ။အခုတော့တောတွင်းမှာဆိုရင်လူကြီးတွေကလူငယ်တွေကိုအားကိုး နေရတဲ့အခြေအနေမျိုး ရှိနေတော့လူငယ်တွေလုပ်ချင်ရာလျှောက်လုပ်နေတာကိုဘာမှမပြောနိုင်ဘူး။ အပေါ်ကအမိန့်ပေးတာတွေကို မလုပ်ရင်လည်း ဘာမှမတတ်နိုင်ဘူး။ လက်ပိုက်ကြည့်နေရတာဘဲ။ အဲဒီတော့သံမဏိစည်းမျဉ်းဆိုတာနာမည်သာရှိတော့တာပေါ့။

**စံလင်း** ။ ။ အင်း....တော်လှန်ရေးဆိုတာဟာ သံမဏိစည်းမျဉ်းမရှိရင်တော့ နိုင်ဘို့ခဲယဉ်းတယ်။

**ရဲဘော်ဇ** ။ ။ ဆရာပြောတာ မှန်ပါတယ်။ ဒါပေမယ့် တောတွင်းအခြေအနေအရ သံမဏိစည်းမျဉ်းဆိုတာ နာမည် လောက်သာ ရှိတော့တာပါဘဲ။ ကဲ....ဆရာကြီး ကျွန်တော်တို့ အခုလာတာကတော့ တခြားဟာ မဟုတ်ပါဘူး။ အစိုးရနဲ့ တောတွင်းရဲဘော်တွေနဲ့ မျက်နှာစုံညီစည်းဝေးဘို့ဟာမျှော်လင့်ချက်ဘယ် လောက်ရှိသလဲဆိုတာစုံစမ်းဘို့ပါဘဲ။ အစိုးရကလည်းအင်မတန်တင်းမာနေတယ်လို့ကြားရတယ်။ မျှော်လင့်ချက်ရှိသေးသလား။

**စံလင်း** ။ ။ တော်လှန်ရေးသမားတွေမှာ မျှော်လင့်ချက်ဆိုတာ ဘယ်တော့မှ မတုံးရဘူး။ကိုယ့်ရည်ရွယ်ချက်ဟာ တနည်းနဲ့မအောင် တနည်းနဲ့ အောင်အောင်လုပ်ရမယ်။

www.burmeseclassic.com

**ရဲဘော်ဇ** ။ ။ ဆရာပြောတာ မှန်ပါတယ်။ ဒါပေမယ့် တောတွင်းမှာ ခံနိုင်ရည် သိပ်မရှိတော့ဘူး။ စိတ်ဓာတ်တွေ အင်မတန်ကျဆင်းနေတယ်။ အဲဒီတော့ မျက်နှာစုံညီဆွေးနွေးပွဲ မြန်မြန်ဖြစ်နိုင်အောင် ဆရာတို့က ဝိုင်းပြီးကြိုးစားပေးစေချင် တယ်။ ( **လှလှသည် အရက်ဖန်ခွက်များကို ယူ၍ထွက်လာသည်** )။

**စံလင်း** ။ ။ တတ်နိုင်သလောက်ကြိုးစားနေပါတယ်။ မလျှော့ပါဘူး။ ကဲ....သောက်ကြပါအုံး ( **အရက်ဖန်ခွက်များကိုယူ၍ ယောက်ကြသည်** )။ ဒါထက်စကားမစပ်။ မီးရထားလမ်းဖျက်တာတွေ အခုတလော နည်းသွားပါလား။ ဒီကိစ္စနဲ့ ပတ်သက်လို့တောတွင်းလမ်းစဉ် တမျိုးပြောင်းသွားသလား။

**ရဲဘော်ဇ** ။ ။ ပြောင်းတယ်လို့လည်းမဟုတ်ပါဘူး။လမ်းတွေမှာအစိုးရနဲ့အစောင့်အရှောက်တွေလည်းပိုပြီးကောင်းလာတယ်။ နောက်ပြီးတော့လည်းမီးရထားလမ်းတွေကိုဖျက်တဲ့အတွက်လူထုကလည်းကျွန်တော်တို့ကို ပိုပြီးမုန်းလာကြတာကို တွေ့ရတယ်။ နောက်ပြီးတော့လည်း မီးရထားလမ်းဖျက်တိုင်း မဆိုင်တဲ့ မိန်းမတွေ၊ ကလေးတွေ အဘိုးကြီး အမယ်ကြီးတွေအသေအပျောက်များတဲ့အတွက်ရထားလမ်းဖျက်တဲ့ ရဲဘော်ကလေးတွေရဲ့ စိတ်ဓာတ်ကိုလည်း ထိ ခိုက်တယ်။ ဒီတော့ အပေါ်ကလူကြီးတွေအဖျက်ခိုင်းတိုင်းသိပ်မရချင်ဘူး။ အဲဒါတွေကြောင့်ရထားလမ်းဖျက်တာတွေဟာနည်းသွားတာပါဘဲ။ လမ်းစဉ် ပြောင်းတယ်ရယ်လို့တော့ မဟုတ်ပါဘူး။

**စံလင်း** ။ ။ ရဲဘော်တွေ စိတ်ဓာတ်ကို ထိခိုက်တယ်ဆိုတာဟာ ခပ်ရှင်းရှင်း လူဗြိန်းနားလည်အောင် ပြောရရင် သနားတယ်လို့ဆိုတာဘဲ။ ဟုတ်တယ်မဟုတ်လား ရဲဘော်ဇ။

**ရဲဘော်ဇ** ။ ။ ဟုတ်ပါတယ်။

**စံလင်း** ။ ။ တော်လှန်ရေးထဲမှာ သနားတတ်တဲ့အကောင်တွေပါလာရင် ကြပ်ကြပ်သတိထား။ ဒီအကောင် တွေဟာ တော်လှန်ရေးကို ဖျက်ပစ်လိမ့်မယ်။ တော်လှန်ရေးသမားနဲ့ သနားတာနဲ့ဟာ တခြားစီဘဲ၊ ကုန်ကုန်ပြောမယ်။ တော်လှန်ရေးသမားဆိုတာဟာ အဖေနဲ့ အမေရဲ့ အလောင်းတွေကိုတံတားခင်းပြီး သွားမှသာကိုယ့်ရည်ရွယ်ချက် အောင် မြင်မယ်ဆိုရယ် အဖေအမေကိုလည်း သတ်ရဲရမယ်။ရှေးဘုရင်တွေ တုန်းကတော့ ရက်စက်မှမင်းဖြစ်တယ်။ အခုတော်လှန်ရေး ခေတ်မှာရက်စက်နိုင်မှတော်လှန်ရေးသမားဖြစ်တယ်။ ရဲဘော်ဇတို့လည်းအသိသားဘဲ။ အဲဒီတော့ ရဲဘော်ဇတော်လှန်ရေးအောင်ချင်ရင် ခင်ဗျားတို့ တောတွင်းရဲဘော်တွေကိုတော့ ပစ်ထားလို့မဖြစ်ဘူး။ ဒေါင်ဒေါင် ဒေါင်ဒေါင်နဲ့မည်နေတဲ့ သံမဏိ တော်လှန် ရေးသမားတွေဖြစ်နေအောင် လုပ်ပေးဘို့ခေါင်းဆောင်တွေမှာတာဝန်ရှိနေတယ်။

**ရဲဘော်ဇ** ။ ။ တောတွင်းမှာတပ်တွေပျက်နေပါပြီ၊အခုချိန်မှသံမဏိစည်းမျဉ်းတွေဘာတွေသွားလုပ်နေလို့မရတော့ပါဘူးဆရာ။ အမှန်အတိုင်းပြောရရင်အတော်ခပ်များများက လက်နက်ချချင်နေကြပြီ။အစိုးရနဲ့ဆွေးနွေးပွဲပြီးတဲ့အထိ စောင့်ပါအုံးလို့ပြောပြီး အတော်ထိန်းထားရတယ်။ အဲဒီတော့ ဆွေးနွေးပွဲ မြန်မြန်အောင်မြင်အောင်သာ ဆရာတို့က ဖိပြီး ကြိုးစားပေးပါ။ ကျွန်တော်တို့ လာတာကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး အဆရာတို့ကို နှိုးဆော်ပေးဘို့ပါဘဲ။ ကဲ....ကျွန်တော်တို့ သွားပါအုံးမယ်။

**စံလင်း** ။ ။ နေကြအုံးလေ။ ရောက်တဲ့အခါ ဆရာ့သင်တန်းကို ကြည့်သွားပါအုံး။ တော်လှန်ရေး ခေါင်းဆောင်ကောင်းတယောက်ဖြစ်ဘို့ရှေ့အလားအလာရှိတဲ့ခလေးဆယ့်လေးငါးယောက်ကိုဆရာသင်တန်းပေးနေတယ်။ ဆရာ့အနေနဲ့ကတော့လူကြီးတွေကိုအားမကိုးချင်တော့ဘူး။ ခုတင်ကကြည့်ပါလား။တွေ့ကရာတွေ ဇွတ်ပြောပြီးဆင်းသွားကြတယ်။ ဒါဟာတော်လှန်ရေးသမားတွေဖြစ်အောင်ငယ်ငယ်တုန်း

www.burmeseclassic.com

ကစပြီး စနစ်တကျမလေ့ကျင့်ခဲ့ရလို့ဘဲ။ ဒီလိုအကောင်စားတွေနဲ့ကမ္ဘာ့တော်လှန်ရေးကြီးကိုလုပ်ရမယ်ဆိုရင် မှောက်သွားမှာပေါ့။ စည်းမရှိ၊ ကမ်းမရှိ၊ပေါက်လွတ်ပဲစားအုတ်ကြားပေါက်တဲ့မြက်တွေလိုဟာမျိုးနဲ့ကမ္ဘာ့တော်လှန်ရေးကိုမပြောနဲ့၊ဗမာ့တော်လှန်ရေးကိုတောင်မလုပ်နိုင်ပါဘူး။ဆရာ့တခုတည်းသော မျှော်လင့်ချက်ကတော့ ကလေးတွေဘဲ။ ဒါကြောင့် ကလေးတွေကိုဘဲ အထူးဂရုစိုက်ပြီး ဆရာသင်ပေးနေတယ်။ အဲဒီတော့ ကြုံတဲ့အခါ ကလေးတွေသင်တန်းကို ခဏလောက်ကြည့်သွားပါအုံးလား။

ရဲဘော်ဇ ။ ။ နေလို့မဖြစ်ဘူးဆရာ။ ဒီလိုလာခဲ့ရတာ အင်မတန်အရဲစွန့်ပြီးလာခဲ့ရတယ်။ပုလိပ်တွေကကျွန်တော်တို့ကိုကောင်းကောင်းမသိကြသေးဘူး။ဒါကြောင့်လာရဲကြတာ။ ဒီတော့ခပ်မြန်မြန်ပြန်မှဘဲ။နောက်တခေါက်ဆိုရင်တောင် ကျွန်တော်တို့လာလို့ မဖြစ်တော့ဘူးနဲ့တူတယ်။ အဲဒီတော့ စကားဝှက်တခုထားခဲ့ပါရစေ။ ပိတောက်ပန်းဆိုရင် ကျွန်တော်တို့ လွှတ်လိုက်တဲ့ လူလို့ဘဲ မှတ်ပါဆရာ။ ကဲ ကျွန်တော်တို့သွားလိုက်ပါအုံးမယ်။ ဆွေးနွေးပွဲမြန်မြန်အောင်မြင်အောင် တတ်နိုင်သမျှကြိုးစားပေးဘို့ မမေ့ပါနဲ့ဆရာ၊ တောတွင်းကို ဘာများ မှာလိုက်စရာရှိသေးသလဲ။

စံလင်း ။ ။ တော်လှန်ရေးထဲမှာ ပါနေတဲ့အခါ ဒေါင်ဒေါင်မြည်နေတဲ့ တော်လှန်ရေးသမားတွေဖြစ်ပါစေ၊သံမဏိစည်းမျဉ်းရှိပါစေ။ အဲဒါကို ဆရာကမှာလိုက်တယ်လို့ ပြောဖြစ်အောင် ပြောလိုက်စမ်းပါ ရဲဘော်ဇ။

ရဲဘော်ဇ ။ ။ ကောင်းပါပြီ။ ( **ရဲဘော်နှစ်ဦး ထွက်သွားကြသည်။ စိမ်းမောင်သည် တံခါးပိတ်ရန်**

ဆင်းလိုက် **သွားသည်** )။

စံလင်း ။ ။ ဘရီနဲ့ လှလှရေ ( **ခလုတ်နှိပ်လိုက်သည်။ ဘရီနဲ့ လှလှတို့ ထွက်လာကြသည်**

)။ဘိုးဟိန်းတို့ လူစုကတော့ထိုင်နေမှာမဟုတ်ဘူး။ ငါ့ကိုဆက်ပြီးအရှက်ခွဲအုံးမှာဘဲ။ဒီတော့ဒို့ဘာလုပ်ရရင်ကောင်းမလဲ။

ဘရီ ။ ။ ဆရာ့ကိုထိတာတော့ကျွန်တော်မခံဘူး။ အသက်ချင်းလဲရင်လဲရပါစေ။

စံလင်း ။ ။ ဒီကောင်တွေကိုတော့သတ်ရမှာဘဲ။ အနည်းဆုံးဘိုးဟိန်းဆိုတဲ့ ဂမြင်းမသား၊ အုတ်ကြားပေါက်တဲ့မြက်ကိုတော့သတ်ရမှာဘဲ။ သက်တာမှ ရိုးရိုးမဟုတ်ဘူး။ မျက်လုံးတွေကိုဖောက်၊ခြေဆစ်လက်ဆစ်တွေကိုဖြတ်၊ တကိုယ်လုံး ငါးရှင်ါးကျီးမွှန်းသလိုသင်တုန်ဓားထက်ထက်နဲ့မွှန်းပြီးရက်ရက်စက်စက်ကြီးသတ်ပစ်ရမှာဘဲ။ ဒါမှဒို့အဖွဲ့ထဲအမှာ ဖိန့်ဖိန့် တုန်သွားပြီး သံမဏိစည်းမျဉ်းကိုအတည်ပြုလို့ရမယ်။ ဒါပေမယ့်လူလိမ္မာအမျက် အပြင်မထွက်ရဘူးတဲ့။ ဒို့လက်ချက်နဲ့ဒီကောင်သေတယ်ဆိုတာလည်း လူတွေသိရမယ်၊ သတ်တာလည်း သက်သေရှာမတွေ့စေရဘူး။

ဘရီ ။ ။ ဆရာကြီးကြိုက်သလို အစီအစဉ်လုပ်ပေးပါ။ ဆရာအမိန့်ပေးတဲ့အတိုင်းကျွန်တော်လုပ်ပေးပါ့မယ်။

စံလင်း ။ ။ ဒီကောင်တွေကျတော့ ထွန်းမြင့်တို့၊ အေးစိန်တို့ကို ဖျောက်ပစ်ရတာ လောက်မလွယ်ဘူး။ သူတို့အတွက် နည်းတနည်းရှာရမယ်။

ဘရီ ။ ။ ဘိုးဟိန်းဆိုတဲ့အကောင်ဟာသူတို့စာကြည့်တိုက်ကညတိုင်းည၉နက်မှပြန်တာကျွန်တော်သိရတယ်။ အဲဒီကအပြန်အမှောင်ရိပ်တခုက ချောင်းပစ်တာပေါ့။ လွယ်လွယ်လေးပါ ဆရာ။

စံလင်း ။ ။ ငါ့ကိုဒီလောက်အထိစော်ကားထားတဲ့အကောင်တွေကို ဒီလိုလွယ်လွယ်သေရတာလောက်နဲ့ငါမကျေနပ်နိုင်ဘူး။ ဒီအကောင် သေချင်းဆိုးနဲ့ သေရမယ်။ ဒီအကောင် သေချင်းဆိုးနဲ့ သေရမယ်။ (**စာပွဲခုံကိုလက်သီးဖြင့်ထုလျက်** )

www.burmeseclassic.com

သေချင်းဆိုးနဲ့သေရမယ်။လှလှရေနှလုံးငြိမ်ဆေးလေးတခွက်လောက် ယူခဲ့ပါအုံးကွာ။ ( **လှလှသည် ဦးစံလင်း၏ အရက်ခွက်ကို ယူပြီး အခန်းထဲသို့ ဝင်သွားသည်။ စံလင်းနှင့်ဘရီတို့ ဆရာတပည့်နှစ်ယောက်လည်း ငြိမ်လျက တစုံတခုကို စဉ်းစားနေကြဟန်ရှိ သည် )။ ( ဧည့်သည်ခေါင်းလောင်းမြည်သံ ကြားရ၍ စိမ်းမောင်သည်တံခါးကိုဆင်း၍ ဖွင့်ပေး သည်။ လှလှသည်အရက်တခွက်ကို ယူပြီးထွက်လာသည်။ မကြာမီရဲဘော်ကြင်ဝင်လာသည် )။**

**စံလင်း** ။ ။ မောင်ကြင်ရေမင်းလာတာ အခန့်သင့်လိုက်တာကွာ။မင်းကိုအခေါ်ခိုင်းဘို့ငါအခုဘဲစဉ်းစားနေသေးတယ်။

**ရဲဘော်ကြင်** ။ ။ ကျွန်တော်မနက်ကတဲကလာဘို့ဘဲဆရာ။ဟိုကောင်တွေနဲ့အတူတူမလာချင်တာနဲ့နောက်ချန်နေရစ်တယ်။ ဘိုးဟိန်းတို့လူစု လာသွားပြီးပြီမဟုတ်လား။

**စံလင်း** ။ ။ လာသွားပါပြီခင်ဗျား။ စော်ကားသွားလိုက်တာလည်းရစရာကိုမရှိတော့ပါဘူး။

**ရဲဘော်ကြင်** ။ ။ ဒီကောင်တွေက စတာလင်ကိုမှားတယ်လို့ရှို့ချချင်တယ်။ဒါဘယ်ဖြစ်နိုင်မလဲ။ဒီလိုသာလုပ်လိုက်ရင် ကမ္ဘာ့တော်လှန်ရေးကြီးဟာ အမြစ်ကနေပြီးကိုင်လှုပ်လိုက်သလိုဖြစ်သွားမှာပေ့ါ။

**စံလင်း** ။ ။ ဒါပေ့ါ။

**ရဲဘော်ကြင်** ။ ။ ဗုဒ္ဓဘာသာတို့၊ ခရစ်ယာန်ဘာသာတို့၊ အစ္စလမ်ဘာသာတို့ဆိုတဲ့ဘာသာတွေအားလုံးဟာသူတို့ရဲ့ဘုရားတွေမမှားနိုင်ဘူးဆိုတဲ့အချက်အပေါ်မှာတည်ထားတာဘဲ။ဒီလိုဘာသာဝင်တွေကသူတို့ဘုရားတွေမှားတယ်လို့ ဆုလိုက်တာနဲ့တပြိုင်နက် ဒီဘာသာတွေဟာ ရေစုန်မျောမှာဘဲ။ မဟုတ်ဘူးလား ဆရာ။

**စံလင်း** ။ ။ ဟုတ်တာပေ့ါ။

**ရဲဘော်ကြင်** ။ ။ အိန်ဂျဲလ်တို့၊ လီနင်တို့၊ စတာလင်တို့ဆိုတာတွေလည်း ဘုရားငယ်တွေဘဲ မဟုတ်လားဆရာ။

**စံလင်း** ။ ။ အစစ်ပေ့ါ။

**ရဲဘော်ကြင်** ။ ။ အဲဒီတော့ ကမ္ဘာ့တော်လှန်ရေးသမားဆိုတဲ့ လူတွေက ကိုယ့်ဘုရားတွေကိုမှားတယ်လို့ ပြန်ပြီးစွပ်စွဲကြရင် ကမ္ဘာ့တော်လှန်ရေးကြီး ပျက်သွားမှာပေ့ါမဟုတ်ဘူးလား ဆရာ။

**စံလင်း** ။ ။ မောင်ကြင်ပြောတာမှန်တယ်၊ ဒီအတိုင်းဖြစ်ရမှာဘဲ။

**ရဲဘော်ကြင်** ။ ။ အခုစတာလင်မှားတယ်လို့ ကမ္ဘာ့တော်လှန်ရေး သမားတွေက စွပ်စွဲတယ်။ နောက်တခါကျတော့ လီနင်မှားတယ်။ နောက်တခါကျတော့ မာ့ခ်စ်နဲ့အိန်ဂျဲလ်မှားတယ် ဖြစ်လာကြလိမ့်မယ်၊မဟုတ်ဘူးလားဆရာ။

**စံလင်း** ။ ။ ငါ့တပည့်မောင်ကြင်လိုအကောင်တွေအားလုံးသဘောပေါက်ကြရင်ကောင်းမယ်။လှလှရေမောင်ကြင်ဘို့တခွက်ယူခဲ့ပါအုံးဟေ့။ ( **လှလှသည်အရက်ယူရန်အထဲဝင်သွားသည်** )။

**ရဲဘော်ကြင်** ။ ။ ဒီလိုထိုင်နေလို့တော့မဖြစ်ဘူးဆရာ၊ဒီကော်ငတွေကိုတော့တန်ပြန်ရလိမ့်မယ်။ဘယ်လိုတန်ပြန်ရမယ်ဆိုတာ ဆရာစဉ်းစားပြီးပြီလား။

**စံလင်း** ။ ။ အသေးစိပ်တော့မစဉ်းစားရသေးပါဘူး။ အနည်းဆုံးဘိုးဟိန်းတယောက်ကိုတော့ဖောက်ပစ်ရမယ်ဆိုတာ လောက်သာစဉ်းစားရသေးတယ်။

**ရဲဘော်ကြင်** ။ ။ ဟုတ်တယ်။ ဒီကောင်ဟာတယ်စွာတယ်။ ဒီကောင့်ကိုအရင်ဆုံးဖောက်ပစ်ရမှာဘဲ။

www.burmeseclassic.com

**စံလင်း** ။ ။ ဆရာ့အနေနဲ့ကတော့ ဒီအကောင့်ကို သာမန်နည်းနဲ့မဖျောက်ချင်ဘူး။ရက်ရက်စက်စက်ဖျောက်ချင်တယ်၊ ဒါမှကျန်တဲ့အကောင်တွေပါ ရိုးတွင်းချဉ်ဆီအထိ စိမ့်သွားမယ်။ **(လှလှသည်အရက်ခွက်ကိုယူ၍ ဝင်လာသည် )**။

**ရဲဘော်ကြင်** ။ ။ လုပ်ဘို့တော့သင့်တာဘဲ။ ဒါပေမယ့်ဒီကိစ္စကိုတော့ လေးလေးနက်နက်စဉ်းစားရလိမ့်မယ်။

**စံလင်း** ။ ။ ဘာဖြစ်လို့လဲ မောင်ကြင်ရ။ လက်သယ်မပေါ်အောင် လုပ်တဲ့နည်းတွေ ဆရာ့ဆီမှာ အများကြီးရှိပါတယ်။

**ရဲဘော်ကြင်** ။ ။ လက်သယ်ပေါ်တာမပေါ်တာကိုကျွန်တော်စဉ်းစားနေတာမဟုတ်ပါဘူး။ဘယ်လိုဘဲလက်သယ်မပေါ်အောင်လုပ်ပေမယ့် ဆရာ့လက်ချက်ကြောင့်ဆိုတာတော့ဘယ်နည်းနဲ့မှဖုံးလို့ရမှာမဟုတ်ဘူး။နောက်ပြီးတော့လည်းဆရာသိတဲ့အတိုင်းဘဲ။ ဒီကောင်တွေလူသိုက်ကခေတာမဟုတ်ဘူး။ ဆရာ့ကိုပြန်လုပ်မယ့်ဘေးကိုကျွန်တော်စဉ်းစားနေတယ်ဆရာ။ **( စံလင်းသည် အနည်းငယ်မျက်လုံးပြူးသွားသည်၊ သဘောပေါက်သည့်အနေနှင့်ခေါင်းငြိမ့်လျက်ရှိသည် )**

ဒီကောင် တွေကိုဖောက်ဘို့ဆိုတာကောင် မလေးတွေကို ဖျောက်ရတာလောက်တော့မလွယ်ဘူး။ ဒါပေမယ့်အကောင်းဆုံးနည်းကိုစဉ်းစားသေး တာပေါ့။ ဒီကိစ္စကိုမြန်မြန်ထက်ထက်လုပ်လို့မကောင်းဘူး။

**ဘရီ** ။ ။ ထွန်းမြင့်နဲ့စိန်အေးတို့သတ်တဲ့အကြောင်းတွေကို ခုနကဒီကောင်တွေ ဖော်ပြီးဆဲသွားတယ်။ ဒီဟာတွေနဲ့ပတ်သက်ပြီးဒီကောင်တွေ အများကြီးဒုက္ခပေးလိမ့်မယ်ထင်တယ်။

**ရဲဘော်ကြင်** ။ ။ မပေးနိုင်ပါဘူး။ ဒါတွေကို ပုလိပ်ကစစ်ဆေးပြီးမှဘဲ။ သက်သေမပြနိုင်လို့ ပုလိပ်ကိုယ်တိုင် လက်လျှော့လိုက်ရပြီးမှဖြင့် ဒီကောင်တွေကိစ္စနဲ့ပတ်သက်ပြီးဒုက္ခမပေးနိုင်တော့ပါဘူး။

**ဘရီ** ။ ။ ပုလိပ်ကိုတို့ပေးလိုက်တာလည်း ဒီကောင်တွေဘဲထင်တယ်။

**ရဲဘော်ကြင်** ။ ။ ဖြစ်နိုင်တယ်။

**စံလင်း** ။ ။ ဒီကောင်တွေမှဒီကောင်တွေပါဘဲ။ ဒီကောင်တွေဟာပုလိပ်ရဲ့ လက်ကိုင်တုတ်တွေလို့ငါတော့အများကြီးသံသယ ဖြစ်တယ်။ ဒီကောင်တွေ အခုလိုထွက်သွားလိုက်တာ ကောင်းတယ်။ငါ့အတွက်တာဝန်တခုပေါ့သွားတယ်။ ဒီ လိုမှ ထွက်မသွားရင် ဖောက်ပြန်ရေးသမားတွေရဲ့ပဥ္စမံတပ်သားတွေအနေနဲ့ ဒီကောင်တွေကို အရေးယူရမှာဘဲ။

**ဘရီ** ။ ။ ကျွန်တော်တော့ ဒီကောင်တွေကို ဒီလိုလက်ပိုက်ပြီး ကြည့်မနေချင်ဘူး။ ဖျောက်ရမယ်ဆိုရင်လည်း ချက်ချင်းဖျောက်ပစ်။ နောက်ကိစ္စကတော့ ဖြစ်ချင်ရာဖြစ်ပေါ့။ သူချကိုယ်ချပေါ့။

**စံလင်း** ။ ။ ဒီလိုလည်းလုပ်လို့ မဖြစ်သေးဘူး။ ဒီကိစ္စကိုမောင်ကြင်ပြောသလိုလေးလေးနက်နက်စဉ်းစားရမယ်။

**ဘရီ** ။ ။ အဲဒီတော့ ဒီလိုမဖျောက်သင့်သေးဘူးဆိုရင်လည်း ကျွန်တော်တော့တခုလုပ်ချင်တယ်။ဒီကောင်တွေထဲက ဘိုးဟိန်းရဲ့ အိမ်အောက်မှာဖြစ်ဖြစ် တယောက်ယောက်ရဲ့ အိမ်အောက်မှာဘဲဖြစ်ဖြစ်ညဘက်မှာခြောက်လုံး ပြူးတလက်နဲ့ ကျည်ဆံတွေကို သွားဝှက်ထားမယ်။ ပြီးတော့မှ ပုလိပ်ဆီကို စာထုပ်ပစ်လိုက်မယ်။ အဲဒီတော့ ပုလိပ်ကဆက်ပြီးအရေးယူသွားလိမ့်မယ်။ကျွန်တော်တို့နဲ့လွတ်နေတာဘဲမဟုတ်ဘူးလား။

**ရဲဘော်ကြင်** ။ ။ ဒီလိုဇကောလောက်မှဇောက်မနက်တဲ့ အကြံတွေမလုပ်ချင်ကြစမ်းပါနဲ့။ လုပ်မယ့်လုပ်ရင်ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်အောင် သေသေချာချာ အစီအစဉ်နဲ့ လုပ်စမ်းပါ။

**ဘရီ** ။ ။ ဒီအကောင်တွေ အင်မတန်စော်ကားတယ်။ လက်ပိုက်ကြည့်နေလို့မဖြစ်ဘူး။

www.burmeseclassic.com

စံလင်း ။ ။ ဟုတ်တယ်ဒီကောင်တွေ အင်မတန်စော်ကားတယ်။

ရဲဘော်ကြင် ။ ။ ဒီကိစ္စမှာ စောင့်နိုင်လေ အကျိုးရှိလေဘဲဆရာ။ဒီကောင်တွေဟာပုလိပ်ရဲ့သူလျှိုတွေလို့ဆရာအခုဘဲ ပြောခဲ့တယ်မဟုတ်လား။ အဲဒီတော့ပုလိပ်က ဒီအမှုကိုဖျောက်ပစ်လိုက်မှာပေါ့။

စံလင်း ။ ။ အေး၊ ဟုတ်သားဘဲ။ အေးကွယ်။ ဘရီရေ...ဒီကိစ္စတွေကို ဒို့တနစ်လောက် မေ့ထားနိုင်ရင်ကောင်း လိမ့်မယ်။ အခုလိုဒေါသတွေမွှန်နေတုန်း တောင်လုပ်မြောက်လုပ်နဲ့ လျှောက်လုပ်ရင်ကိုယ့်ရှုံးကိုယ့် ပြန် ပတ်မဲ့ ကိစ္စတွေ ကို လုပ်မိမှာစိုးရတယ်။ အေးကွယ်။ မေ့ပစ်လိုက်။မေ့ပစ်လိုက်။ဘရီရေမေ့ပစ် လိုက်ဟေ့။ ငါလည်းမေ့ပစ်လိုက်တော့မယ်။ ( စံလင်းနှင့်ရဲဘော်ကြင်တို့သည် အရက်ခွက်ချင်းထိ ကြပြီး သောက်ချလိုက်ကြသည်။ ဧည့်သည်ခေါင်းလောင်း မြည်သံကြားရသည်၊ စိမ်းမောင်သည် တံခါးဆင်းဖွင့်သည် )။

စံလင်း ။ ။ ( လက်ပတ်နာရီကိုကြည့်ပြီး ) ရဲဗာနည်တွေ လာကြပြီထင်တယ်။ အချိန်တော့စိနေပြီ။ ရဲဗာနည် တွေက အချိန် အင်မတန်မှန်တယ်။ လုလုရေ အရက်ခွက်တွေကို သိမ်းသွားတော့ကွယ်။ တပည့် ကြီးရယ် ( ရဲဘော်ကြင် ၏ ပုခုံးကိုပုတ်လျက် ) လာခဲ့အုံးကွာ ။

ရဲဘော်ကြင် ။ ။ ဟုတ်ကဲ့ဆရာ။ ( ထွက်သွားသည်၊ ရဲဗာနည်များဖြစ်ကြသော အသက်အရွယ်အားဖြင့် တဆယ့် ခြောက်နှစ် တဆယ့်ရှစ်နှစ်အတွင်း ရှိကြသည် မိန်းကလေး ၆ ဦးနှင့်ယောကျ်ားကလေး ၆ ဦး တို့သည် အခန်းထဲသို့ ဝင် လာကြပြီး ၎င်းတို့၏စာပွဲခုံနှင့် ကုလားထိုင်များတွင် နေရာယူကြ သည်။ စံလင်းသည် အတန်းထဲသို့ ဝင်သွားသည်၊ ရဲဗာနည်များသည် အားလုံးမတ်တတ်ရပ်ကြ သည် )။

ဇဖေ ။ ။ ( အတန်းခေါင်းဆောင်၊ ခပ်ကျယ်ကျယ်၊ ခပ်မာမာ ) ကမ္ဘာ့တော်လှန်ရေးခေါင်းဆောင်ကြီးများ ဖြစ် ကြသော မာ့ခ်စ်၊ အိန်ဂျယ်၊ လီနင်၊ စတာလင်တို့ကို အလေးပြု။ ( ရဲဗာနည်များသည်မာ့ခ်စ်၊ အိန်ဂျယ်၊ လီနင်၊ စတာလင်တို့၏ ဓာတ်ပုံများဘက်သို့ လှည့်၍ အလေးပြုကြသည်။ ၎င်းတို့ အလေးပြုပုံမှာ ညာဘက် လက်သီးကိုဆုပ်၍ တထောင်ဆစ်ကို ပုခုံးနှင့်ညီနေအောင် မြှောက်ပြီး ကွေးထားသည် ) ။

ဇဖေ ။ ။ ဆရာကြီးကိုအလေးနီပြု။ ( ရဲဗာနည်များသည်စံလင်းကိုအလေးပြုကြသည်)။

ဇဖေ ။ ။ စ–ဆို ( ရဲဗာနည်များသည် ကမ္ဘာ့တော်လှန်ရေးသီချင်းကို အောက်ပါအတိုင်းဆိုကြသည် )။ ( ကမ္ဘာ့တော်လှန်ရေးအောင်ရမည် ) ၂ တို့ ကိုယ်တိုင်ရှေ့တန်းက သေချင်သေပါစေ၊ အလုပ် သမားလယ်သမားလက်တွဲလို့ညီ။ သွေးစုပ်ခနရှင်အမျိုးဖြုတ်မည်။ ဖက်ဆစ်အရင်းရှင်နယ်ချဲ့ဝါဒ ကမ္ဘာက ကွယ်ပျောက်ရမည်၊ ပစ္စည်းမဲ့အာဏာတို့သာ ပိုင်ဆိုင်သည်၊ အနုပဋိလောမ ရုပ်ဝါဒ သိပ္ပံနည်းကျပြီ၊ ကွန်မြူနစ်ဝါဒနှင့်အညီ လူသားအကျိုးကို သယ်ပိုးနိုင်ပေသည်။

( သံပြိုင် ) မာ့ခ်စ် လီနင်ဝါဒသည် လောကနိဗ္ဗာန်တည်ဆောက်မည်။ပန်းတိုင်းပွင့်ပါစီ၊အလုပ် သမားတွေအလုပ်ရုံပိုင်သည်၊ လယ်သမားတွေလယ်ကိုပိုင်ပြီ၊ သွေးချွေးဖွဲနဲ့အရင်းပြုတည်၊ရောဂါ ဘေးနဲ့ငတ်မွတ်ရေး ဆင်းရဲခြင်းကင်းမဲ့တဲ့ ကမ္ဘာကြီးဖြစ် စေမည်။ အရှေ့လေပြေ အနောက်ကို ကျော်ဖြတ်ပြီး စက္ကူကျားသာ ( ဖြစ်သည် ) ၂ ။

www.burmeseclassic.com

( ၎င်းတို့စပြီးဆိုသည်နှင့် တပြိုင်နက် ဧည့်သည်ခေါင်းလောင်း တီးသံကြားရသည်။ စိမ်းမောင် သည် တံခါးဖွင့်ပေးရန် ထွက်သွားသည်။ အတော်ကလေး ကြာသောအခါ ဝန်ကြီးကိုယ်ရံတော် တစ်ဦးဝင်လာသည်။ သူ့နောက်မှ ပြည်ထဲရေးဝန်ကြီး ဦးဘိုးလုံးနှင့်ဝန်ကြီးကတော်ဒေါ်ခင်သိုက် ဝင်လာကြသည်။ ၎င်းတို့နှင့်အတူ အဖော်ယောက်ျားတဦးနှင် မိန်းမတဦးပါလာကြသည်။ကိုယ်ရံ တော်သည် နောက်ချန်၍ တံခါးဝ၌ ရပ်နေသည်။ ၎င်းတို့သည်ရဲဇာနည်များသီချင်းဆိုနေသည် ကို မနှစ်မြို့သော မျက်နှာထားများနှင့် ကြည့်နေကြသည်။ ရဲဇာနည်များသည်သီချင်းဆိုမြဲတိုင်း ဆို၍ ပြီးသည်အထိ စိတ်လိုက်မာန်ပါ သီဆိုကြသည် )။

ဒေါ်ခင်သိုက် ။ ။ ( **သီချင်းပြီးသည်နှင့်တပြိုင်နက် စံလင်းကိုလက်ညှိုးထိုး၍** ) ဒီကဆရာလား။

စံလင်း ။ ။ ဟုတ်ကဲ့ ဘာကိစ္စများရှိလို့ပါလဲ။

ဘိုးသောင်း ။ ။ ( **ဒေါသနှင့်** ) မေမေနဲ့ဖေဖေ ဒီမှာဘာလာရှုပ်နေသလဲ။

ဒေါ်ခင်သိုက် ။ ။ လူကလေး၊ ဒီအလေနတော တွေ့ကရာရှစ်သောင်းတွေသင်နေတဲ့ သင်တန်းကိုတက်တာ မေမေရော ဖေဖေရော မကြိုက်ဘူးလို့ မေမေပြောထားတယ်မဟုတ်လား။လာပါသားရယ်၊မေမေတို့နဲ့ပြန်လိုက်ခဲ့ပါ၊ဒီလိုကျောင်းမျိုးဟာသူတော်ကောင်းတွေဆိုရင်လာထိုင်နေဘို့မပြောနဲ့အရိပ်တောင်နင်းသင့်တဲ့ ကျောင်းမျိုး မဟုတ်ပါဘူးသားရယ်။

ဘိုးသောင်း ။ ။ မေမေတို့ဒီမှာ လာမရှုပ်ပါနဲ့။ သွားပါ။ ပြောစရာရှိရင် ကျွန်တော်အိမ်ပြန်လာမှပြောပါ။ သွားကြ။ သွားကြ။

ဦးဘိုးလုံး ။ ။ ဘိုးသောင်း....မင်းမလာဘူးလား။

ဘိုးသောင်း ။ ။ မလာဘူး။

ဦးဘိုးလုံး ။ ။ ( **ဒေါသနှင့်** ) ခွေးမသား....လာခဲ့။

ဘိုးသောင်း ။ ။ မလာဘူး။

ဦးဘိုးလုံး ။ ။ မင်းမလာဘူးလား။ လာမလား။ ( **အတင်းဆွဲထုတ်ရန်ဟန်ပြင်လေသည်** )။

ဘိုးသောင်း ။ ။ ( **အိတ်ထဲကခါးမြှောင်ကိုဆွဲထုတ်ပြီး** ) လာလေ၊ အကြောင်းသိရအောင်။

ဒေါ်ခင်သိုက် ။ ။ ကိုရွှေလုံး၊ မသွားနဲ့၊ မသွားနဲ့။ ( **ဦးဘိုးလုံးကို ဒေါ်ခင်သိုက်နှင့် အဖော်များက ဝိုင်းပြီးဆွဲထား ကြသည်** )။

ဦးဘိုးလုံး ။ ။ ( **သူ၏သားကိုစိမ်းစိမ်းကြည့်လျက်** ) အမ်မာ၊ မင်းကလားကွာ။

စံလင်း ။ ။ ကဲ ကဲ ဘိုးသောင်းကလည်း ထိုင်ကွာ။ ( **ဘိုးသောင်းသည်ထိုင်လိုက်သည်** ) ဝန်ကြီးနဲ့ ဝန်ကြီးကတော်တို့လည်း ထိုင်ပါအုံး။ အေးအေး ဆေးဆေး ပြောကြတာပေါ့ ခင်ဗျာ။ ထိုင်ကြပါအုံး။ ( **ဘိုးသောင်း၏မိဘများသည်မထိုင်ဘဲ မတ်တတ်ရပ်လျက်ရှိကြသည်** )နေပါအုံးဝန်ကြီးကတော် ခုတင်က ပြောတဲ့အထဲမှာ ဒီသင်တန်းကိုအလေနတောတွေ သင်နေတဲ့ သင်တန်းလို့ ပြောတာကြား လိုက်ရတယ်။ ကျွန်တော်တို့ဒီသင်တန်းမှာ ဘာတွေများသင်နေတယ်လို့ ကြားရလို့လဲ။

ဒေါ်ခင်သိုက် ။ ။ ဘာတွေသင်တယ်ဆိုတာကိုတော့ကိုယ်ဟာကိုယ်သိကြမှာပေါ့၊အလေနတော ဟုတ်လားမဟုတ်လား ဆိုတာ၊ ဒါကိုဘဲကြည့်လေ၊ ကျွန်မတို့သားဟာ အုတ်ကြားမြက်ပေါက် မဟုတ်ပါဘူး။ မိုင်းကောင်း

www.burmeseclassic.com

ကျောက်ဖိထဲကပါ။ အခုဒီသင်တန်းတက်မိခါမှကိုယ့်အဖေတောင် ကိုယ်ပြန်သတ်မယ့်ဘဝမျိုးအထိ ရောက်နေပြီ။

ဘိုးသောင်း ။ ။ ဒီသင်တန်းနဲ့ ဒါနဲ့ ဘာမှနမဆိုင်ဘူး။ သွားကြ။ သွားကြ။ ဒီမှာလာရှုပ်မနေကြနဲ့။

ဦးဘိုးလုံး ။ ။ ဘိုးသောင်း။ မင်းလိုက်ချင် အခုလိုက်ခဲ့နော်။ နောက်တော့မင်းငါ့ကို အဆိုးမဆိုနဲ့။ ငါ့အိမ်ရိပ်ကို တောင်မနင်းရတဲ့ မခြေအနေမျိုးကို မင်းရောက်သွားလိမ့်မယ်။

ဘိုးသောင်း ။ ။ ရောက်ပေစေ။

ဦးဘိုးလုံး ။ ။ အေး....ကောင်းပြီ။မင်းဒီကနေ့ကစပြီးငါမင်းကိုသေခန်းရှင်ခန်းဖြတ်မယ်။မခင်သိုက်လာ။သွားမယ်။

ဒေါ်ခင်သိုက် ။ ။ နေပါအုံး....ကိုရွှေလုံးရယ်။ ( ဦးဘိုးလုံးကို ဆွဲထားသည်။ဦးဘိုးလုံးသည်ထွက်သွားရန်ရုန်းလျက် ရှိသည်။ )

ဦးဘိုးလုံး ။ ။ ( **ရုန်းလျက်** ) ဟာ ဒီလောက်တောင်စော်ကားနေတဲ့သား။ ဘာဖြစ်လို့မပြတ်နိုင်ရမှာလည်းကွာ။ ဒင်းကို သေခန်းရှင်ခန်းဖြတ်တယ်ဆိုတာ ဒီကနေ့သီတင်းစာတွေထဲ ထည့်ပြီးကြော်ငြာမယ်။

ဘိုးသောင်း ။ ။ စုဋ္ဌလိပ်ကို ရေထဲလွှတ်သလိုဖြစ်နေမှာပေါ့။ ဖေဖေတို့လို ဖောက်ပြန်ရေးသမား၊ လာဘ်စားသမား၊ ကဇော်သမား၊ကြာသမား၊ဖဲသမားကိုအဖေအဖြစ်ကစွန့်ပစ်ချင်တာကြာပြီ။ဖေဖေကဒီလိုစလိုက်တော့ ကျွန်တော်က ဝမ်းသာတာပေါ့။

ဦးဘိုးလုံး ။ ။ ( **ဒေါသတွေမွှန်ပြီးတအားရုန်း၍ထွက်သွားရင်း** ) ဟာ....ဟာ၊ ဒီလောက်စော်ကားတာတော့ကွာ။ စော်ကားတာတော့ကွာ၊ ဖယ်ကွာ၊ ဖယ်၊ ဖယ် ( **ထွက်သွားလေသည်** )။

ဒေါ်ခင်သိုက် ။ ။ သားကလေးတစ်ယောက်ကယ်လို့ အင်မတန်အလိုလိုက်ထားခဲ့တယ်။ မင်းကဒီလို အမိုက်စော်ကားတာကောင်းသလား....လာပါသားရယ်။ မင်းဒီလိုလုပ်နေရင် မေမေသေရလိမ့်မယ်။

ဘိုးသောင်း ။ ။ သေချင်လည်းသေတော့မေမေ။ ဖေဖေ့ရဲ့ လုပ်ပုံကိုင်ပုံတွေကို ကျွန်တော်အများကြီးရှက်တယ်။ဖေဖေ လုပ်နေတာတွေကို အသဲနာလို့ ကျွန်တော်ဒီသင်တန်းကိုရောက်လာတာ။ဒါအတိုချုပ်ဘဲ။ကျွန်တော် ပြန်မလာဘူး။ မေမေသာ အေးအေးဆေးဆေးပြန်တော့။

ဒေါ်ခင်သိုက် ။ ။ ( **ရှိုက်ကြီးတငင်ငိုလျက်** ) အေး....အေး ပြောပါကွယ်။ ပြောပါ ပြောပါ။ ( **ဆို့တက်လာသောကြောင့်စကားမပြောနိုင်ချေ။ ၎င်းနောက်ရှိုက်ကြီးတငင်ငိုလျက်ထွက်သွားသည်။ ၎င်းအဖော်များလည်း လိုက်သွားကြသည်** )။

စံလင်း ။ ။ ဘိုးသောင်းရေ....ရဲဗာနည်တွေအားလုံးသိရအောင် မင်းဘာဖြစ်လို့ဒီကိုရောက်လာရတယ်ဆိုတာကို တနေ့ကဆရာကြီးကို ပြောပြသလို ပြောပြစမ်းပါအုံးကွာ။

ဘိုးသောင်း ။ ။ ကျွန်တော့်အဖေဟာဝန်ကြီးဆိုပြီးဣန္ဒြေရရမနေဘူး။ အရက်သောက်တယ်၊ ဖဲရိုက်တယ်၊မိန်းမလိုက်တယ် အဲဒီလိုလုပ်လို့ ရတဲ့လခနဲ့မလောက်တော့ လာဘ်စားရတယ်။ရဲဗာနည်တွေလည်းသိပြီးသားဖြစ်မှာပါဘဲ။ တလောတုန်းကဆိုရင် ကျွန်တော့်အဖေဟာအရက်တွေမူးပြီး ဖါသယ်မတယောက်နဲ့ ပျော်ပါးနေတုန်း ကျွန်တော့် အမေကသွားပြီးမိတယ်။ ကျွန်တော့်အမေကည်းခပ်ကြမ်းကြမ်းဆိုတော့ ဒီလိုမိတာနဲ့အဖေ့ကိုတခါထဲပါးဆွဲပြီးရိုက်တာဘဲ။အဖေကလည်းအရက်တွေမူးနေတော့သူ့ကိုယ်သူ မထိန်းနိုင်ဘူး။ သိပ်အော်တာဘဲ။၊ အရပ်ကလည်း ဒီလိုအရက်တွေမူးမူးပြီးဆူတာတွေကိုစောက်မြင်ကပ်နေတာ ကြာပြီထင်ပါရဲ့။ခဲတွေနဲ့ရောပုလင်းတွေနဲ့ရောဝိုင်းပြီးပေါက်လိုက်ကြတာနောက်တနေ့ကျတော့ ကျွန်တော်လည်းဘယ်သွားသွားခေါင်းကို မဖော်ရဲတော့ဘူး။ ကျောင်းသွားလည်း ကဇော်

www.burmeseclassic.com

ဝန်ကြီး။ ကြာသမားဝန်ကြီး၊ ဖဲသမား ဝန်ကြီး၊ ငွေစားဘီလူးဝန်ကြီးဆိုတဲ့ ပိုစတာတွေဟာကျောင်းနံရံတွေမှာ အားလုံးပြည့်နေတာဘဲ။နောက်တော့ကျောင်းနံရံတွေမှာတောင်မကဘူး။ကျွန်တော့်စာပွဲခုံပေါ်မှာတောင် လာကပ်ထားကြတယ်။ စာပွဲခုံထဲမှာလည်း ကျွန်တော့်အဖေရဲ့အကြောင်းတွေကိုစုံနေအောင် ရေးထားတဲ့စာတွေကို လာထည့်ထားကြတယ်။ တချို့ခပ်ရမ်းရမ်းကျောင်းသားတွေကျတော့ ကျွန်တော်ရှိတဲ့ နေရာနဲ့ မလှမ်းမကမ်းကနေပြီးကဇော်ဝန်ကြီးကွ၊ကြာဝန်ကြီးကွ၊ဖဲသမားဝန်ကြီးကွ၊ငွေစားဘီလူးဝန်ကြီးကွလို့ ပြောကြသေးတယ်။ တိုတိုပြောရမယ်ဆိုရင် ကျွန်တော်လည်းရှက်တာနဲ့ ကျောင်းမတက်တော့ဘူး။ အိမ်ထဲက အိမ်ပြင်ကိုလည်း မထွက်တော့ဘူး။ဘယ့်နှယ်လုပ်ပြီးတက်လို့ထွက်လို့ ဖြစ်တော့မလဲ။ ကျောင်းထဲမှာ ဘယ်နေရာသွားသွားကျောင်းသားတွေကသူတို့ဟာသူတို့ရယ်ကြရင်လဲ ကျွန်တော့်ကို ဝိုင်းလှောင်ကြတယ်လို့ ကျွန်တော့်စိတ်ထဲမှာ ဖြစ်နေတာဘဲ။ တိုးတိုးတိုးတိုးနဲ့ ပြောနေကြရင်လည်း ကျွန်တော့်အကြောင်းကို ပြောနေတယ်လို့ ကျွန်တော့်စိတ်ထဲမှာ ဖြစ်နေတာဘဲ။ ကျွန်တော့်ကိုကြည့်ကြရင်လည်း ကဇော်သမားရဲ့သား လာနေပြီဆိုတဲ့အကြည့်မျိုးနဲ့ ကြည့်နေတယ်လို့ဘဲ ကျွန်တော့်စိတ်ထဲမှာ ဖြစ်နေတာဘဲ။ အရပ်ထဲမှာ လျှောက်သွားရင်လည်း လူတွေက ဒီလိုဘဲပြောင်နေတယ်။ ဒီလိုဘဲ ကြည့်နေတယ်လို့ဘဲကျွန်တော့်စိတ်ထဲမှာဖြစ်နေတာဘဲ။ မော်တော်ကားစီးသွားရင်လည်း လာဘ်စားထားတဲ့ပိုက်ဆံတွေနဲ့ဝယ်ထားတဲ့ကားကြီးပေါ့လို့လူတွေကဝိုင်းပြီး မေးထိုးတာကို မြင်ရသလိုလို၊ ဝိုင်းအော်ကြတာကို ကြားရသလိုလို၊ကျွန်တော့်စိတ်ထဲမှာ ဖြစ်ဖြစ်နေတယ်။ အဲဒီလိုဖြစ်နေတုန်း မြသန်းက ဒီ ကျောင်းဒီမှာရှိတယ်ဆိုတာနဲ့ ကျွန်တော်လည်း ဒီကိုရောက်လာခဲ့တာဘဲ။ကျွန်တော့်အဖေအတွက်ကျွန်တော်သိပ်ရှက်တယ်။တနေ့နေ့တော့ကိုယ့်ကိုကိုယ် သတ်ချင်သတ်။ ဒီလိုမှမသတ်ရင်လည်း ကမန်တော့်အဖေကို သတ်ရမှာဘဲ ဆရာကြီး။ ဒီသဘောနဲ့ ဒီဓါးမြှောင်ကို ကျွန်တော်ဝယ်ထားတာဘဲ။

**စံလင်း** ။ ။ မင်းကိုယ်ကိုမင်းသတ်သေလိုက်မယ်ဆိုရင်ဖေါက်ပြန်ရေးသမားလောကကြီးကိုမင်းဒူးထောက်လိုက်ရာ ရောက်မှာပေါ့။အရှုံးပေးလိုက်ရာရောက်မှာပေါ့၊တော်လှန်ရေးသမားတယောက်ရဲ့အဓိကလုပ်ငန်းဆိုတာ ဒီလိုဖေါက်ပြန် ရေးသမားတွေကို လောကကြီးထဲကရှင်းလင်းပြီး လောကနိဗ္ဗာန်ထူထောင်ဘို့ဘဲ။ မင်းတို့ကိုအခုလို သင်တန်းပေးနေတာဟာ တခြားအတွက်မဟုတ်ဘူး ။ ဒီဖောက်ပြန်ရေးသမားတွေကို အမြစ်ကပါသုတ်သင်ရှင်းလင်းပစ်မယ့် ကမ္ဘာ့တော်လှန်ရေးကြီးမှာ မင်းတို့တတွေလည်း ရှေ့တန်းကနေပြီး ပါနိုင်ကြဘို့ဘဲ။ ကြားလားဟေ့....ဘိုးသောင်း။

**ဘိုးသောင်း** ။ ။ ဟုတ်ကဲ့ဆရာကြီး။

**စံလင်း** ။ ။ ( **ရဲဇာနည်များအားလုံးသို့** ) ကြားကြလားဟေ့။

**ရဲဇာနည်များ** ။ ။ ( ပြိုင်တူ ) ဟုတ်ကဲ့ဆရာကြီး။

**စံလင်း** ။ ။ ဘိုးသောင်းရေ။

**ဘိုးသောင်း** ။ ။ ခင်ဗျာ။

**စံလင်း** ။ ။ ဖောက်ပြန်ရေးသမားဖြစ်လာရင် အဖေအမေကိုတောင်မရှောင်ဘူး။သတ်ပစ်ဖို့အထိစဉ်းစားနိုင်တယ်ဆိုတာ တခြားဟာမဟုတ်ဘူး။ တော်လှန်ရေးသမားစစ်စစ်တယောက်ဖြစ်နိုင်လောက်အောင် မင်းရဲ့စိတ်ဓာတ်ဟာ ရင့်သန်နေပြီဆိုတာကို ပြတာဘဲ။ မင်းရဲ့စိတ်ဓာတ်ကို ဆရာကြီး ချီးကျူးတယ်။ ဘိုးသောင်း....ကြားလားဟေ့။

ဘိုးသောင်း ။ ။ ဟုတ်ကဲ့ဆရာကြီး။

စံလင်း ။ ။ တို့တော်လှန်ရေးသမားအချို့မှာ အဖေစွဲ အမေစွဲတွေ ရှိကြတယ်။ ဒီအစွဲတွေဖြုတ်ပစ်ဘို့အတွက် ဆရာကြီးတခုရှင်းပြချင်တယ်။ တကမ္ဘာလုံးမှာ ရှိတဲ့လူတွေကို အဖေရယ်၊အမေရယ်၊သားသမီးရယ်၊ လင်ရယ်၊ မယားရယ်၊ ညီအကိုမောင်နှမရယ်၊ ဆွေမျိုးသားချင်းရယ်ဆိုပြီး မခွဲခြားရဘူး။ဒီလိုခွဲခြား တာ မှုမမှန်ဘူး။ ဒီလိုခွဲခြားတာဟာတော်လှန်ရေးသမားတွေရဲ့ခွဲခြားနည်းမဟုတ်ဘူး။တော်လှန်ရေး သမား တွေရဲ့ခွဲခြားနည်းအတိုင်းဆိုရင်လောကမှာလူနှစ်မျိုးနှစ်စားသာရှိတယ်တမျိုးကခေါင်းပုံဖြတ် တဲ့သူ။ နောက်တမျိုးကခေါင်းပုံဖြတ်ခံရတဲ့သူ၊ဒီနှစ်မျိုးဘဲရှိတယ်။သည့်ပြင်တနည်းနဲ့ပြောရအုံးမယ် ဆိုရင် တမျိုးကသွေးစုတ်တဲ့လူ၊အခြားတမျိုးကသွေးစုတ်ခံရတဲ့လူဒီနှစ်မျိုးဘဲရှိတယ်။အဲဒီတော့မိဘ လုပ်တဲ့သူတွေဟာ သွေးစုတ်အတန်းအစားထဲမှာပါနေရင် တော်လှန်ရေးသမားစစ်စစ်ကတော့ ညှာ နေမှာ မဟုတ်ဘူး၊ ဖောက်ဖက်ပစ်လိုက်ရမှာဘဲ ဘိုးသောင်းရေ။

ဘိုးသောင်း ။ ။ ဟုတ်ကဲ့။

စံလင်း ။ ။ မင်းရဲ့အဖေကို တနေ့သောအခါ မင်းကိုယ်တိုင်ကြိတ်ပစ်ရတော့မယ်ဆိုရင်လိပ်ပြာရှင်းရှင်းနဲ့ကြိတ် ပစ်နိုင်အောင် ငါ့တပည့်ကြီးကို မိဘဆိုတာနဲ့ပတ်သက်ပြီး ပညာပေးရအုံးမှာဘဲ။ဆရာကြီးအခုပြော မယ့် ဟာ– ဟာ ဒို့လုပ်နေတဲ့တော်လှန်ရေးကြီးမှာအင်မတန်အရေးကြီးတဲ့အတွက်ရဲဘောနည်းအားလုံး ဂရုစိုက် ပြီးနားထောင်ကြကွာ။ ကြားကြလားဟေ့။

ရဲဗောနည်းများ ။ ။ ( ပြိုင်တူ ) ဟုတ်ကဲ့ဆရာကြီး။

စံလင်း ။ ။ “ မြင်းမိုရ်တောင်ဦး၊ မကကျူးတဲ့၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်ဆရာ ” အစရှိတဲ့ စာတွေကို ဆရာကြီးတို့ ငယ်ငယ်ကရွတ်ရတယ်။ အခုတော့ မရွတ်တာကြာလို့ မေ့ပျောက်ကုန်ပါပြီ၊အဲဒီစာ အရ မိဘတို့၊ ဆရာတို့ ဆိုတာ တွေဟာ ကျေးဇူးရှင်တွေဆိုတာကို မင်းတို့ယုံကြသလား။

အကဲခတ်လျက် ( **တတန်းလုံးငြိမ်နေကြသည်။ စံလင်းသည်မျက်နှာများကို လျှောက်ကြည့်ရင်း ရှိသည်** )။

စံလင်း ။ ။ ကဲ ဒီလိုဆိုရင် ဘိုးသောင်းဘဲဖြေစမ်း၊ မိဘတွေဟာ ကျေးဇူးရှင်ဆိုတာ ငါ့တပည့်ယုံသလား။

ဘိုးသောင်း ။ ။ ( **မတ်တတ်ရပ်လျက်** ) မိဘတွေဟာ လူကောင်းတွေဆိုရင်တော့ ကျေးဇူးရှင်တွေဖြစ်မယ်လို့ ကျွန်တော် ထင်တယ်။

စံလင်း ။ ။ ထိုင်၊ ဘိုးသောင်းထိုင်၊ မင်းမှားပြီ။ လူကောင်းတွေဆိုတာ သွေးမစုတ်ရင်လို့ဆိုတာလား။

ဘိုးသောင်း ။ ။ ဟုတ်ကဲ့။

စံလင်း ။ ။ မိဘဆိုတာဟာ သွေးမစုတ်ရင်လူကောင်းဖြစ်ရုံဘဲရှိအုံးဖြစ်မယ်။လူကောင်းဖြစ်ရုံနဲ့ကျေးဇူးရှင်မဖြစ် နိုင်သေးဘူး။လူကောင်းနဲ့ကျေးဇူးရှင်ဟာတခြားစီဘဲ။ဒီအချက်ကိုရှင်းသွားအောင်ဆရာကြီးပြန်ပြော အုံးမယ်။ မိဘတွေဟာ သွေးမစုတ်ရင် လူကောင်းဖြစ်ရုံဘဲရှိအုံးမယ်။ကျေးဇူးရှင်မဖြစ်နိုင်သေးဘူး။ ဒီတော့ မင်းတို့မေးနိုင်တယ်။ကျွန်တော်တို့ကျမတို့ကိုမွေးထုတ်တဲ့အတွက်မွေးပြီးတော့ဘဝါးလက် နှစ်လုံး ပုခုံးလက်နှစ်သစ်အရွယ်ကစပြီးကြီးပြင်းလာတဲ့အထိကျွေးမွေးလာခဲ့ရတဲ့အတွက်မိဘဆိုတာ ကျေးဇူးရှင်တွေမဖြစ်ထိုက်ဘူးလား။ဒီလိုမေးမယ်ဆိုရင်မင်းတို့မေးနိုင်ပါတယ်။ဒီလိုမွေးထုတ်ပေးတဲ့ အတွက် မွေးထုတ်လိုက်ပြီးတဲ့နောက် ဒီလိုကျွေးမွေးလာတဲ့အတွက် မိဘတွေကို ဘာမှကျေးဇူးတင် စရာ မရှိဘူး။ ဘာကြောင့် ကျေးဇူးတင်စရာမရှိဘူးဆိုတာကိုဆရာရှင်းပြမယ်။ယောကျ်ားဘဲဖြစ်ဖြစ်၊

www.burmeseclassic.com

မိန်းမဘဲဖြစ်ဖြစ် လူတိုင်မှာ ကာမ ရာဂစိတ်ဆိုတာရှိတယ်။ မင်းတို့နားလည်အောင်ပြောရရင် လူတိုင်းမှာ ကမြင်းချင်တဲ့စိတ်ရှိတယ်။ အဲဒီကမြင်းချင်တဲ့စိတ်ကြောင့် ယောကျ်ားတွေကလည်း မိန်းမယူကြတာဘဲ။ မိန်းမတွေကလည်းယောကျ်ားယူကြတာဘဲ။ အဲလိုယူကြပြီးဒီယောကျ်ားတွေနဲ့ ဒီ မိန်းမတွေဟာ ကမြင်းကြရင်း ကလေးတွေမွေးလာတာဘဲ။မိဘလုပ်တဲ့လူတွေကမြင်းပြီးသားတွေ သမီးတွေ မွေးလာရတယ်ဆိုတာဟာ လယ်ပြင်မှာဆင်သွားသလို ထင်ရှားနေတယ်ဆိုရင်ဒီလိုမွေး ပေးတဲ့ မိဘတွေကိုကျေးဇူးတင်ရမှာလား။ ( **ရဲဇာနည်များ ဘာမှမပြောငြိမ်နေသည်** )။ ဘယ့်နှယ် လဲကွ။ ဆရာကြီးမေးတာ ဖြေကြအုံးမှပေါ့။ ဒီလိုမိဘတွေကမြင်းရင်းက မွေးလာကြတဲ့ အတွက် သားသမီးတွေက မိဘတွေကို ကျေးဇူးတင်ရမှာလား။

**ရဲဇာနည်များ** ။ ။ ( **သံပြိုင်ခပ်တိုးတိုး** ) မတင်ရဘူး။

**စံလင်း** ။ ။ ( **မကျေနပ်သောအမူအရာဖြင့်** ) ခပ်ကျယ်ကျယ်ကလေးဖြေကြကွယ်၊ ကျေးဇူးတင်ရမှာလား။

**ရဲဇာနည်များ** ။ ။ ( **သံပြိုင်ပို၍ကျယ်လျက်** ) မတင်ရဘူး။

**စံလင်း** ။ ။ ကျေးဇူးတင်ရမှာလား။ မတင်ရဘူးလား။

**ရဲဇာနည်များ** ။ ။ ( **သံကုန်ဟစ်လျက်** ) မတင်ရဘူး။

**စံလင်း** ။ ။ အေး အဲဒီလိုမှပေါ့၊ ငါ့တပည့်တွေအခုမှသဘောပေါက်ကြတာကိုး၊နောက်ပြီးတော့ဖဝါးလက်နှစ်လုံး ပုခုံးလက်နှစ်သစ် အရွယ်ကနေပြီးလူလားမြောက်တဲ့အထိ ကျွေးမွေးလာတဲ့အတွက်လည်းသားသမီး တွေက မိဘတွေကို ကျေးဇူးတင်ဘို့မလိုဘူး။သူတို့ကမြင်းကြောထပြီးသားသမီးတွေကိုမွေးလာကြ တာဖြစ်တဲ့ အတွက် သားသမီးတွေကို ကျွေးမွေးဘို့တာဝန် ဒီမိဘတွေမှာရှိနေတယ်။ဒီလိုသားသမီး တွေကို မကျွေးမွေးရင် မိဘတွေဟာ သူတို့ရဲ့ အဓိကတာဝန်ပျက်ရာ ကျနေမှာပေါ့။ အဲဒါကြောင့် သူတို့ရဲ တာဝန်အရသားသမီးတွေကို ကျွေးမွေးရတာဖြစ်တဲ့အတွက် သားသမီးတွေကဒီမိဘတွေကို ကျေးဇူးတင်နေဘို့ လိုသေးသလား။

**ရဲဇာနည်များ** ။ ။ ( **ခပ်တိုးတိုး** ) မလိုဘူး။

**စံလင်း** ။ ။ လိုသေးသလား။

**ရဲဇာနည်များ** ။ ။ ( **ပို၍အသံကျယ်လျက်** ) မလိုဘူး။

**စံလင်း** ။ ။ လိုသေးသလား။

**ရဲဇာနည်များ** ။ ။ ( **အသံကုန်ဟစ်လျက်** ) မလိုဘူး။

**စံလင်း** ။ ။ အေး။ သဘောပေါက်မယ့်ပေါက်ရင် ဒီလိုပေါက်မှပေါ့ကွ။ ဒီအချက်ကြီးကိုမင်းတို့ကောင်းကောင်း သဘောပေါက်ကြရမယ်နော်။ ဒီလိုပေါက်မထားရင် ခေါင်းပုံဖြတ်မိဘတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ကျေးဇူးရှင်တွေဆိုပြီး မင်းတို့ကြောက်ဒူးတွေ တုန်နေကြလိမ့်မယ်။ ဆရာ့တပည့်ကြီးဘိုးသောင်းလို ရဲမှာမဟုတ်ဘူး။ မင်းတို့လုပ်စရာရှိတာတွေကို မလုပ်ရဲဘဲ လက်နှေးနေကြလိမ့်မယ်။ အဲဒါကြောင့် ဆရာအခုပြောခဲ့တဲ့ အချက်တွေကို မင်းတို့မြဲမြဲ စွဲစွဲ မှတ်ထားကြရမယ်။ ကြားလားဟေ့။

**ရဲဇာနည်များ** ။ ။ ( **သံပြိုင်** ) ဟုတ်ကဲ့ ဆရာကြီး။

**စံလင်း** ။ ။ ဒါပေမယ့်ဘိုးသောင်းရေ။ မင်းရဲ့အဖေဟာ ဘယ်လိုဘဲ ဖောက်ပြန်ဖောက်ပြန် အခုတို့တတွေရဲ့ ပတ်ဝန်းကျင် အခြေအနေအရ သတ်ပစ်တဲ့အထိ ခြေလှမ်းလို့တော့မရသေးဘူး။ ကြားလားဟေ့ ဘိုးသောင်း။

www.burmeseclassic.com

**ဘိုးသောင်း** ။ ။ ဟုတ်ကဲ့ဆရာကြီး။

**စံလင်း** ။ ။ အခု လောလောဆယ် သတ်ဘို့ဆိုတာက ဒီလိုရှိတယ်ဟေ့။ဒို့တော်လှန်ရေးသမားတွေရဲ့လက်ထဲကို အာဏာမရောက်ခင် ဒီဖောက်ပြန်ရေးသမားတွေကို သွားသတ်ရင်လူသတ်မှုဖြစ်လိမ့်မယ်။ဒို့အာဏာ ရပြီးတဲ့အခါမှ ဒီခေါင်းပုံဖြတ်သမားတွေကို သတ်ရင် သုတ်သင်ရှင်းလင်းရေးသာ ဖြစ်လိမ့်မယ်။ ဆရာကြီးပြောတာ သဘောပေါက်ကြရဲ့လားဟေ့။ ( **စံလင်းသည်ရဲဖော်နည်းများ၏ မျက်ခွက်ကို လျှောက်ကြည့်ရင်း အကဲခတ်လျက်ရှိသည်** ။ **မိန်းကလေးရဲဖော်နည်းတဦးသည် လက်ညှိုးထောင်လိုက်သည်** )။ အေး....ဟုတ်ပြီ၊ မစိန်တင်။

**မစိန်တင်** ။ ။ ( **မတ်တတ်ရပ်လျက်** ) အခုသတ်ရင် ကျမတို့သတ်တာဟာ ဘယ်လောက်မှန်ပေတဲ့ ကျမတို့က အစိုးရမှ မဟုတ်ဘဲ။ လူသတ်မှုနဲ့ အဖမ်းခံရမှာပေါ့။ အစိုးရဖြစ်လာရင် ဘယ့်သူ့ဖြစ်ဖြစ် ကိုယ်နဲ့ မတည့်ရင် သတ်ပစ်နိုင်တာဘဲ။ ဒီတော့လူသတ်မှုမဖြစ်ဘူး။ သုတ်သင်ရှင်းလင်းမှုဖြစ်မှာပေါ့။

**စံလင်း** ။ ။ ( **ပြုံးလျက်** ) ငါ့ တပည့်ကြီးက အတွေးအခေါ် အတော် ကောင်းသားဘဲ။ ကဲ နောက်တယောက် ဘယ်သူ ပြောနိုင်သေးသလဲ။ ( **လက်ညှိုးထိုးလျက်** ) မောင်စံ။

**မောင်စံ** ။ ။ မစိန်တင်ပြောတဲ့အတိုင်းပါဘဲ။

**စံလင်း** ။ ။ ထိုင် ထိုင် ( **လက်ညှိုးထိုးလျက်** ) လှဖေ။

**လှဖေ** ။ ။ ( **မတ်တတ်ရပ်လျက်** ) ဖောက်ပြန်ရေးသမားတွေကိုတော့ အကုန်လုံးသတ်ပစ်ရမှာဘဲ။ကျွန်တော်တို့ အာဏာရရင် ပထမဆုံးလုပ်ရမယ့်အလုပ်က ဒါဘဲ။ အဲဒါကြောင့် ကျွန်တော်တို့အာဏာရတဲ့အခါ ဒီဖောက်ပြန်ရေးသမားတွေကို သတ်ပစ်တာဟာ ပြည်သူလူထုထဲက လူရှုပ်တွေကို ရှင်းပစ်လိုက်တာဘဲ။ ဒါပေမယ့် အခုအခါ အာဏာမရသေးခင်သူတို့ကို သွားသတ်ရင်ကျွန်တော်တို့လုပ်တာမှန်ပေတဲ့ လူသတ်မှုနဲ့ အဖမ်းခံရမှာဘဲ။

**စံလင်း** ။ ။ ( **လက်ညှိုးထိုးလျက်** ) မခင်လှ။

**မခင်လှ** ။ ။ ( **မတ်တတ်ရပ်လျက်** ) လက်ရှိလူ့လောကကြီးဟာ ဖောက်ပြန်နေတဲ့လောကကြီးဘဲဆရာကြီး။လူထု တွေကို ဒီမိုကရေစီဆိုတဲ့ စကားလုံးနဲ့ လူလယ်တွေက မှိုင်းတိုက် လိုက်တယ်။ ကိုယ်ကြိုက်တဲ့ အစိုးရ ကိုယ်တင်မြှောက်နိုင် တယ်ဆိုတော့ လူထုက အဟုတ်ထင်တာပေါ့။ ဒါပေမယ့် လူထုကခပ် (အ) (အ) ဆိုတော့ ရွေးကောက်ပွဲတွေ လုပ်တိုင်းလုပ်တိုင်းဖောက်ပြန်ရေးသမားတွေချည်းဘဲအရွေး ခံရတာဘဲ။ ဒီဖောက်ပြန်ရေး သမားတွေက လွှတ်တော်တွေ ထဲရောက်တော့ သူတို့ရဲ့ ဖောက်ပြန်မှု တွေကို အကာအကွယ်ပေးမယ့် ဥပဒေတွေချည်းဘဲ လုပ်ကြတယ်။အဲဒီလိုလူစားတွေကလုပ်ထားတဲ့ ဥပဒေတွေနဲ့ ထူထောင်ထားတဲ့ လောကကြီးထဲမှာ ဖောက်ပြန်တာဟာ တရားဝင်တယ်။ ဖောက်ပြန် ရေးသမားတွေကို သတ်တာဟာ လူသတ်မှုဖြစ်တယ် ( **ဧည့်သည်ခေါင်းလောင်းတီးသံကြား၍စိမ်း မောင်သည် တံခါးကိုဆင်းဖွင့်သည်** ) ။ကျမတို့တော်လှန်ရေးကြီးအောင်မြင်ရင် ဒီဖောက်ပြန်ရေး သမားတွေရေးဆွဲထားတဲ့ ဖောက်ပြန်ရေးဥပဒေတွေကိုအကုန်လုံး အမြစ်ကနေလှန်ပစ်ရမယ်။တော်လှန် ရေးလောကကြီးထဲမှာ ဖောက်ပြန်တာဟာ အရေးအကြီးဆုံး အပြစ်ကြီးတခုဖြစ်ရမယ်။ သေဒဏ်ပေး ရမယ့် အပြစ်ကြီး ဖြစ်ရမယ်။ အဲဒီလိုလုပ်လိုက်ရင်တော်လှန်ရေးလောကကြီးထဲမှာလူရှုပ်တွေ၊လူပွေ တွေ၊ ခေါင်းပုံဖြတ်သမားတွေ၊ မှောင်ခိုဈေး သမားတွေ၊ အမြတ်ကြီးစားသမားတွေဟာသူ့ဟာနဲ့သူ ရှင်းသွားမှာဘဲ။

အဲဒါကြောင့် ကျွန်မတို့ တော်လှန်ရေးသမားတွေရဲ့ လက်ထဲကို အာဏာရောက်တဲ့ အခါ ဒီဖော်ကပြန်ရေးသမားတွေကိုသတ်တာဟာသုတ်သင်ရှင်းလင်းရေးဖြစ်တယ်လို့ ခေါ်တာဘဲ။

**စံလင်း** ။ ။ ( **ခေါင်းညိမ့်လျက်** ) ကောင်းတယ်။ သိပ်ကောင်းတယ်။ ဆရာကြီး ရှင်းပြရင်လည်း ဒီအတိုင်းဘဲ ရှင်းပြရမှာဘဲ။ မခင်လှဟာ အတော့်ကိုတိုးတက်နေပြီ။ ကဲ ဟော့ မိဘဆိုတာဟာ ကျေးဇူးရှင်မဟုတ်ဘူးဆိုတာကို ဆရာကြီးရှင်း ပြီးတဲ့နောက် မင်းတို့ကို မေးခွန်းတခု မေးချင်တယ်။ တကယ့်ကျေးဇူးရှင်တွေက ဘယ်သူတွေလဲ။

**ရဲဗာနည်မိန်းကလေးတဦး**။ ။ ( **ထလျက်** ) ကားမာ့ခ်စ်။

**စံလင်း** ။ ။ ဟုတ်ပြီ နောက်ဘယ်သူတွေရှိသေးသလဲ။

**ရဲဗာနည်တဦး** ။ ။ ( **ထလျက်** ) အိန်ဂျဲလ်စ်၊ လီနင်၊ စတာလင်။

**စံလင်း** ။ ။ ဟုတ်ပြီနောက်ဘယ်သူတွေရှိသေးသလဲ။

**ရဲဗာနည်မိန်းကလေးတဦး**။ ။ ဆရာကြီး။

**စံလင်း** ။ ။ ဟုတ်ပြီ။ သူတို့က ဘာဖြစ်လို့ ကျေးဇူးရှင်တွေဖြစ်ကြသလဲ။

**ရဲဗာနည်တဦး** ။ ။ ကမ္ဘာ့တော်လှန်ရေးကြီးရဲ့ ခေါင်းဆောင်ကြီးတွေဖြစ်လို့။

**စံလင်း** ။ ။ ဒီအဖြေကို ဆရာကြီးကြိုက်တယ်။ ဘာဖြစ်လို့ကျေးဇူးရှင်တွေဖြစ်ကြသလဲ။

**အားလုံး** ။ ။ ( **သံပြိုင်** ) ကမ္ဘာ့ တော်လှန်ရေးကြီးရဲ့ ခေါင်းဆောင်ကြီးတွေ ဖြစ်လို့။ ( **စံလင်းသည် ၃ ကြိမ်တိုင် တိုင်မေး၍ အားလုံးက ၎င်းအတိုင်း ၃ ကြိမ်တိုင်တိုင်ဖြေကြရသည်။ စိမ်းမောင်သည် သုတ်သီးသုတ်ပြာ မောကြီးပန်းကြီးအခန်း တွင်းသို့ ပြေးဝင်လာသည်** )။

**စိမ်းမောင်** ။ ။ ဆရာကြီး....ပုလိပ်တွေလာနေတယ်။

**စံလင်း** ။ ။ လာလာပေါ့ကွာ။ ပုလိပ်လာတာနဲ့ ဒီလောက်တောင်ဘာဖြစ်လို့ အလန့်တကြား ဖြစ်ရတာလဲ။ ဘိုးသောင်းရေ မင်းအဖေ ဖောက်ပြန်ရေးသမားကြီးတို့ လွှတ်လိုက်လို့ ပုလိပ်တွေ မင်းကိုခေါ်ရအောင် လာတာထင်တယ်။ ( **ဆင် အင်စပက်တော်ဘဇံနှင့် ရဲသားတဦးသည် အခန်းတွင်းသို့ ဝင်လာကြသည်** )။

**စံလင်း** ။ ။ ဘာလဲဗျ။ ခင်ဗျားတို့ ကျုပ်တပည့်ဘိုးသောင်းကို ခေါ်ရအောင်လာတာလား။

**ဆင်အင်စပက်တော်**။ ။ ဘိုးသောင်းဆိုတာဘယ်သူလဲခင်ဗျာ၊ ကျွန်တော်တို့လဲ မသိရပါလား။

**စံလင်း** ။ ။ ဩော်....ဒါဖြင့်ဘာကိစ္စပါလဲ။ကျွန်တော်တို့ကဘိုးသောင်းကိုခေါ်ဘို့များလာတာလားလို့။ ဘာကိစ္စလာကြတာလဲ။

**ဆင်အင်စပက်တော်**။ ။ အရေးကြီးတဲ့ အမှုတမှုအတွက် စုံစမ်းစရာလေး နည်းနည်း ရှိလို့လာခဲ့တာဘဲ။ သင်တန်းပြီးအောင် သင်ပါအုံး။ ကျွန်တော်စောင့်နေပေါ့မယ်။

**စံလင်း** ။ ။ အခုပြီးတော့မှာဘဲ၊အားလုံးပြီးပါပြီ၊ထိုင်ကြပါအုံး။လှလှရေ....ရဲအရာရှိတွေကိုဆေးလိပ်တွေဘာတွေ ပေးကွာ။ ကဲ....ခဏထိုင်ကြအုံးနော်။ ( **ရဲဗာနည်များဘက်သို့** ) ကဲ၊ တပည့်တို့ ဒီကနေ့တော့ ဒီလောက်နဲ့ဘဲ တော်ကြအုံးစို့ကွာ။ မင်းတို့ပြန်ချင်ပြန်နိုင်ပြီ။

**အတန်းခေါင်းဆောင်**။ ။ ( **အသံခပ်မာမာ** ) ရဲဗာနည်တွေအားလုံးမတ်တတ်....ထ ။ ကမ္ဘာ့တော်လှန်ရေးခေါင်းဆောင်ကြီးတွေကို အလေးနီပြု။ ( **ရှေးနည်းအတိုင်း အလေးပြုကြသည်** ) ဆရာကြီးကို အလေးနီပြု ( ရှေးနည်းအတိုင်း အလေးပြုကြသည်။ အားလုံးထွက်သွားကြသည် )။

www.burmeseclassic.com

**စံလင်း** ။ ။ လှလှရေ၊ ရဲအရာရှိကြီးတွေကို ဝီစကီပေးကွာ။

**ဆင်အင်စပက်တော်**။ ။ ဟာ....နေပါစေ၊ ကျွန်တော်မသောက်တတ်ပါဘူး။ **( လှလှသည်စံလင်းကိုကြည့်သည်၊ စံလင်းက လက်ပြလိုက်သဖြင့် အခန်းထဲသို့ဝင်မသွားဘဲ ရပ်နေသည် )** ။

**စံလင်း** ။ ။ ကဲ....ဘာမှုများပါလိမ့်။

**ဆင်အင်စပက်တော်**။ ။ မအေးစိန်ကို သတ်တဲ့အမှုနဲ့ ပတ်သက်ပြီး ဦးစံလင်းအိမ်မှာ ကျွန်တော်တို့ နည်းနည်းရှာချင်တယ်။ **( အိမ်ထဲရှာရန် ဝရမ်းစာကိုထုတ်ပြီး ဦးစံလင်းအား ပေးလိုက်သည်။ ဦးစံလင်းသည် ဝရမ်းစာကိုဖတ်ပြီး ဆင်အင်စပက်တော်ကို ပြန် ပေးလိုက်သည် )**။

**စံလင်း** ။ ။ ဒီအမှုဟာ စုံစမ်းပြီးဘာမှမတွေ့လို့ ပိတ်လိုက်ပြီးပြီမဟုတ်လား။

**ဆင်အင်စပက်တော်**။ ။ ဒီအမှုနဲ့ပတ်သက်တဲ့ အင်မတန် အရေးကြီးတဲ့ သက်သေခံ ပစ္စည်းတခုကို မကြာခင်က ရဲအဖွဲ့ကရတယ်။ အဲဒါကြောင့် ဒီအမှုကိုပြန်ဖွင့်ရတယ်။

**စံလင်း** ။ ။ **( လန့်လျက် )** ဒီသက်သေခံပစ္စည်းဆိုတာ ဘာပါလဲ။ ကျွန်တော်မသိရဘူးလား။

**ဆင်အင်စပက်တော်**။ ။ အခုတော့ ကျွန်တော်မပြောနိုင်သေးပါဘူး။ နောက်တော့သိရမှာဘဲ၊ အဲဒီတော့ ဒီအိမ်မှာ ကျွန်တော်တို့ ခဏရှာပါရစေ။

**စံလင်း** ။ ။ **( ကြောက်သည့်လန့်သည်အမူအရာမပေါ်အောင် အတော်ကလေးဟန်လုပ်လျက် )** ရှာပါ၊ ရှာပါ၊ ရှာ နိုင်ပါတယ်။ သူငယ်မကလေး သေသွားတာ ကျွန်တော်တို့အားလုံးလည်း စိတ်မကောင်းပါဘူး အင်စပက်တော်မင်းရဲ့။ ဒီသူ ငယ်မကလေးဟာ ကျွန်တော်တို့တပည့်တွေအားလုံးထဲမှာ ကျွန်တော် အားအကိုးဆုံးဘဲ။ ဒီဟာကလေး သေသွားတယ်ဆိုတော့ ကျွန်တော့်လက်ရုံး တဘက် ပြုတ်သလို ဖြစ်သွားတာပေါ့။

**ဆင်အင်စပက်တော်**။ ။ **( ရဲသားသို့ )** မောင်လှ အောက်မှာစောင့်နေတဲ့ အရပ်လူကြီးတွေကို သွားခေါ်လိုက်ကွာ။

**ရဲသား** ။ ။ ဟုတ်ကဲ့။ **( ထွက်သွားသည် )**။

**ဆင်အင်စပက်တော်**။ ။ ဦးစံလင်းဘက်ကလည်း သက်သေနှစ်ဦးလောက်ပေးပါ။

**စံလင်း** ။ ။ မလိုပါဘူး။ အင်စပက်တော်မင်းကို ကျွန်တော်ယုံကြည်ပါတယ်။ ရှာသာရှာပါ။

**ဆင်အင်စပက်တော်**။ ။ ယုံကြည်ရုံနဲ့ မပြီးပါဘူးခင်ဗျာ။ ကျွန်တော် ဥပဒေအရ ပြောနေတာပါ။ ရှာတဲ့အခါမှာ ဥပဒေအရ ဦးစံလင်းတို့ဘက်ကလည်း သက်သေထည့်ရပါတယ်။

**စံလင်း** ။ ။ ဒီလိုဆိုရင်ဖြင့် ဘရီနဲ့ လှလှတို့ဘဲဝင်ပြီး သက်သေလုပ်လိုက်ကြကွာ။

**လှလှ** ။ ။ ကျွန်မတို့က ဘာလုပ်ရမှာလဲ။

**ဆင်အင်စပက်တော်**။ ။ ကျွန်တော်တို့ မတရားမလုပ်နိုင်အောင် ကျွန်တော်တို့ဘက်ကရှာတဲ့လူတွေနဲ့ခင်ဗျားတို့အတူလိုက်ပေါ့ဗျ။ ဒီလောက်လုပ်ရင် ပြီးတာပါဘဲ။ **( အရပ်လူကြီး နှစ်ဦးနှင့် ရဲသားတို့ဝင်လာကြသည် )**။ ကဲ.... ကျွန်တော်တို့က မရှာခင် ကျွန်တော်တို့ကိုယ်ကို ရှာကြပါ။

**စံလင်း** ။ ။ မလိုပါဘူး။

**ဆင်အင်စပက်တော်**။ ။ လိုပါတယ်။ လိုပါတယ်။ အဲဒါဥပဒေအရပြောရတာပါဘဲ။

**စံလင်း** ။ ။ **( ရယ်လျက် )** ဒီအိမ်မှာ ဘိန်းရှာမှာတော့ မဟုတ်လူးထင်ပါရဲ့။ **( ဆင်အင်စပက်တော်၏ကိုယ်ကို ရှောက်စမ်းသည် )** ။ ဘရီကလည်း အရပ်လူကြီးတွေကို ရှာကွာ။

**အရပ်လူကြီးများ** ။ ။ ရှာပါ။ ရှာပါ။ **( ဘရီသည်အရပ်လူကြီးများကိုလည်း စံလင်းကဲ့သို့ပင် လျှောက်စမ်းသည် )**။

www.burmeseclassic.com

**စံလင်း** ။ ။ ကျေနပ်ပါပြီ။

**ဆင်အင်စပက်တော်။** ။ **( ရဲသားနှင့်အရပ်လူကြီးများသို့ )** မောင်လှနဲ့လူကြီးတွေက အခန်းထဲမှာဝင်ပြီးရှာပါ။ **( ရဲသားနှင့်အရပ်လူကြီးများသည် အခန်းထဲသို့ဝင်သွားကြသည်။ လှလှနှင့်ဘရီတို့လည်း ဝင်လိုက်သွားကြသည်။ ဆင်အင်စပက်တော်လည်း စံလင်း၏ စာပွဲခုံပေါ်နှင့် စာပွဲခုံအံဆွဲထဲမှ စာရွက်များနှင့် စာအုပ်များကို တခုပြီးတခုဟိုကြည့် သည်ကြည့်ကြည့်လျက်ရှိသည် )**။

**စံလင်း** ။ ။ **( ဆင်အင်စပက်တော်အနီးတွင်ရပ်လျက် )** အင်စပက်တော်မင်းကို ကျွန်တော် တွေ့ဘူးတယ်ထင်တယ်။

**ဆင်အင်စပက်တော်။** ။ ဟုတ်ကဲ့….တွေ့ဘူးမှာပေါ့။

**စံလင်း** ။ ။ ဒီကိုပြောင်းလာတာ မကြာသေးဘူးထင်တယ်။

**ဆင်အင်စပက်တော်။** ။ ဟုတ်ကဲ့။

**စံလင်း** ။ ။ ဘယ်ကပြောင်းလာတာလဲ။

**ဆင်အင်စပက်တော်။** ။ ပုသိမ်က။

**စံလင်း** ။ ။ ဇာတိကဘယ်အရပ်သားလဲ။ မေးနေတာစိတ်မဆိုးနဲ့နော်။

**ဆင်အင်စပက်တော်။** ။ မဆိုးပါဘူး။ ဇာတိပဲခူးသားဘဲ။

**စံလင်း** ။ ။ ဩော် မေ့နေလိုက်တာ။ **( ဆေးလိပ်ဘူးကိုယူ၍ ဆင်အင်စပက်တာ်ကိုပေးလေသည် )**။ ဆေးလိပ်သောက် ပါအုံး။

**ဆင်အင်စပက်တော်။** ။ နေပါစေ။ ကျွန်တော်မသောက်ပါဘူး။

**စံလင်း** ။ ။ သောက်ပါအုံး၊ အေးအေး ဆေးဆေးပေါ့ဗျာ **( မပြုံးချင်ပြုံးချင်နှင့် ပြုံးလျက် )** အဆိပ်ခတ်မထား ပါဘူး။

**ဆင်အင်စပက်တော်။** ။ **( စာရွက်များဖတ်နေရာမှမော့ပြီး စံလင်း၏မျက်လုံးကိုစိုက်ကြည့်လျက် )** ကျွန်တော်မသောက်ပါ ဘူး။

**စံလင်း** ။ ။ ကျွန်တော်တို့မှာ ရန်သူတွေဝိုင်းနေတယ်ဗျာ။ ဒီရန်သူတွေကတော့ ကျွန်တော့်ကိုမပြုတ်ပြုတ်အောင် ချမှာဘဲ။

**ဆင်အင်စပက်တော်။** ။ **( စာရွက်များကိုကြည့်မြဲကြည့်လျက် )** ဟုတ်ကဲ့။

**စံလင်း** ။ ။ ဒီကနေ့ဘဲကျွန်တော့်နေရာကိုလိုချင်တဲ့ ကျွန်တော့်တပည့်တွေ ကျွန်တော့်ကို ပုန်ကန်ပြီးထွက်သွားကြတယ်။ ခင်ဗျားကြီးကောင်းကောင်းနေ ကျုပ်တို့အကြောင်းကို ကောင်းကောင်းသိမယ်လို့ ကြိမ်းသွားတယ်။ မကြာခင်သိရမယ်လို့လဲ အားရပါးရကြိမ်းသွားလိုက်သေးတယ်။ အဲဒီတော့ ကျွန်တော်တို့ အနေနဲ့ဟာ အင်မတန်သတိထားပြီးနေရတယ်။ အင်စပက်တော်မင်းရဲ့။

**ဆင်အင်စပက်တော်။** ။ **( စာရွက်များကိုကြည့်မြဲကြည့်လျက် )** ဟုတ်ကဲ့။

**စံလင်း** ။ ။ အမှန်အတိုင်း ပြောရမယ်ဆိုရင် အင်စပက်တော်မင်းရယ် ကျွန်တော့်ကိုအမှုဆင်ပြီးချမှာ ကျွန်တော် အင်မတန်စိုးတယ်။

**ဆင်အင်စပက်တော်။** ။ မတရားတာ မဖြစ်နိုင်ပါဘူး….ဦးစံလင်း။

www.burmeseclassic.com

**စံလင်း** ။ ။ အင်စပက်တော်မင်းတို့ဘဲတရားအတိုင်းဖြစ်အောင်ကြည့်ပြီးစောင်မပါ။ (**ဆင်အင်စပက်တော်သည် စာရွက်များကိုဖတ်မြဲ ဖတ်နေသည်။ ဘာစကားမှမပြန်** ) ကျွန်တော့်ရန်သူတွေက

ဒီကောင်မလေး အေးစိန်ကို ကျွန်တော်အ ဆိပ်ခတ်သတ်တယ်လို့ ဆင်ချင်နေတယ်။

**ဆင်အင်စပက်တော်**။ ။ ဒါကတော့ တရားအတိုင်းဖြစ်ရမှာပေါ့ဗျာ။

**စံလင်း** ။ ။ ဒီကောင်မကလေးဟာ ကျွန်တော် အချစ်ဆုံး တပည့်မလေး တယောက်ပါဘဲ။ အင်စပက်တော်မင်းရယ်။ အင်မတန်လည်း အားကိုးရပါတယ်။ ကျွန်တော့်လက်ရုံးတခုလို့ဆိုပါတော့ခင်ဗျာ။ အဲဒီတော့ ကိုယ့်လက်ရုံးကို ကိုယ်ပြန်ပြီး ဖြတ်ပါ့မလား။ အင်စပက်တော်မင်းဘဲ စဉ်းစားကြည့်ပါ။မဟုတ်ဘူး လားအင်စပက်တော်မင်း။ ( **ဆင်အင်စပက်တော်လည်း ဘာမှပြန်မပြောဘဲစာရွက်များနှင့်စာအုပ် များကို ဖတ်မြဲဖတ်လျက်ရှိသည်။ ဧည့်သည်ခေါင်းလောင်းမြည်သံကြားပြီး စိမ်းမောင်သည်တံခါး ဆင်းဖွင့်သည်** )။

အင်စပက်တော်မင်းက ဒီအရပ်ကိုပြောင်းလာတာမကြာသေးလို့ သိမှသိနိုင်ပါ့ မလားမသိဘူး။ ဘိုးဟိန်းတို့သန်းကြွယ်တို့ဆိုတဲ့ကောင်လေးတသိုက်ရှိတယ်။ ဒီကောင်လေးတွေနဲ့ အင်စပက်တော်မင်းတွေ့ဘူးပြီလား။

**ဆင်အင်စပက်တော်**။ ။ ( **စာရွက်များကိုဖတ်မြဲဖတ်လျက်** ) ကျွန်တော်ဒီသူငယ်တွေကို မသိဘူး။ ( **မြမြနှင့်စိမ်းမောင်တို့ အခန်းထဲဝင်လာကြသည်** )။

**စံလင်း** ။ ။ အေး....မြမြထိုင်အုံး၊ ပြီးတော့မှအေးအေးဆေးဆေးစကားပြောတာပေါ့ကွယ်။ ( **မြမြသည် ကုလားထိုင်တခုတွင်ထိုင်မည်အလုပ်တွင်** ) အေး....အေး။ လှလှတို့အထဲမှာ ရှိတယ်ဟေ့။

မြမြအထဲသွား။ ( **မြမြသည်အခန်းထဲသို့ဝင်သွားသည်** ) အင်းခုနကဟာ ပြန်ဆက်ရအုံးမယ်။ ဘိုးဟိန်းတို့ သန်းကြွယ် တို့ဆိုတဲ့ ကောင်ကလေးတွေကတော့ ဒီနယ်မှာ လူတေ လူလွင့် ကလေးတွေဘဲ။ ကျွန်တော် သနားတာနဲ့ဒီကောင်ကလေးတွေကိုလူကောင်းကလေးတွေဖြစ်အောင်မြေတောင်မြှောက်ပေးခဲ့တယ်။ အခုတော့ ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ခြောက်တယ် ဆိုတာမျိုးလို ကျွန်တော့်ကိုပြန်ချကြတယ် လေ။ခုနကသာအင်စပက်တော်မင်းလာမယ်ဆိုရင်ပွဲကောင်းတခုကိုဒီမှာကြည့်ရမှာဘဲ။ဒီကောင်လေး တသိုက်က ကျွန်တော့် ကလော် ဆဲထားတဲ့ စာရွက်စာတမ်းတွေကို ကြီးကြီးကျယ်ကျယ်ဖတ်ပြီးအိမ် ပေါ်က ဝုန်း ဒိုင်းနဲ့ ဆင်းသွားကြတယ်။ ကျွန်တော်မို့လို့ပေါ့အင်စပက်တော်မင်းရယ်။ဒီပြင်လူသာ ဆိုရင် ဒီနေရာမှာဘဲ ပွဲချင်းပြီးသွားမှာပေါ့။ အဲဒီလောက်အထိအစော်ကားခံရတယ်။ကျွန်တော့်အနေ နဲ့ ကတော့ သည်းခံရမှာပေါ့လေ။ ဒီကောင်ကလေးတွေနဲ့ ဖက်ပြီးရန်ဖြစ်နေလို့ဘယ်ကောင်းမလဲ။ ( **ရဲသားမောင်လှသည် ဒိုင်ယာယီစာအုပ်တအုပ်ကို ကိုင်ပြီးထွက်လာသည်။ ၎င်းနောက်ကအရပ် လူကြီးများ၊ ဘရီ၊ လှလှ၊ မြမြတို့လည်း ပါလာကြသည်** )။

**မောင်လှ** ။ ။ ( **ဆင်အင်စပက်တော်သို့** ) ဒီမှာတွေ့ဘီ ဆရာ။

**ဆင်အင်စပက်တော်**။ ။ ( **စာရွက်များဖတ်နေရာမှ မော့်ကြည့်ပြီး မောင်လှလက်ထဲမှ ဒိုင်ယာယီစာအုပ်ကို လှမ်းယူလိုက်သည်။ ၎င်းနောက်ဒိုင်ယာယီကိုဖွင့်၍ ဟိုကြည့်သည်ကြည့်ကြည့်လျက်** ) အေး....ဟုတ်ပြီ။

**စံလင်း** ။ ။ ဒါက ကျွန်တော့်အတွင်းရေးဒိုင်ယာယီဘဲ။ ဘာလုပ်မလို့လဲ။

**ဆင်အင်စပက်တော်**။ ။ ကျွန်တော်တို့ ဒီဒိုင်ယာယီစာအုပ်ကို စစ်ဆေးဘို့ ယူသွားချင်တယ်။

www.burmeseclassic.com

စံလင်း ။ ။ **( မျက်နှာပျက်လျက် )** ဒီအထဲမှာ ဘာမှမပါပါဘူး။ နေ့စဉ်အဖြစ်အပျက် အတိုအထွာကလေးတွေ တောင်မှတ်မြောက်မှတ်နဲ့ မှတ်ထားတာဘဲ။

ဆင်အင်စပက်တော်။ ။ စစ်ဆေးကြည့်ဘို့ ကျွန်တော်တို့ယူသွားရမယ်။ **( အိတ်ထဲမှ စာရွက်ကိုထုတ်ပြီး**
အနည်းငယ်ရေး **သွားသည် )** ကဲဒီဒိုင်ယာယီကိုကျွန်တော်တို့ယူသွားတယ်ဆိုတာအသိသက်သေအဖြစ်နဲ့ကျွန်တော်တို့ဘက်က အရပ်လူကြီး တယောက် လက်မှတ်ထိုးပါ။ ဦးစံလင်းတို့ ဘက်ကလည်း တယောက် လက်မှတ် ထိုးပါ။ **( ဘရီနှင့်အရပ်လူကြီး တယောက် လက်မှတ်ထိုးကြသည် )** ကဲ....ဦးစံလင်း အနှောင့်အယှက် ပေးရတာ အားနာ ပါတယ်။ ဒိုင်ယာယီစာအုပ် ထဲမှာလည်း နာမယ်အတိုကောက် ကလေးတွေထိုးပေးပါအုံး။ **( ဦးစံလင်းသည် ဒိုင်ယာယီစာအုပ်ထဲတွင် ၄၊၅၊၁၀ နေရာကို လက်မှတ်ထိုးသည် )**။

ဆင်အင်စပက်တော်။ ။ သွားလိုက်ပါအုံးမယ်....ဦးစံလင်း။

စံလင်း ။ ။ ကောင်းပါပြီ အင်စပက်တော်မင်း**(ရဲသားမောင်လှ၊ အင်စပက်တော်နှင့်အရပ်လူကြီး ၂**
ဦးထွက် **သွားကြသည်။ စံလင်းသည် အခန်းထောင့်တခုကိုငေးပြီး ခေတ္တကြည့်နေသည် )**။

ဘရီ ။ ။ ဒိုင်ယာယီထဲမှာ ဘာကိုကြည့်ချင်တယ်တော့ မသိဘူး။ ဟိုပုလိပ်ဟာ အခန်းထဲကို ရောက်ကတဲက ဒီ ဒိုင်ယာယီကိုဘဲမေးနေတာဘဲ။

စံလင်း ။ ။ ဒါဟာအတွင်းသိလူတယောက်ယောက်ကလက်ထောက်ချလိုက်ပြီထင်တယ်။ဘိုးဟိန်းတို့လက်ချက်နဲ့ဘဲတူတယ်။

ဘရီ ။ ။ ကျွန်တော်လည်း ဒီလိုဘဲထင်တယ်။

စံလင်း ။ ။ ဒီကောင်တွေရဲ့ရန်ကတော့မသေးဘူး။လုပ်တုန်းကအတူတူလုပ်ခဲ့တာတွေကိုသူတို့ကလူကောင်းကြီးတွေလုပ်ပြီး ပုလိပ်ဆီကို ပစ်စာတွေပစ်မှာ စိုးရတယ်။

ဘရီ ။ ။ ဟုတ်တယ်။ အခုအခြေအနေကတော့ သူပြုတ်ကိုယ်ပြုတ်ဖြုတ်ရမဲ့အခြေအနေကိုရောက်နေပြီ။ဆရာ့ဒိုင်ယာယီထဲမှာ အေးစိန်နဲ့ပတ်သက်တာ ဘာတွေများရေးထားသလဲ။

စံလင်း ။ ။ ရေးထားတာတွေကတော့ လူမျိုးစုံနဲ့ပတ်သက်ပြီး အကြောင်းမျိုးစုံဘဲ။

ဘရီ ။ ။ အေးစိန်အမှုနဲ့ပတ်သက်ပြီး ဆရာချောက်ချနိုင်တဲ့ဟာတွေများကော ရေးထားမိသေးသလား။

စံလင်း ။ ။ မပြောတတ်ဘူး။ ရေးထားတာတော့ စုံနေတာဘဲ။

ဘရီ ။ ။ ဘာဖြစ်ဖြစ်။ ဖြစ်ချင်ရာဖြစ်ပေါ့ဆရာရယ်။

စံလင်း ။ ။ **(အခန်းဒေါင့်တခုကိုငေးကြည့်လျက်)** ဒါပေါ့ကွာ **(၎င်းနောက်တစုံတခုကိုသတိရလိုက်သော**
အမူ **အရာဖြင့်)**ကဲ လှလှ ဆရာပြောထားတဲ့ဆီကို သွားလိုက်စမ်းကွယ်။ ငါမြမြနဲ့ စကားခဏပြောလိုက်အုံးမယ်။

လှလှ ။ ။ ဟုတ်ကဲ့၊ **( ထွက်သွားသည်။ ဘရီလည်းအခန်းထဲသို့ဝင်သွားသည် )**။

စံလင်း ။ ။ မြမြရေ ဒီတမနက်လုံးရန်ချည်း ဖြစ်နေရတယ်။ ငါ့စိတ်တွေတော့ သိပ်တိုနေပြီ။ အဲဒီတော့ ငါပြောစရာရှိတာကိုတိုတိုဘဲပြောပါရစေတော့ကွာ။ **( မြမြသည်မျက်နှာထားခပ်တင်းတင်းနှင့်**
စံလင်းကို **စိုက်ကြည့်နေသည် )**။ မင်းတို့မင်္ဂလာဆောင်ဘို့ ဘယ်လောက်လိုသေးသလဲ။

မြမြ ။ ။ သိပ်မလိုတော့ဘူး။ အောက်တိုဘာ ၂၁ ရက်နေ့မှာ ဆောင်မယ်။

www.burmeseclassic.com

စံလင်း ။ ။ အင်း….အတော်တော်ကပ်နေပါရော့လား။ ( **အတွင်းသို့** ) ဘရီရေ။ ဆေးတခွက် ယူလာခဲ့ပါအုံး ဟေ့။ မြမြ….မင်း….သိန်းထွန်းကို မယူရဘူး။

မြမြ ။ ။ ( **အံ့အားလည်းသင့် ဒေါသလည်းဖြစ်လျက်** ) ဘာဖြစ်လို့လဲ။

စံလင်း ။ ။ ဆရာ အမိန့်ပေးလိုက်ရင် ဒီလိုမေးခွန်းတွေ ပြန်ပြန်မေးတာကို ဆရာမကြိုက်ဘူးဆိုတာ မြမြလည်း သိသားဘဲကွာ။

မြမြ ။ ။ ( **စိတ်အကြီးအကျယ်ပျက်လျက်ငိုချင်သောမျက်နှာထားနှင့်** ) ပြောစမ်းပါအုံးဆရာရယ်။ ဘာဖြစ် လို့လဲ။

စံလင်း ။ ။ ဘာဖြစ်လို့မှ မဟုတ်ဘူး။ ဒါငါ့အမိန့်ဘဲ။

မြမြ ။ ။ ကိုသိန်းထွန်းနဲ့ယူဘို့ဟာ ဆရာ့ကို ပြောပြီးမှလုပ်တာဘဲ။

စံလင်း ။ ။ ဟုတ်ပါတယ်။

မြမြ ။ ။ အဲဒီပြောတုန်းကတော့ဘာမှမပြောဘူး။ လက်ထပ်ဘို့ဟာလူသိနတ်ကြားအားလုံးဖြစ်ပြီးမှမယူရဘူး ဆိုတော့ကျမဘယ့်နှယ်လုပ်ရမလဲ။ **(ဘရီသည်အရက်တခွက်ယူလာပြီး ပြန်ဝင်သွားသည်။ စံလင်း သည်အရက်နှစ်ကျိုက်လောက်သောက်လိုက်သည်)**။

စံလင်း ။ ။ မြမြတို့၊ လှလှတို့၊ ဘရီတို့ ဆိုတာတွေဟာ ဆရာ အုပ်ချုပ်ရတဲ့ တော်လှန်ရေးတပ်မဟာကြီးထဲမှာ တော်လှန်ရေးတပ်သားတွေဘဲ။ တော်လှန်ရေး တပ်သားတွေ ဆိုတာဟာ ချီတက်ကြလို့ အထက်က အမိန့်ပေးလိုက်ရင်ဘာမှပြန်မမေးရဘူး။ချီတက်ကြရမယ်။ နောက်ပြန်ဆုတ်လိုက်ကြဆိုရင်လဲဘာမှ ပြန်မမေးရဘူး။ နောက်ပြန်ဆုတ်ရမယ်။

မြမြ ။ ။ ကိုသိန်းထွန်းနဲ့ ယူတော့မယ်ဆိုတာ ဆွေမျိုးတွေလဲ သိကုန်ကြပြီ။မိတ်ဆွေတွေလည်းသိကုန်ကြပြီ။ အိမ်နီးနားချင်းတွေလဲသိကုန်ကြပြီ။ လက်ထပ်ဘို့ကိစ္စ ဘယ်လိုဖြစ်သွားတာလဲလို့ သူတို့ကမေးကြ ရင် ကျမဘယ်လိုဖြေရမလဲ။

စံလင်း ။ ။ ဘာခက်တာလဲ။ အထက်အမိန့်အရဖျက်လိုက်ပြီလို့ ဖြေပေါ့ကွာ။ **(အရက်ကိုမော့ချလိုက်သည်)**။

မြမြ ။ ။ မဟုတ်သေးပါဘူးဆရာရယ်၊ ဒါဟာကလေး ကစားတာမဟုတ်ပါဘူး။ ရှုံ့ချည်နှပ်ချည်လုပ်လို့ ရမ လား။

စံလင်း ။ ။ နင်….ငါ့ကိုသင်နေစရာမလိုဘူး။ ငါကမယူရဘူးဆိုရင် မယူရဘူး။ ဒါဘဲ။

မြမြ ။ ။ ဒီတခါတော့ဆရာ့စကားကို ကျမနားမထောင်နိုင်ဘူး။

စံလင်း ။ ။ ဘာပြောတယ်။

မြမြ ။ ။ ဘာဘဲဖြစ်ဖြစ်နားမထောင်ဘူး။ ဆရာလုပ်ချင်သလိုလုပ်။ ( **ထွက်သွားရန် တံခါးဆီသို့ဒေါသနှင့် ခပ်သုတ်သုတ်လျှောက်သွားသည်)**။

စံလင်း ။ ။ **(ဝေါက်လျက်)**။ မြမြ။ မိမြမြ။

မြမြ ။ ။ **(မြမြသည်ရပ်ပြီးလှည့်ကြည့်လျက်)** ဘာလဲ။

စံလင်း ။ ။ နင်ဒီလိုသိပ်ခေါင်းမာလွန်းလို့သိန်းထွန်းနဲ့နင့်ကိုမပေးစားတာ။ ငါ….သိန်းထွန်းနဲ့လှလှကိုပေးစား မယ်။

မြမြ ။ ။ **(အံ့အားအလွန်သင့်လျက်)** လှလှ….။

စံလင်း ။ ။ အင်း….လှလှနဲ့ပေးစားရမယ်။

မြမြ ။ ။ သိန်းထွန်းကို လုလုက ကြိုက်မှမကြိုက်ဘဲ။ လုလုက ဆရာ့ကို အသေအလဲကြိုက်နေတာဘဲ။

စံလင်း ။ ။ ငါလုပ်နေတဲ့ကိစ္စတွေထဲမှာ ချစ်တာတွေ၊မုန်းတာတွေ၊ စုံမက်တာတွေ၊ သနားတာတွေအတွက်နေရာ မရှိဘူး။ ဘယ်လောက်ဘဲ ချစ်နေနေ ငါကမယူရဘူးဆိုရင် မယူရဘူး။ ဘယ်လောက်ဘဲ မုန်းနေနေ ငါကယူရမယ်ဆိုရင် ယူရမယ်။

မြမြ ။ ။ ဆရာဟာ လူတွေကိုလူတွေလို့ဘယ်တော့မှသဘောမထားဘူး။သေ့ာပေးလိုက်ရင်ထထကရတဲ့အရုပ်တွေလိုဘဲသဘောထားတယ်။

စံလင်း ။ ။ ငါ့လက်အောက်မှာရှိတဲ့ ငါ့တပည့်တွေဟာ ဒီလိုငါက သော့ပေးလိုက်ရင် ထထကရတဲ့အရုပ်တွေဘဲ ဖြစ်ရမယ်။ဒါမှငါခေါင်းဆောင်နေရတဲ့ တော်လှန်ရေးကြီးဟာ အောင်မယ်။ငါအမိန့်ပေးရင်မေးခွန်းတွေ ပြန်ပြန်မေးနေတတ်တဲ့ လူတွေနဲ့ဆိုရင် ဒို့တော်လှန်ရေးကြီးဟာဖေါက်ပြန်ရေးသမားတွေ ရှေ့မှာ ဒူးထောက်ရက် ကျမှာပေါ့။ အဲဒီတော့ ငါ့တပည့်တွေထဲမှာ မေးခွန်းပြန်ပြန်ပြီး မေးတတ်တဲ့ လူတွေ ပါလာရင် ဒီလူတွေကိုသံမဏိစည်းမျဉ်းနဲ့ ပြင်းပြင်းထန်ထန်နှိမ်နင်းပစ်ရမှာဘဲ။

မြမြ ။ ။ ဆရာ့တော်လှန်ရေးဆိုတာအလကားပါ။ ကျမတော့ အခုဆိုရင် နဲနဲမှ မယုံတော့ဘူး။

စံလင်း ။ ။ နင်စိတ်ဖေါက်ပြန်နေတာ ကြာလှပြီ မိမြ။ နင့်အကြောင်းကို ငါအကုန်သိတယ်။

မြမြ ။ ။ ဆရာအကြောင်းလဲကျမအကုန်သိတာဘဲ။တော်လှန်ရေးတို့သံမဏိစည်းမျဉ်းတို့ဆိုတဲ့စကားလုံးတွေကိုအလွဲသုံးစားလုပ်ပြီး ဆရာဟာ ကိုယ်ကျိုးရှာနေတာဘဲ။

စံလင်း ။ ။ စောက်ကမြင်းမနော်၊ နင်စော်ကားချင်တိုင်းစော်ကားနေတာကိုခံနေမဲ့အကောင်စားမျိုးမှတ်လို့လား။

မြမြ ။ ။ ဆရာဘာပြောပြော။ ကျမကတော့ ကိုသိန်းထွန်းကိုယူရမှာဘဲ။ ဘယ်သူမှဖျက်လို့မရဘူး။

စံလင်း ။ ။ နင်မယူရဘူး။

မြမြ ။ ။ ယူမယ်။ ယူမယ်။ ယူမယ်။ ( **တံခါးဆီသို့ဒေါသနှင့်ထွက်သွားသည်** )။

စံလင်း ။ ။ မိမြ....ဒါဘဲနော်။ ( **တအားငေါက်လျက်** ) မိမြ။

( **မြမြသည်တံခါးအနီး၌ရပ်နေသည်။ သို့ရာတွင် စံလင်းကိုလှည့်မကြည့်ဘဲကျောပေးထားသည်။ အလွန်ဒေါသဖြစ်နေကြောင်းကိုအသက်ပြင်းပြင်းရှုနေသည်ကိုတွေ့ရခြင်းဖြင့်သိနိုင်သည်** )။ မိမြ။ ဒါနောက်ဆုံး ငါပြောတာဘဲ။ နောက်တော့ ငါ့ကို အဆိုးမဆိုနဲ့နော်။ နင် ငါပြောတဲ့ အမိန့်ကို နားထောင်ရင်နားထောင်။ နားမထောင်ဘဲခုလိုငါ့ကိုပုန်ကန်ပြီးထွက်သွားရင်သိန်းထွန်းနဲ့တော့ညားမှာ မဟုတ်ဘူး။ ဘယ်နည်းနဲ့မှညားမှာမဟုတ်ဘူး။ နှစ်နာရီအတွင်း နင်ဟာလက်ထိပ်နဲ့ အချုပ်ခန်းထဲ ရောက်နေမှာဘဲ။ ငါနဲ့ရတဲ့ကလေးကိုနင်ဖျက်ချပစ်တာငါမခံဘူး။ လက်ပိုက်ကြည့်မနေဘူး။ ငါ့မှာ အသိသက်သေတွေအားလုံးရဲ့ သက်သေထွက်ချက်တွေရှိတယ်။ အားလုံးစာနဲ့ ရေးထားတယ်။ အခု ချက်ချင်း ဂါတ်ကိုသွားတိုင်မယ်။

မြမြ ။ ။ ( **စံလင်းဘက်သို့ဖြုန်းကနဲလှည့်လိုက်ပြီးအသွားများဆတ်ဆတ်တုန်ကာမျက်ရည်များကျလျက်** )

စံလင်းနင်ငါ့ကို နှိပ်စက်ရတာ အားမရသေးဘူးလား။ ငါ့ကိုဖျက်ဆီးရတာ အားမရသေးဘူးလား....

ဟင်။ ခွေးသားကြီး ဟဲ့ ခွေးသားကြီး။ မအေ....ကြီး။

www.burmeseclassic.com

**စံလင်း** ။ ။ စောက်ကမြင်းမ ( **တအားငေါက်လျက်** ) တော်....။ နင်လဲ မြမြဘဲ။ ငါလဲစံလင်းဘဲ။ ရှမ်းနဲ့ဆင်လယ်ပြင်မှာတော့သိရမှာပေါ့ကွာ။ (

**မြမြကိုငင်း၏တောက်ပြောင်သောမျက်လုံးများဖြင့်စိုက်ကြည့် ပြီး လက်ကိုတန်း၍လက်ညှိုးကောက်ထားလျက်** ) ဒီကိုလာခဲ့။ ( **မြမြသည် စံလင်းကိုဒေါသ နှင့်ပြန်ကြည့်လျက်မလှုပ်မရှက်ဘဲရပ်နေသည်** )။ ( ခပ်ပြင်းပြင်းငေါက်လျက် ) လာခဲ့။ ( **မြမြ သည် တလှမ်းနှစ်လှမ်းလျှောက်သွားပြီးရပ်နေသည်။ စံလင်းသည်ပထမအကြိမ်ထက်အနည်းငယ်**

**ပို၍ပြင်းပြင်းငေါက်လျက်** ) လာခဲ့။( **မြမြသည်တလှမ်းနှစ်လှမ်းလျှောက်သွားပြီးရပ်နေပြန်သည်။ ငင်းတချိန်လုံး မြမြနှင့်စံလင်းသည် တယောက်ကိုတယောက် စိမ်းစိမ်းဝါးဝါးကြည့်လျက်ရှိကြ သည်။ စံလင်းသည် အပြင်းဆုံးငေါက်လျက်**) လာခဲ့။ ( **မြမြသည် အနည်းငယ်လျှောက်သွားပြီး စံလင်းနှင့်မျက်နှာချင်းဆိုင်ရပ်လျက်တဦးနှင့်တဦး စိမ်းစိမ်းဝါးဝါးကြည့်မြဲကြည့်လျက်ရှိကြသည်။ စံလင်းသည်အံကြိတ်ပြီး လက်သီးဆုပ်လျှက်** ) စောက်ကောင်မ နုတ်နုတ်ပါအောင် စဉ်းပစ်မယ်။ ဟင်း...။

( **စံလင်းနှင့်မြမြတို့သည် တယောက်ကိုတယောက် စားမည်ဝါးမည်ကဲ့သို့ ကြည့်နေစဉ် ကားလိပ်ကျလာသည်** )။

www.burmeseclassic.com

# အခန်း ( ၃ )

ပြည်ထဲရေးဝန်ကြီးဦးဘိုးလုံး၏ရုံးခန်း

( အတွင်းရေး အတွင်းဝန်မကလေး တင်တင်သည် ဖိုင်တွဲတခုကို ညာလက်ဖြင့် ရင်ပတ်တွင်ကပ်လျက် အခန်းတွင်းသို့ ဝင်လာသည်။ ပြည်ထဲရေးဝန်ကြီး၏ စာပွဲအနီးသို့ရောက်သောအခါမိမိ၏လက်ပတ်နာရီကို ကြည့်သည်။ ၎င်းနောက် နံရံတွင်ချိတ်ထားသောနာရီကြီးကို လှမ်းကြည့်လိုက်သည်။ နံရံကပ်နာရီသည် ဆယ်နှစ်နာရီခွဲလျက်ရှိပြီ။ တင်တင်သည် မိမိ လက်ထဲက ဖိုင်တွဲကို ပြည်ထဲရေးဝန်ကြီး၏ စာပွဲခုံပေါ်မှာ အသာချထားလိုက်၍ အနည်းငယ်စဉ်းစားပြီး စာပွဲပေါ်မှ ခလုတ် ကလေးကို နှိပ်လိုက်သည်။ ၎င်းနောက် ကုလားထိုင်တလုံးပေါ်တွင်ထိုင်သည်။ များမကြာမီ အသက်အရွယ် ၂၀ ခန့်ရှိသောမင်းစေမောင်လွန်းသည် အခန်းတွင်းသို့ ဝင်လာသည် )။

**မောင်လွန်း** ။ ။ မမတင်....ကျွန်တော့်ကို ခေါ်သလား။

**တင်တင်** ။ ။ ( အသာလှည့်ကြည့်ပြီး ) အေး....ခေါ်တယ်။ မင့်ဆရာကြီး အခုထက်ထိ မလာသေးပါလား။

**မောင်လွန်း** ။ ။ မြွေပွေရာကင်းမှောင့်နေတယ်ဆိုတော့ ဘယ်လာနိုင်အုံးမလဲ မမတင်ရယ်။ ဒီနေ့မနက်သတင်းစာတွေ တွေ့ပြီးပြီ မဟုတ်လား။

**တင်တင်** ။ ။ အင်းတွေ့ပြီးပါပြီ၊ မင်းကအနားမှာကပ်နေရတဲ့လက်သုံးတော်ကြီးဆိုတော့ မေးရအုံးမယ်ကွယ်။မင်းဆရာကြီးဟာ ဒီဟာကလေးနဲ့ဘယ်လိုလုပ်ပြီးတွေ့တာလဲ။

**မောင်လွန်း** ။ ။ အခု ခိုးရာလိုက်ပြေးတဲ့ ခင်လှကြီးနဲ့ပြောတာလား။

**တင်တင်** ။ ။ အင်း....။

**မောင်လွန်း** ။ ။ မမတင်ကလဲ၊ တယ်ရိုးသေးတာကိုး။ ဝန်ကြီးဆိုတာက ဂျပိုးတွေလို ဟိုရောက်ရှာ သည်ရောက်ရှာ ရှာရတာမျိုးမဟုတ်ဘူး။ ဆရာကြီးဆီမှာ ပွဲစားလေးငါးယောက်လောက်ရှိတယ်။အဲဒီပွဲစားတွေထဲမှာ ယောကျ်ားလည်းပါတယ်။မိန်းမလည်းပါတယ်။မမတင်မေးလို့ပြောရအုံးမယ်။နားနဲ့ပမနာဖဝါးနဲ့နာ နော် မမတင်။ ဒီပွဲစားတွေက ကာမပွဲစားတွေပေါ့ မမတင်ရယ်။ ဒီကာမပွဲစားတွေကရန်ကုန်မှာရော

www.burmeseclassic.com

နယ်တွေမှာရော ဆင်းဆင်းရဲရဲထဲက ငွေနဲ့လက်ဝတ်လက်စားနဲ့မြူလို့ရမယ့်ချောချောလှလှကလေးတွေကို လိုက်ပြီးရှာရတယ်။ တော်ရုံတန်ရုံ ဟာကလေးတွေဆိုရင် တရက်နှစ်ရက်လောက်ပေါင်းပြီး ငွေလေးငါးခြောက်ရာပေး ပြန်လွှတ်လိုက်တာဘဲ။ ဆရာကြီးစွဲလောက်အောင်နိုပ်တဲ့ဟာကလေးတွေကတော့ အပိုင်ယူလိုက်ပြီး အိမ်တဆောင်မီးတပြောင်နဲ့ထားတယ် မမတင်ရဲ့။

**တင်တင်** ။ ။ ဒီလိုအိမ်တဆောင် မီးတပြောင်နဲ့ထားတာတွေ ဘယ်လောက်ရှိမလဲကွယ်။ မေးစမ်းပါရစေမောင်လွန်းရယ်။

**မောင်လွန်း** ။ ။ မမတင်ကိုတော့ ကျွန်တော်အကုန်ပြောမယ်။ ဘယ်သူ့ကိုမှ မပြောနဲ့နော်။

**တင်တင်** ။ ။ ကြုံကြီးစည်ရာကွယ်။ မမတင်က ရွာရိုးလျှောက်ပြီးမပြောတတ်ပါဘူး။

**မောင်လွန်း** ။ ။ ကျွန်တော်တို့ဆရာကြီးက ဝန်ကြီးတွေထဲမှာ အမောက်ဆုံးမမတင်ရဲ့။ ဝန်ကြီးဖြစ်ခါစတုန်းကတော့ အလီမူလာထဲက မကြည်တို့လောက်နဲ့ စရှာတာဘဲ။ နောက်တော့ တိုးတက်လာလိုက်တမမတင်ရယ်.... အခုလို နှစ်ရက်ပေါင်း သုံးရက်ပေါင်းတွေမပါဘဲ အိမ်တဆောင်မီးတပြောင်နဲ့ ထားတာချည်းဘဲ ( **လက်ညှိုးနှင့်ရေလျက်** ) ရှစ်ယောက် ကိုးယောက် အခုခိုးရာလိုက်ပြေးတဲ့ခင်လှကြီးနဲ့ ပါဆိုရင် ဆယ့်နှစ်ယောက်ဘဲ။ မနဲဘူးနော်။

**တင်တင်** ။ ။ အင်း....များလည်းများပါပေ့ကွယ်။ အခုလိုအခွင့်ရတုန်းမေးစမ်းပါရစေမောင်လွန်းရယ်။ဒါတွေထဲမှာ မင်း ဆရာကြီးဟာ ဘယ်သူ့ကိုအစွဲဆုံးလဲ။

**မောင်လွန်း** ။ ။ အခုခိုးရာလိုက်ပြေးတဲ့ခင်လှကြီးပေါ့။စွဲလည်းစွဲလောက်ပါတယ်မမတင်ရယ်။ကျွန်တော်မိန်းကလေးတွေကို အပြစ်ပြောနေတာ မဟုတ်ပါဘူး။ မမတင်လည်းသိမှာပါဘဲ။ တချို့မိန်းကလေးတွေဟာ ကိုယ်လုံးကိုယ်ပေါက်လှတယ်။ မျက်နှာမလှဘူး။ တချို့ကျမျက်နှာလှတယ်။ ကိုယ်လုံးကိုယ်ပေါက်ကျ မလှပြန်ဘူး။ အချိုးအစားညီတာရှားတယ်။

**တင်တင်** ။ ။ မင်းခင်လှကြီးကကောကွယ်။

**မောင်လွန်း** ။ ။ အမယ်လေး....မမတင်ရယ်။ မပြောပါနဲ့တော့။ ကိုယ်လုံးကိုယ်ပေါက်ကလည်းဖြောင့်တယ်။ ခါးသေးလို့ရင်ချီ၊ ပဒုမ္မဏီဆိုတဲ့စာအတိုင်းဘဲ။ မျက်နှာကလေးကျတော့လဲသိပ်ချစ်စရာကောင်းတယ်။ မျက်လုံးကလေးကျတော့ လည်း သိပ်အသဲယားစရာကောင်းတယ်။ အသံကလေးကျပြန်တော့လည်း သိပ်သနားစရာကောင်းတယ် မမတင်ရယ်။ တနေ့က ဆရာကြီးအပို့ခိုင်းလို့ ခင်လှကြီးအတွက်နိုင်လွန်စတွေကို ကျွန်တော်သွားပို့တယ်။ ခင်လှကြီးဟာ နိုင်လွန်စတွေကို ကျွန်တော့်လက်ထဲကလှမ်းယူပြီး ခပ်ပြုံးပြုံးမျက်နှာထားကလေးနဲ့ “ ကိုလွန်းရေ နိုင်လွန်စတွေပို့လိုက်တဲ့အတွက် အကိုကြီးကိုကျေးဇူးတင်တဲ့အကြောင်းပြောလိုက်ပါနော်.... ”လို့ဆိုတဲ့အသံလေးကိုကြားလိုက်ရတာကျွန်တော် ဖြင့်ဘာဖြစ်သွားမှန်းမသိပါဘူးမမတင်ရယ်။ ဘုန်းကြီးကျောင်းကကြေးစည်တီးတဲ့အခါခွေးတွေဝိုင်းအူသလို ကျွန်တော်လည်းမျက်စိ ၂ ဘက်ကိုမှတ်ပြီး သိပ်အူပစ်လိုက်ချင်တာဘဲ။ နောက်ပြီးတော့လည်းမမတင်ရယ်။ ကျွန်တော်ဘယ်လိုဖြစ်ပြီး အိမ်ဝကနေမော်တော်ကားထဲရောက်သွားတယ်မပြောတတ်ဘူး။ ကျွန်တော့်ခြေထောက်တွေ မြေကြီးတောင် မထိလိုက်ဘူးထင်တာဘဲ မမတင်ရယ်။

**တင်တင်** ။ ။ တပတ်လျှော့ပါအုံး မောင်လွန်းရယ်။

**မောင်လွန်း** ။ ။ မလျှော့နိုင်ဘူး မမတင်။ ဈေးရင်းအတိုင်းဘဲ။

**တင်တင်** ။ ။ ဒါလောက်တောင်ဘဲလား။

**မောင်လွန်း** ။ ။ ဒါလောက်တောင်ပါဘဲ။ ဒီလောက်တောင်မို့လို့ ဆရာကြီးက ဒါကလေးကျတော့ သိပ်အရေးပေးတာပေါ့။

**တင်တင်** ။ ။ ဘယ်လောက်ပေးရသလဲ။

**မောင်လွန်း** ။ ။ ရာလောက်ထောင်လောက်နဲ့မရဘူး။ သောင်းနဲ့တောင်မရဘူး။

**တင်တင်** ။ ။ ဘယ်လောက်များပါလိမ့်ကွယ်။

**မောင်လွန်း** ။ ။ ပွဲစားကိုတသောင်းပေးရတယ်။ ရွှေတောင်ကြားထဲမှာ တိုက်တလုံးကိုတသိန်းခြောက်သောင်းနဲ့ဝယ်ပေးရတယ်။ နောက်ပြီးတော့ ပတ္တာမြားဘီးကတချောင်း။ ပတ္တမြားတလုံးထဲ နားကပ်ကတရံ။ ပတ္တမြားကြယ်သီးကတစုံ။ ပတ္တမြား လက်ကောက်ကတရံ။ ပတ္တမြားလက်စွပ်ကတကွင်းလုပ်ပေးရသေးတယ်။ ခင်လှကြီးရဲ့ အဖေအမေက သိပ်သေချာတာ။ အဲဒီတိုက်ကိုသူတို့နာမည်နဲ့ရေစစ္စတြီလုပ်ပြီး အဲဒီပတ္တမြားလက်ဝတ်လက်စားတွေ ခင်လှကြီးရဲ့ လက်ထဲကိုရောက်မှ သူတို့ ရဲ့သမီးဆရာကြီးကို အပ်တာ မမတင်ရဲ့။

**တင်တင်** ။ ။ မင့်ဆရာကြီးမှာ များလွန်းအားကြီးတော့ ဟုံမနေဘူးလား။ ခင်လှကြီးကို စွဲစွဲလန်းလန်းများကောရှိရဲ့လား။

**မောင်လွန်း** ။ ။ စွဲတာပေါ့မမတင်။ ခင်လှကြီးဟာ ရုပ်ကလည်းချော၊ အရွယ်ကလေးကျပြန်တော့လည်းဆရာကြီးသားထက် ငယ်သေးတယ်ဆိုတော့ သိပ်စွဲတာပေါ့။ မစွဲတယ်စွဲတယ်မမတင်ရယ်။ ခင်လှကြီးနဲ့ညားပြီးတဲ့နေ့ကစပြီး ညတိုင်း ခင်လှကြီးရဲ့ အိမ်မှာချည်းဘဲ။ တချက်နှစ်ချက်ထိုးပြီးမှချည်းဘဲအိမ်ပြန်တယ်။ သူ့အိမ်ကဟာကြီးကတော့ ဘာမှန်းမသိပါဘူး။ ပါတီအစည်းအဝေးတွေ၊ဝန်ကြီးများအထူးအစည်းအဝေးတွေရှိတယ်ဆိုပြီး လိမ့်ထားတာကို အဟုတ်ယုံနေရတာဘဲ။

**တင်တင်** ။ ။ ပေးရတဲ့ငွေတွေက တယ်များပါလား။ မင့်ဆရာကြီးက တယ်ဌေးတာဘဲနော်။

**မောင်လွန်း** ။ ။ ဆရာကြီးမှာ ဒီလောက်ငွေတော့ ဘာအရေးကြီးမလဲ။ ကြင်ဆွေ့တို့၊ အီစွတ်တို့ဆိုတဲ့သူဌေးတွေကဆရာကြီးရဲနောက်ကို ငွေထုပ်ပိုက်ပြီး လိုက်နေတာ မမတင်ရဲ့။ အဲဒီတော့ဆရာကြီးကလက်ညှိုးထိုးလိုက်တဲ့ နေရာမှာ ငွေထုပ် ရှိရမှာဘဲ။

**တင်တင်** ။ ။ ဒီလောက်တောင်မင့်ဆရာကြီးစွဲတယ်ဆိုတော့သူ့လက်ထဲက အခုလိုတခြားလူနဲ့လိုက်ပြေးတဲ့အခါမင့်ဆရာကြီးရင်ကွဲမှာဘဲနော်။

**မောင်လွန်း** ။ ။ ကွဲတာပေါ့။ မနေ့ညကများဆိုရင် တညလုံးမအိပ်ဘူး။ခြောက်လုံးပြူးခါးထိုးပြီးတညလုံးကိုယ်တိုင်လိုက်ရှာတာဘဲ။ရန်ကုန်ရဲအဖွဲ့တခုလုံးလည်းဒီရှာပုံတော်ကြီးအတွက်ဒေါင်းတောက်သွားတာဘဲ။

**တင်တင်** ။ ။ ကိုယ့်ကိုမချစ်လို့ လိုက်ပြေးမှာဘဲကွယ်။ အသာငြိမ်ငြိမ်ကလေးနေလိုက်ရောပေါ့။ အခုတော့ ပုလိပ်တွေက ဒေါင်းတောက်သွားလောက်အောင်ဖြစ်တယ်ဆိုတော့ ရန်ကုန်မြို့တမြို့လုံး မသိချင်အဆုံးဖြစ်ပြီး သတင်းစာတွေထဲ ပါလာတော့တာပေါ့။ အဲဒီတော့ ဘယ်ကောင်းတော့မလဲ။ ကိုယ့်အထုပ်ကြီး လူထဲဖြေပြလိုက်သလိုဖြစ်သွားတာပေါ့။

**မောင်လွန်း** ။ ။ ဒါတော့ ဒါပေါ့။ ဒါပေမယ့်ဖြစ်စကတော့ ဆရာကြီးလည်း ထိပ်ကိုမြွေဟောက်ပေါက်လိုက်သလိုဖြစ်သွားပြီး မှုန်နေတဲ့အတွက် လုပ်မိလုပ်ရာတွေကို လျှောက်လုပ်ပစ်လိုက်တာပေါ့ မမတင်။

**တင်တင်** ။ ။ အခုဘယ်ရောက်နေကြသလဲ။

www.burmeseclassic.com

**မောင်လွန်း** ။ ။ ဘယ်သိမလဲ မမတင်။ မသိတာကောင်းတယ်။ အခုနေအခါများမိသွားရင် ဆရာကြီးသေနတ်နဲ့ ပစ်သတ်မိလိမ့်မယ်ထင်တယ်။

**တင်တင်** ။ ။ အင်း....မှန်နေတယ်ဆိုတော့ ဖြစ်နိုင်တာပေါ့....အခု ခိုးပြေးတဲ့ ခင်မောင်သန်းကို မမတင်တို့ အသိသားဘဲ။ သူ့အမကြီး ထားထားနဲ့ မမတင်နဲ့ ကျောင်းနေဘက်သူငယ်ချင်း။ ဒီခင်မောင်သန်းဟာ ခပ်တေတေကလေးဘဲကွဲ့။ ကျောင်းထားလို့လည်းမရဘူး။ မိဘတွေရဲ့ပစ္စည်းကို ထိုင်ဖြုန်းနေတာဘဲ။ ဒါထက်စကားမစပ်။ သူတို့ဘယ်လိုတွေ့သွားကြတာ လဲ။

**မောင်လွန်း** ။ ။ ရွှေတောင်ကြားထဲမှာ အိမ်ချင်းမျက်နှာချင်းဆိုင်ဆိုတော့ နေ့တိုင်းတွေ့နေရတာပေါ့ မမတင်။ ဒါကတော့ ဘုရားဟောလည်းအရှိသားဘဲ။ မျက်စိချင်းဆုံကြတော့ ရာဂစိတ်ဖြစ်တယ်။ရာဂစိတ်ဖြစ်တော့ ခိုးရာလိုက်ပြေးကြ တာပေါ့။

**တင်တင်** ။ ။ မင့် ဆရာကြီးမှာ ဒီတခုဘဲ ဆိုးနေတာဘဲ။ ( **ဒေါင့်တဒေါင့်ကို ခပ်ငေးငေးကြည့်လျက်** ) အခုလို ကြားရပြန်တော့လည်းမမတင်စိတ်မကောင်းဘူးကွယ်။ မင့်ဆရာကြီးအခုလိုဆိုရင်သံဝေဂရလောက်ပြီ ထင်ပါရဲ့နော်။

**မောင်လွန်း** ။ ။ သံဝေဂမရလို့မဖြစ်တော့ဘူးမမတင်။ အိမ်ကဆရာကတော်ကြီးလည်း ဒီမနက်သတင်းစာတွေကို ကြည့်ပြီးကတည်းက ရှက်လှချည်ရဲ့ဆိုပြီး အိမ်ပေါ်ကဆင်းသွားပြီ။

**တင်တင်** ။ ။ ခဏဆင်းသွားတာထင်ပါရဲ့။ နောက်တော့ပြန်လာမှာပေါ့။

**မောင်လွန်း** ။ ။ မလာဘူး။ မလာဘူး။ ဒီအမယ်ကြီးကို ဒီလိုအထင်မသေးနဲ့။ ဟင်ဆိုရင်မရဘူး။ ဘူးဆိုရင် ဖရုံမသီးတဲ့ အမယ်ကြီးစားမျိုး....မမတင်ရဲ့။

**တင်တင်** ။ ။ မင့်ဆရာကြီးဟာ သနားစရာဖြစ်နေတာပေါ့နော်။ တကယ်တန်း သံဝေဂရမယ်ဆိုရင်သိပ်ကောင်းမှာဘဲ ( **ကိုယ့်ဘာသာကိုယ်ပြောလျက်** ) အေးလေသံဝေဂရလည်းခဏရမှာပါဘဲ။ ဒီရာထူးကိုမစွန့်သ၍တော့ ဝိုင်းနေတဲ့ အဖျက်တွေရဲ့ စက်ဝိုင်းထဲက ဘယ်တော့မှ လွတ်နိုင်မှာမဟုတ်ပါဘူး။ ( **အခန်းတံခါးပွင့်၍ဦးဘိုးလုံးဝင်လာသည်၊ မောင်လွန်းထွက်သွားသည်၊တင်တင်လည်းထိုင်ရာမှ ထ သည်။** )

**ဦးဘိုးလုံး** ။ ။ ( **ခပ်ပြုံးပြုံး** ) တင်တင်လားဟေ့။ စောင့်နေရတာအတော်ကြာသွားပလား။

**တင်တင်** ။ ။ ဟုတ်ကဲ့။

**ဦးဘိုးလုံး** ။ ။ ဒီနေ့စာဘယ်နှစ်စောင်လဲဟေ့။

**တင်တင်** ။ ။ နည်းနည်းလျော့သွားတယ်။

**ဦးဘိုးလုံး** ။ ။ ဘယ်နှစ်စောင်လဲ။

**တင်တင်** ။ ။ လေးဆယ့်နှစ်စောင်။

**ဦးဘိုးလုံး** ။ ။ အင်း နည်းနည်းလျှော့သွားသားဘဲ။ ( **စီးကရက်တလိပ်ထုတ်ပြီးသောက်သည်** )တင်တင်ရေ...အခုလိုဆဲစာတွေ နေ့တိုင်းရနေတာတခုတော့ကောင်းတယ်ဟေ့။ (**တင်တင်သည်ဘာမှမပြောဘဲဦးဘိုးလုံးကို စိုက်ကြည့်လျက် ရှိသည်** )။ ဒီစာတွေကို နေ့တိုင်းရနေတဲ့အတွက် အခုဆိုရင် သတင်းစာတွေကဘဲ စာလုံးမည်းကြီးတွေနဲ့ပုတ်ခတ် ပုတ်ခတ် ပုတ် ခတ် ဆန္ဒပြတဲ့လူတွေကဘဲ အိမ်ရှေ့မှာ လာဆဲဆဲ၊ လူထုအစည်းအဝေးတွေမှာဘဲ အအော်ခံရခံရ အတော်ကလေးခံနိုင်ရည်ရှိသွားပြီ။ နိုင်ငံရေးစကားနဲ့ပြောရရင် အရေထူလာပြီဆိုပါတော့ တင်တင်ရယ်။ တင်တင်ရေတာဆဲစာတွေကို ရစက

www.burmeseclassic.com

များဖြင့် ကဇော်ဝန် ကြီး၊ ကာမဘီလူး၊ ငွေစားဘီလူး၊ ဖဲသမားဝန်ကြီးဆိုတဲ့ဆဲစာတွေကိုများဖတ်ရရင် မီးဝင်းဝင်းကိုတောက်သွားတာဘဲ။ အခုတော့ တင်တင်ရေ...ဒီဆဲစာတွေကို ခဏခဏရနေတဲ့ ကျေးဇူးပါဘဲ။ အဆဲခံရတဲ့လောကဓံတရားကြီးကို အကိုကြီးခံနိုင်ပြီဟေ့။ အခုတော့ဘယ်လောက်ဆဲဆဲ၊ ဆဲချင်သလောက်ဆဲ။ ခံနိုင်ပြီဟေ့။

တင်တင် ။ ။ ဒီဆဲစာတွေကို တင်တင်ဖတ်ပြရအုံးမလား။

ဦးဘိုးလုံး ။ ။ ( **လက်နှင့်တားလျက်** ) နေပါစေတော့ကွယ်။ ခါတိုင်းဆဲနေကြအတိုင်း ကဇော်ဝန်ကြီး၊ ကာမဘီလူး၊ ငွေစားဘီလူး၊ ဖဲရူးဝန်းကြီးဆိုတာတွေဘဲ မဟုတ်လား။

တင်တင် ။ ။ ဟုတ်ကဲ့။

ဦးဘိုးလုံး ။ ။ ဒါတွေဆိုရင်တော့ ထားလိုက်ပါတော့ကွာ။ အချိန်ကုန်ပါတယ်။ သတ်ပစ်မယ်။ ဘာလုပ်မယ်။ ညာလုပ်မယ် ဆိုတဲ့ကြိမ်းမောင်းစာတွေကော ဒီနေ့ပါသေးလား။

တင်တင် ။ ။ ပါသေးတယ်။

ဦးဘိုးလုံး ။ ။ သိပ်မများဘူးထင်ပါရဲ့။

တင်တင် ။ ။ ( **စာများကိုလှန်ကြည့်လျက်** ) သတ်ပစ်မယ်ဆိုတဲ့စာက နှစ်စောင်၊ ချီးရေသေးရေနဲ့ပက်လွှတ်မယ်ဆိုတဲ့စာကတစောင်၊ ဖွဲကြိုးချပြီးသေဘို့ ကြိုးကောင်းကောင်းပို့လိုက်မယ်ဆိုတဲ့စာကတစောင်၊ စစ်ကိုင်းတံတားကြီးပေါ်က အိုးကိုလယ်ပင်းမှာဆွဲပြီး ဧရာဝတီမြစ်ထဲခုန်ချပါဆိုတဲ့စာကတစောင်။ အိမ်ကိုမီးလာရှို့မယ်ဆိုတဲ့စာကတစောင်။ အားလုံးပေါင်းကြိမ်းတဲ့စာ ဒီကနေ့ခြောက်စောင်ရတယ်။ ဖတ်ပြရအုံးမလား။

ဦးဘိုးလုံး ။ ။ ရိုးနေပါပြီ။ ထားလိုက်ပါတော့ကွယ်။ ( **သက်ပြင်းချလိုက်သည်** )။

တင်တင် ။ ။ ဒီကနေ့ထူးခြားတဲ့စာတစောင်တော့ပါတယ်။ ဒါကတော့အကိုကြီးနားထောင်ဘို့ကောင်းတယ်။ တင်တင်ဖတ်ပြပါမယ်။

ဦးဘိုးလုံး ။ ။ ( **မျက်လုံးအနည်းငယ်ပြူး၍ စိုက်ကြည့်လျက်** ) ဘာစာလဲ။

တင်တင် ။ ။ တင်တင်ဖတ်ပြပါ့မယ်။

( **ဖတ်လျက်** ) ဝန်ကြီးမင်းခင်ဗျား။

ကျွန်တော်သည်တခါတုန်းက ဝန်ကြီးမင်းအား အလွန်အကျူးဒအထူးကြည်ညိုခဲ့သော ပြည်သူလူထုထဲတွင်တယောက်အပါအဝင်ဖြစ်ခဲ့ဘူးပါသည်။ယခုအခါမှာမူကားဝန်ကြီးမင်း၏ဝန်ကြီးမပီသသောစရိုက်ဆိုးများကြောင့် ဝန်ကြီးအပေါ်တွင် အလွန်အကျူး အထူးစိတ်ပျက်လျက်ရှိသော( ဝါ ) အော့နှလုံးနာသော ပြည်သူလူထုထဲတွင် တယောက်အပါအဝင်ဖြစ်နေသူဖြစ်ပါသည်။

ကျွန်တော်သည် ဝန်ကြီးမင်းကို လှိုက်လှိုက်လှဲလှဲထောက်ခံခဲ့စဉ်ကဝန်ကြီးမင်းသည်ပြည်ထောင်စုထဲမှ ကွန်မြူနစ်များနှင့် သူတို့၏ကွန်မြူနစ်ဝါဒကိုပျောက်ကွယ်သွားအောင်ပြုလုပ်နိုင်မည့်လူစွမ်းကောင်းကြီး ဖြစ်သည်ဟူ၍ ယုံကြည်ချက်ဖြင့် ထောက်ခံခဲ့ခြင်းဖြစ်ပါသည်။

ယခုမှာမူကား ဘုရားမှတ်လို့ကိုးကွယ်ပါ၊ ဖွတ်ထွက်မှ တောင်ဘို့မှန်းသိသည်ဟူသော စကားကဲ့သို့ဝန်ကြီးမင်းသည်ကွန်မြူနစ်များနှင့်သူတို့၏ဝါဒကိုအပြုတ်ဖြုတ်နိုင်မည့်လူစွမ်းကောင်းကြီးမဟုတ်တော့ဘဲ ဝန်ကြီးမင်း၏အကျင့်ဆိုးများကြောင့်ကွန်မြူနစ်များ ပြည်ထောင်စုကြီးတွင်အာဏာ တက်ပြီးသိမ်းနိုင်အောင် လမ်းခင်းပေးနေသည့် လူဆိုးကြီး ဖြစ်နေပါပြီ။

www.burmeseclassic.com

ပထမကမ္ဘာစစ်အပြီးကစပြီး ယနေ့အထိ ကွန်မြူနစ်တွေအာဏာတက်ပြီးသိမ်းခဲ့သည့် နိုင်ငံတိုင်း၏ ရာဇဝင်ကိုကြည့်ပါ။ ဒီကွန်မြူနစ်တွေ ဒီလိုအာဏာတက်ပြီးသိမ်းနိုင်အောင်လမ်းခင်းပေးခဲ့သည့် လူတွေဟာ တခြားမဟုတ်ပါဘူး။ ၎င်းနိုင်ငံများ၌ အရက်နှင့်လည်းကောင်း၊ မိန်းမနှင့်လည်းကောင်း၊ လာဘ်ပေးလာဘ်ယူနှင့်လည်းကောင်း အလောင်းအစားနှင့်လည်းကောင်းပတ်သက်၍ အကျင့်စာရိတ္တပျက်ပြားသဖြင့် လူထု၏ထောက်ခံမှုကို မရတော့သောကြောင့် မိမိတို့၏ ဘဝတည်မြဲရေးအတွက် အာဏာအလွဲသုံးစား လုပ်ခဲ့သည့်အာဏာပိုင်များသာဖြစ်ကြောင်းလယ်ပြင်တွင်ဆင်သွားသလို ထင်ရှားစွာ တွေ့ရပါလိမ့်မည်။

ယခုအခါ ဝန်ကြီးမင်းသည် ကွန်မြူနစ်ဆန့်ကျင်ရေးသမားကြီးတဦးဖြစ်သည်ဟုမည်ကဲ့သို့ပင်အော်ဟစ်နေစေကာမူ ဝန်ကြီးမင်း၏အကျင့်ဆိုးများနှင့် ရာထူးတည်မြဲရေးအတွက် အာဏာအလွဲသုံးစား လုပ်မှုများကြောင့် ဝန်ကြီးမင်းကိုယ်တိုင်ကပင် ကွန်မြူနစ်များ ပြည်ထောင်စုထဲမှာအာဏာတက်ပြီး သိမ်းနိုင်အောင် လမ်းခင်းပေးလျက်ရှိနေပါပြီ။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးကို ကွန်မြူနစ်ဘေးမှ ကာကွယ်ပေးနိုင်အောင်....

ဦးဘိုးလုံး ။ ။( **နားစိုက်ထောင်နေရာမှ ညာဘက်လက်ကိုခါလျက်ရုတ်တရက်ကြားဖြတ်ပြီး** )တော်တော့ကွယ်။

တင်တင် ။ ။ အခုဘဲ ပြီးတော့မှာဘဲ အကိုကြီး။

ဦးဘိုးလုံး ။ ။ ( **စိတ်အနည်းငယ်တိုလျက်** ) တော်တော့ကါယ်။ဒါတွေအလကားဟာတွေပါ။ တခြားစာတွေဆက်ဖတ်ပြကွယ်။

တင်တင် ။ ။ ဒီစာမှာထူးတာကတခြားဟာမဟုတ်ဘူးအကိုကြီး....။

ဦးဘိုးလုံး ။ ။ မရွှေတင်....ရှာမရှေနဲ့ကွယ်။ ဒါတွေငါနားမထောင်ချင်ဘူး။

တင်တင် ။ ။ အကိုကြီးအတွက် သိပ်အရေးကြီးတဲ့ဟာကို ရောက်ခါနီးမှ အကိုကြီးကအရပ်ခိုင်းလိုက်တာကိုး....။

ဦးဘိုးလုံး ။ ။ ဘာအရေးကြီးသလဲ မရွှေတင်။

တင်တင် ။ ။ ပျက်အစဉ် ပြင်ခဏဘဲတဲ့။ အဲဒါကြောင့် ပြည်ထောင်စုကြီးကွန်မြူနစ်တွေရဲ့ လက်ထဲကိုမရောက်ရအောင်အကိုကြီးပြင်ပါတဲ့။

ဦးဘိုးလုံး ။ ။ တော်ကွာ။ ဒါတွေကိုငါနားမထောင်ချင်ဘူး။ ဘုန်းကြီးစာချ။ မိကျောင်းမင်းရေခင်းပြနေတာတွေ။

တင်တင် ။ ။ အကိုကြီးတော့ခက်နေပြီ။

ဦးဘိုးလုံး ။ ။ ဘာခက်နေတာလဲ....မိရွှေတင်။

တင်တင် ။ ။ အကိုကြီးဟာအကျိုးရှိဘို့ပြောဆိုပြနေတာတွေဆိုရင်နားမထောင်ချင်ဘူး။အကိုကြီးကိုမြှောက်ပင့်ပြီးပြောတဲ့ ဘုန်းတော်ဘွဲ့တွေကိုမှ နားထောင်ချင်တယ်။

ဦးဘိုးလုံး ။ ။ တော်တော့ကွယ်။ တော်တော့။ တော်တော့....ငါ့ဘက်မှာဘယ်သူမှမရှိတော့ဘူးဆိုတာငါသိပါတယ် မိရွှေတင်လိုဟာမျိုးကတောင် ငါ့ကိုဒီလိုထပြီး ပုန်ကန်နေတဲ့နောက်ငါ့ဘက်မှာဘယ်သူရှိအုံးမှာလဲ။

တင်တင် ။ ။ ဒီလိုမပြောပါနဲ့ အကိုကြီးရယ်။ အကိုကြီးရဲ့ကျေးဇူးတွေ တင်တင့်အပေါ်မှာ အများကြီးရှိပါတယ်။ တင်တင်တို့ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ဘဝက ဒီလိုအခြေအနေမျိုးရောက်အောင် အကိုကြီးကြည့်ရှုခဲ့ရတယ်ဆိုတာ တင်တင်ဘယ်တော့မှ မမေ့ပါဘူး။ အဲဒါကြောင့်တင်တင်အခုပြောနေတာအကိုကြီး

www.burmeseclassic.com

ကို ပုန်ကန်ချင်လို့ မဟုတ်ပါဘူး။ အကိုကြီး ဒုက္ခမရောက်ရအောင်လို့ ကျေးဇူးဆပ်တဲ့အနေနဲ့ ပြောနေတာပါ။

**ဦးဘိုးလုံး** ။ ။ အကိုကြီးအပေါ်မှာ ဝိုင်းပြီးကျေးဇူးကန်းနေကြတဲ့အခုလိုအခါမျိုးမှာ ကျေးဇူးဆပ်ချင်တယ်လို့ကြားရတာ

အကိုကြီးအများကြီးဘဲဝမ်းသာတယ်ကွယ်။(**သက်ပြင်းချလျက်**)ကဲ....တခြားစာတွေဆက်ဖတ် အုံးပေါ့။

**တင်တင်** ။ ။ ဒီစာကရာထူးချထားခံရတဲ့ ရာဇဝတ်ဝန်ထောက်တယောက်အတွက် အကိုကြီးနဲ့ကျောင်းနေဘက်သူငယ်ချင်း ဦးဘဖြူဆီက အသနားခံစာ။

**ဦးဘိုးလုံး** ။ ။ အတွင်းဝန်ဆီကိုပို့လိုက်။ တတ်နိုင်သလောက်ကူညီလိုက်ပါလို့ပြော။ ( **တင်တင်သည် ၎င်း၏စာရွက်ပေါ်တွင်မှတ်လိုက်ပြီး ဘေးတွင် အသာချထားလိုက်သည်** ) ။

**တင်တင်** ။ ။ ဒီစာကတော့ ဘုန်းတော်ကြီးဦးသောဘိတဆီက လာတဲ့စာ။ ဦးသောဘိတနဲ့ ဦးနန္ဒိယတို့ ကျောင်းလုမှုဖြစ်တယ်။ ဦးသောဘိတက ဝိနိစ္ဆယခုံရုံးမှာ အနိုင်ရတယ်။ဟိုက်ကုတ်ကျတော့ဦးသောဘိတရှုံးသွားတယ်။ အဲဒီ စီရင်ချက်အရ ရဲကဦးသောဘိတကိုကျောင်းကနှင်နေတဲ့အတွက်အကိုကြီးကအကူအညီ ပေးပါတဲ့။

**ဦးဘိုးလုံး** ။ ။ ဟိုက်ကုတ်ရဲ့အမိန့်ဆိုရင် ဒို့ဘာတတ်နိုင်မှာလဲကွယ်။ ဒါပေမယ့်အတွင်းဝန်ကိုပြော ရဲမင်းကြီးကိုယ်တိုင်အမှုဖြစ်တဲ့နေရာကိုသွားပြီး အေးအေးဆေးဆေးဖြစ်အောင်ကြိုးစားပါစေ။ (**တင်တင်သည် ရှေးနည်းအတိုင်း စာရွက် ပေါ်တွင် မှတ်လိုက်သည်** )။

**တင်တင်** ။ ။ ဒါကတရုတ်သံအမတ်ကြီးဆီက တနေ့က ပို့လိုက်တဲ့ပန်းအိုးအတွက် ကျေးဇူးတင်ကြောင်းစာ။

**ဦးဘိုးလုံး** ။ ။ အင်း....။ ( **တင်တင်သည်ရှေးနည်းအတိုင်းမှတ်လိုက်သည်** )။

**တင်တင်** ။ ။ ဒါကအကိုကြီးရဲ့မဲဆန္ဒနယ်က အဒေါ်ကြီးတဦးဆီကစာ၊ သူ့သားတက္ကသိုလ်ဝင်စာမေးပွဲကျတာ ၃ ခါရှိပြီတဲ့။ သင့်တော်တဲ့ရာထူးတခုခုပေးပါတဲ့။

**ဦးဘိုးလုံး** ။ ။ ဒီစာမေးပွဲကိုတောင် မအောင်သေးဘူးဆိုရင် ဘယ့်နှယ်လုပ်ပြီး အလုပ်ပေးမလဲကွယ်။

**တင်တင်** ။ ။ ရွေးကောက်ပွဲတုန်းက အဒေါ်ကြီးဟာ အကိုကြီးအတွက် အသက်စွန့်ပြီး လုပ်ခဲ့ရတယ်တဲ့။

**ဦဘိုးလုံး** ။ ။ ( **သက်ပြင်းချလျက်** ) အင်း....အတွင်းဝန်ဆီကိုပို့ကွာ။အောက်တန်းစာရေးဖြစ်နိုင်အောင်လုပ်ပေးလိုက်ပါလို့ပြော။ ( **တင်တင်သည်ရှေးနည်းအတိုင်းပင်မှတ်လိုက်သည်။** )

**တင်တင်** ။ ။ ဒီစာက ပုဒ်မ ၅ နဲ့ဖမ်းထားတဲ့ ဘိုသန်းဆိုတဲ့လူရဲ့မိန်းမက အသနားခံတဲ့စာ။ သူ့ယောကျ်ားဟာ ပုဒ်မ ၅ နဲ့ဖမ်းထားတာ ၇ နှစ်ရှိပြီတဲ့။ အပြစ်ရှိရင်လည်း ရုံးတင်တရားစွဲပါတဲ့။တရားမစွဲရင်လည်း လွှတ်ပစ်ပါတဲ့။

**ဦးဘိုးလုံး** ။ ။ အတွင်းဝန်ဆီပို့လိုက်ကွယ်။ လိုသလိုကြည့်လုပ်လိုက်ပါလို့ရေးလိုက်။

**တင်တင်** ။ ။ ဒီစာက အကိုကြီးနဲ့ နိုင်ငံရေးအတူတူလုပ်ခဲ့ဘူးတဲ့ မကွေးက သခင်ဘိုးသာရဲ့ မိန်းမဆီကစာ။ သူ့ယောကျ်ား သေပြီးကတဲက အင်မတန်ဆင်းရဲနေပါတယ်တဲ့။ ကလေး ၃ ယောက်ကို အခုထက်ထိ ကျောင်းမထားနိုင်သေးပါဘူး တဲ့။ အဲဒါကြောင့် တတ်နိုင်ရင် အကိုကြီးက ငွေ ၃၀၀၀ လောက်မစပါတဲ့။ ငွေမတတ်နိုင်ရင် လိုင်စင်တစောင်ရအောင် လုပ်ပေးပါတဲ့။လိုင်စင်ရရင်ဝယ်မဲ့တရုတ်သူဌေးတယောက် သူတို့အိမ်နားမှာရှိပါတယ်တဲ့။

www.burmeseclassic.com

ဦးဘိုးလုံး ။ ။ အင်း….ငွေ ငါးရာပို့လိုက်ပါလို့မောင်ဘကိုပြော။ ( တင်တင်လည်းရှေးနည်းအတိုင်းမှတ်လျက်ရှိ သည်။ ထိုအတွင်း ဦးဘိုးလုံး၏အတွင်းရေး အတွင်းဝန်တဦးဖြစ်သူ ကိုဘသည်အခန်းတွင်းသို့ ဝင်လာသည်။ ၎င်းသည်ဦးဘိုး လုံး၏ နားအနီးသို့ကပ်၍ တိုးတိုး တိုးတိုးနှင့်ပြောသည် )။

တင်တင် ။ ။ ဒီစာကတော့…. ( ဦးဘိုးလုံးသည် တင်တင်အားလက်ဖြင့်တားလျက်ရှိသည်။ ဦးဘိုးလုံးသည် ကိုဘပြောပြချက်များကို နားထောင်ရင်း လန့်သလိုလို၊ စိုးရိမ်သလိုလို၊စိတ်တိုသလိုမျက်နှာထား အမူအရာများပြောင်း လျက်ရှိသည် )။

ဦးဘိုးလုံး ။ ။ ကဲ….တင်တင်ရေ ။ ဒီနေ့တော့ ဒီလောက်နဲ့ဘဲ တော်ပါပြီ။ နောက်မှဆက်ဖတ်တာပေါ့ကွယ်။

တင်တင် ။ ။ ဟုတ်ကဲ့။ ( **စာရွက်များကိုယူပြီးထွက်သွားသည်** )။

ဦးဘိုးလုံး ။ ။ ဒီကိုလိုကလာတာ မကောင်းဘူးလို့ မင်းမပြောပြဘူးလား။

ကိုဘ ။ ။ ပြောတယ်။

ဦးဘိုးလုံး ။ ။ ပြောရင်ဘာဖြစ်လို့မပြန်သလဲ။

ကိုဘ ။ ။ ဒါတော့ ကျွန်တော်လည်းမသိဘူး အကိုကြီး။ ကျွန်တော်လည်းအစါမ်းကုန်ပြောနေတာဘဲ။

ဦးဘိုးလုံး ။ ။ သိပ်ခက်တာဘဲကွာ။ ( **ဦးဘိုးလုံးနှင့်ကိုဘတို့သည် တဦးကိုတဦးကြည့်လျက်ရှိကြသည်။** )

ဦးဘိုးလုံး ။ ။ ပြန်လွှတ်လိုက်ကွာ။ ငါမတွေ့ချင်ဘူး။ ဘာဘဲဖြစ်ဖြစ် ဖြစ်ချင်တာဖြစ်ပေစေ။

ကိုဘ ။ ။ အကိုကြီးဟာ အကိုကြီးပြော။ ကျွန်တော်ပြောပြလို့မရတော့ဘူး။ ချုံးဖဲချငိုနေတယ်။

ဦးဘိုးလုံး ။ ။ သိပ်ခက်တာဘဲကွာ။ ကဲ….ကဲ….ကဲ။ လွှတ်လိုက်။ လွှတ်လိုက်။ လွှတ်လိုက်။ ( **ကိုဘထွက်သွား သည်။ ဦးဘိုးလုံးသည် လက်နှစ်ဘက်ကိုယှက်၍ စာပွဲခုံပေါ်တွင်တင်ထားပြီးလျှင်ရှေ့တည့်တည့်ကို စိုက်ကြည့်လျက်ရှိသည်။ အနည်းငယ်ကြာသောအခါ အသက်အရွယ်အားဖြင့် ၂၅ နှစ်ခန့်ရှိသော မိန်းမတဦးသည် မျက်ရည်စက်လက်ဖြင့်ငိုလျက် အခန်းထဲသို့ဝင်လာပြီး ကုလားထိုင်တလုံး ပေါ်တွင် ထိုင်သည်** )။

ဦးဘိုးလုံး ။ ။ ( **၎င်းမိန်းမကိုလှမ်းကြည့်လျက်** ) မခင်တင့်ရေ ရုံးကိုဘာဖြစ်လို့ လိုက်လာရတာလဲကွယ်။ အကိုကြီး ကို သက်သက်အရှက်ခွဲရအောင်လား။

မခင်တင့် ။ ။ အကိုကြီး ဘာဖြစ်လို့ မခင်တင့်ကို ပစ်ထားသလဲ။ မခင်တင့်လိုက်လာမှာပေါ့။

ဦးဘိုးလုံး ။ ။ ပစ်မထားပါဘူး မခင်တင့်ရယ်။ အကိုကြီးမှာဘယ်လောက်အလုပ်တွေများနေသလဲဆိုတာမခင်တင့် မသိဘူးနော်။

မခင်တင့် ။ ။ သိပါတယ်။ ခင်လှကြီးနဲ့ဘဲ အလုပ်များနေတယ်ဆိုတာ။

ဦးဘိုးလုံး ။ ။ ( **ဒေါသဖြစ်လျက်** ) တော် တော် ။ ဒီကောင်မစကားဒီမှာလာမပြောနဲ့။ တခြားစကား ဘာပြော ပြော ပြောချင်တာပြော။ ထို့….။

မခင်တင့် ။ ။ အကိုကြီးအိမ်ကိုဘယ်တော့လာမလဲ။

ဦးဘိုးလုံး ။ ။ လာပါ့မယ်ကွယ်။ ဒီနေ့ညဘဲ လာပါ့မယ်။

မခင်တင့် ။ ။ အကိုကြီးဟာ ဘာမှမသိဘူးနော်။ အခုမခင်တင့်မှာ ကိုယ်ဝန်ရှိနေပြီ။

ဦးဘိုးဘုံး ။ ။ ( **အံ့အားသင့်လျက်** ) ဟင် ဟုတ်လား။ ယောက်ျားကလေးလား။ မိန်းမကလေးလား။

www.burmeseclassic.com

မခင်တင့် ။ ။ ဘယ်သိအုံးမလဲ အကိုကြီးရဲ့။ မွေးမှမမွေးသေးဘဲ။

ဦးဘိုးလုံး ။ ။ အကိုကြီးဆီက ငွေမှန်မှန်ရရဲ့လား။

မခင်တင့် ။ ။ အကိုကြီးမလာတာလည်းကြာသွားပြီ။ ငွေမပို့တာလည်းကြာသွားပြီ။ မခင်တင့်ကို ဘာဖြစ်လို့ဒီလိုပစ်ထားရတာလဲ အကိုကြီး။ ဟင်....ဟင် ဘာဖြစ်လို့ဒီလိုပစ်ထားရတာလဲ။ မခင်တင့်ဟာအကိုကြီးအားကိုးနဲ့ လိုက်လာတယ် ဆိုတာ အကိုကြီးအသိဆုံးဘဲ။ အခုဆိုရင် မခင်တင့်ရဲ့ မိဘမောင်ဘွားတွေအားလုံး မခင်တင့်ကို သေခန်းရှင်ခန်း ဖြတ်ထားပြီဆိုတာလည်း အကိုကြီးအသိဆုံးဘဲ။ အဲဒီတော့ အကိုကြီးကသာ မခင်တင့်ကို စွန့်ပစ်လိုက်မယ်ဆိုရင်တော့ မခင်တင့် တရက်ကနှစ်ရက်အဖြစ်မခံဘူး။ ကိုယ့်ကိုကိုယ် သတ်သေလိုက်မှာဘဲ အကိုကြီး။ မခင်တင့်အဖြစ်ကိုက အင်မတန်ဆိုးပါတယ် အကိုကြီးရယ်။ ( **မျက်ရည်များကျလာပြီး စာပွဲခုံပေါ်တွင်မျက်နှာနှင့်မှောက်လျက် ရှိုက်ကြီးတငင် ငိုလျက်ရှိလေသည်** )။

ဦးဘိုးလုံး ။ ။ ( **မခင်တင့်ရှိရာသို့ထသွား၍ ကျောကိုအသာပုတ်လျက်** ) ကဲ.....ကဲ မခင်တင့်ရေဒီရုံးထဲမှာကိုယ် တို့နှစ်ယောက်ဒီလိုနှစ်ပါးသွားနေလို့မဖြစ်သေးဘူး။ အခုနေများ ရုံးခန်းထဲတယောက်ယောက်ဝင် လာရင် စောက်ကျိုးနဲမှာဘဲ။ ကဲ....ကဲ....ပြန်....ပြန် အကိုကြီး ညကိုဆက်ဆက်လာခဲ့မယ်။ငွေတွေ လည်းယူလာခဲ့မယ်။ ( **မခင်တင့်သည် စာပွဲခုံပေါ်တွင်မျက်နှာနှင့်မှောက်၍ငိုနေရာမှခေါင်းထောင် ထပြီးလျှင် မျက်ရည်များကို သုတ်လျက်ရှိသည်။ ၎င်းနောက်ထိုင်ရာမှထသည်** )။

မခင်တင့် ။ ။ ဒါဘဲနော်အကိုကြီး၊ ဒီကနေ့ညကိုလာရမယ်၊ ဆက်ဆက်လာရမယ်။

ဦးဘိုးလုံး ။ ။ စိတ်ချပါကွယ်။ ( **မခင်တင့်သည် ကိုဘ၏အခန်းထဲသို့ဝင်သွားသည်။ ဦးဘိုးလုံးသည်၎င်း၏နောက်ဘက်မှာရှိသော ဘီဒိုထဲမှ အရက်ပုလင်းကို ထုတ်ပြီးဖန်ခွက်ထဲသို့ အနည်းငယ်ငှဲ့ထည့် လိုက်သည်။၎င်းသို့ထည့်ပြီး ရေအနည်းငယ်ရော၍ သောက်ချလိုက်သည်** )။ ( **မင်းစေကလေး သည်အခန်းတွင်းသို့ဝင်လာသည်** )။

မင်းစေ ။ ။ ဖျာပုံခရိုင်ဝန်ရောက်နေတယ်။ ဆရာကြီးက ခေါ်ထားလို့ လာတယ်လို့ပြောတယ်။

ဦးဘိုးလုံး ။ ။ အေး....လွှတ်လိုက်။

( **ဖျာပုံခရိုင်ဝန်ဦးတင်ထွန်းဝင်လာသည်။** )

ဦးဘိုးလုံး ။ ။ ( **ကုလားထိုင်တလုံးကိုလက်ညှိုးနှင့်ထိုးပြပြီး** ) ထိုင်ပါ။ ( **ရှေ့တွင်ရှိသောစီးကရက်ဘူးကိုလှမ်း ပေးရင်း** ) ဆေးလိပ်သောက်သလား။

ဦးတင်ထွန်း ။ ။ ကျွန်တော်မသောက်ပါဘူး။

ဦးဘိုးလုံး ။ ။ ဦးတင်ထွန်းဒီကို ဘယ်တုန်းကရောက်သလဲ။

ဦးတင်ထွန်း ။ ။ မနက်ကဘဲ။

ဦးဘိုးလုံး ။ ။ နယ်အခြေအနေဘယ့်နှယ်လဲ။

ဦးတင်ထွန်း ။ ။ ကောင်းပါတယ်။

ဦးဘိုးလုံး ။ ။ ဦးတင်ထွန်းဖျာပုံမှာပျော်ရဲ့လား။

ဦးတင်ထွန်း ။ ။ အမှုထမ်း အရာထမ်းဆိုတာ ထားရမှာပျော်ရမှာဘဲ။

ဦးဘိုးလုံး ။ ။ လိုတာရှိရင်ပြောနော်။ အားမနာနဲ့။

www.burmeseclassic.com

**ဦးတင်ထွန်း** ။ ။ ကျွန်တော်ဘာမှမလိုချင်ပါဘူး။

**ဦးဘိုးလုံး** ။ ။ ကဲ– ဦးတင်ထွန်းရေ။ ကျုပ်မှာလည်းအလုပ်တွေ သိပ်ရှုပ်နေတယ်။ လွန်ခဲ့တဲ့လထဲကလုပ်ခဲ့တဲ့ မအူပင်ကြားရွေးကောက်ပွဲမှာကျုပ်တို့အမတ်မရှုမလှရှုံးသွားတာ ဦးတင်ထွန်းလည်းသိပြီးရောပေါ့။

**ဦးတင်ထွန်း** ။ ။ ဟုတ်ကဲ့။

**ဦးဘိုးလုံး** ။ ။ အဲဒီမှာ ခရိုင်ဝန်ဟာ အင်မတန်ညံ့တယ်။ ဒီကညွှန်ကြားလိုက်တဲ့အတိုင်းလုပ်ရင် ကျုပ်တို့နိုင်ချေရှိပါတယ်။ လုပ်ရမှာသိပ်မခက်ပါဘူး။ အတိုင်အခံခေါင်းဆောင် ၃–၄ ဦးလောက် ပုဒ်မ ၅ နဲ့ ဆွဲလိုက်ရုံဘဲ။ ပြီးတော့ ဩဇာရှိတဲ့ သူကြီးဆယ့်လေးငါးယောက်လောက်ကိုခေါ်ပြီး ကြည့်လုပ်ဘို့ ကျောကလေး ရင်ကလေးသပ်ပေးလိုက်ရင် ပြီးသွားနိုင်တာဘဲ။ အဲဒါကို ဒီခရိုင်ဝန်ဟာ မလုပ်ဘူး။ အင်မတန်ခေါင်းမာတဲ့လူ။ကျုပ်လည်းစောက်မြင်ကပ်ကပ်ရှိတာနဲ့ မအူပင်ကနေပြီးကျောက်ဖြူကို ချက်ချင်း ပြောင်းပစ်လိုက်တယ်။ နောက်ပြီးတော့လည်း သူ့နောက်ကိုကျုပ်အလိုက်ခိုင်းထားတယ်။ တခုခုနဲ့ မိရင်တော့ မသက်သာဘူး။ကျုပ်တော့ရက်စက်ရမှာဘဲ။တယ်ခက်တယ်ဗျာ။ခရိုင်ဝန်တချို့ ဟာ သဘောမပေါက်ကြသေးဘူး။ ဝန်ကြီးနဲ့ သူတို့ဆိုတာ တိုင်းပြည်ရဲကဦးနဲ့ပုံ့ခွဲပြီး ထမ်းနေကြရတာဘဲ မဟုတ်လား။ အဲဒီတော့ တယောက်ကိစ္စ ရှိရင်တယောက်ကကူညီ မှ တာဝန်ကျေပြွန်ရာရောက်မှာပေါ့။ မဟုတ်ဘူးလား ဦးတင်ထွန်း။ **( ဦးတင်ထွန်းသည် ဘာမှပြန်မပြော ဦးဘိုးလုံးကိုသာ စိုက်ကြည့်လျက်ရှိသည် )**။

**ဦးဘိုးလုံး** ။ ။ ရှေ့လဆန်းမှာလုပ်မယ့် ဖျာပုံမြို့မကြားရွေးကောက်ပွဲမှာတော့ အရှုံးမခံချင်ဘူး။နိုင်ချင်တယ်။အဲဒါ ဦးတင်ထွန်းကူပါ။

**ဦးတင်ထွန်း** ။ ။ မတရားတာကို မခိုင်းချင်ပါနဲ့ဝန်ကြီးမင်း။ နောက်ပြီးတော့လည်း အရာရှိတွေက ဒီလိုဝင်ပြီးကူရင် ဝန်ကြီးမင်းတို့အတွက် ပိုပြီးဆိုးပါလိမ့်မယ်။ အခုခေတ်လူထုကအတော်ကြီးကို တိုးတက်နေပြီ။ မတရားလုပ်တာငုံ့ခံနေကြမှာမ ဟုတ်ဘူး။ အတိုက်အခံကို မကြိုက်ပေမဲ့ မတရားလုပ်တာကို မုန်းတာနဲ့ အတိုက်အခံထဲ အကုန်ထည့်ပစ်လိုက်ကြလိမ့်မယ်။

**ဦးဘိုးလုံး** ။ ။ ကျုပ်ပြောတာကိုစမ်းကြည့်ပါအုံး။

**ဦးတင်ထွန်း** ။ ။ အကျိုးမရှိတာကိုမလုပ်ချင်ပါနဲ့။ မအူပင်ကြားရွေးကောက်ပွဲတုန်းက ခရိုင်ကသာမကူတာ။ ကူတဲ့ အရာရှိတွေကကူတယ်။အဲဒီလိုမတရားလုပ်တာကိုမုန်းပြီးလူထုကအရွဲ့တိုက်လိုက်တာနဲ့ဝန်ကြီးမင်းတို့ရဲ့အမတ်ဟာ ဒီလောက်မရှုမလှရှုံးသွားရတာပါ။

**ဦးဘိုးလုံး** ။ ။ ဦးတင်ထွန်းကသာ စိတ်ပါလက်ပါနဲ့ကူပါ။ ကျုပ်တို့အမတ်အနိုင်ရစေ့မယ်။ ဧကန်နိုင်ရမယ်။ အဲဒီတော့ ဘယ့်နှယ်လဲ ဦးတင်ထွန်း။ ကူမယ်မဟုတ်လား။

**ဦးတင်ထွန်း** ။ ။ ကျွန်တော်မကူနိုင်ဘူး။

**ဦးဘိုးလုံး** ။ ။ **( အံ့အားသင့်လျက် )** ဘာဖြစ်လို့ဘဲ။

**ဦးတင်ထွန်း** ။ ။ ဥပဒေကခွင့်မပြုဘူး။

**ဦးဘိုးလုံး** ။ ။ ပြည်ထဲရေးဝန်ကြီးကခွင့်ပြုရင် ဥပဒေအရေးမကြီးပါဘူး။

**ဦးတင်ထွန်း** ။ ။ ပြည်ထဲရေးဝန်ကြီးမှာဥပဒေအရေးမကြီးပေတဲ့ ကျွန်တော့်မှာ ဥပဒေအရေးကြီးပါတယ်။

**ဦးဘိုးလုံး** ။ ။ **( အနည်းငယ်တွေနေပြီးမှ )** ဒီလိုဆိုရင် ရွေးကောက်ပွဲ အနိုင်ရအောယင်ဘယ်လိုလုပ်ရမလဲ။

**ဦးတင်ထွန်း** ။ ။ ဒါကတော့ ကျွန့်တော့်အလုပ်မဟုတ်ပါဘူး။ နိုင်ငံရေးသမားတွေရဲ့အလုပ်ဘဲ။

www.burmeseclassic.com

**ဦးဘိုးလုံး** ။ ။ မဟုတ်ဘူးလေ။ ကိုယ့်လူက စကားပြောတယ်ပြီးမာပါလား။

**ဦးတင်ထွန်း** ။ ။ သည်းခံပါဝန်ကြီး ကျွန်တော်ဒီလိုဘဲပြောတတ်တယ်။

**ဦးဘိုးလုံး** ။ ။ ကျုပ်ကဦးတင်ထွန်းရဲ့အကြောင်းကိုကြားရကတဲက အင်မတန်သဘောကျပြီးကောင်းကောင်းကြည့်မလို့စိတ်ကူးထားတာ။ အခုလိုကျုပ်ကိုဘောက်ကျကျစကားပြောတော့ရင်ဝကိုစုံကန်ပစ်လိုက်သလိုဖြစ်သွားတာဘဲ။

**ဦးတင်ထွန်း** ။ ။ ကျွန်တော်ပြောတာ တုံးတိတိဖြစ်နေရင် သည်းခံပါဝန်ကြီး။ ကျွန်တော်ဘယ်သူ့ရဲ့ကအမအစကိုမှလည်းမခံချင်ဘူး။ ဥပဒေအပြင်ဘက်ကအလုပ်တွေကို ခိုင်းလာရင်လည်း ဘယ်သူခိုင်းတာကိုမှ မလုပ်ချင်ဘူး။

ကျွန်တော်ထပ်ပြီးပြောပါရစေ။ မလုပ်ဘူး။ ဥပဒေအပြင်ဘက်က အလုပ်တွေကို အပေါ်ကခိုင်းတဲ့အတိုင်းတောင်လုပ်မြောက်လုပ် လုပ်ပေးတာကြောင့် ရာထူးဌာနန္တရတွေ တိုးတက်ကြီးပွားတာထက် ဥပဒေအတိုင်း လုပ်လို့ အလုပ်ပြုတ်သွားတာကို ကျွန်တော်ပိုပြီး နှစ်သက်တယ်ဝန်ကြီး။

**ဦးဘိုးလုံး** ။ ။ ကိုယ့်လူက အတိုက်အခံဂုဏ်သားတွေရဲ့အိတ် ထဲကို ရောက်နေပြီထင်တယ်။ ပြောတဲ့လေကတော့ အတိုက်အခံဂုဏ်သားတွေရဲ့လေအတိုင်းဘဲ။

**ဦးတင်ထွန်း** ။ ။ ကျွန်တော်ကို ဒီလိုမတရားမစွပ်စွဲပါနဲ့။ ဒီလိုမရေမရာပြောတာ ကျွန်တော်မခံဘူး။

**ဦးဘိုးလုံး** ။ ။ **( ဒေါသကိုချုပ်တည်းလျက် )** အင်း....အင်း၊ ကောင်းပြီ၊ ကောင်းပြီ၊ သွားတော့။

**ဦးတင်ထွန်း** ။ ။ **( ထလျက် )** ဥပဒေအတွင်းကဆိုရင် ခိုင်းချင်တာခိုင်းပါ၊ ကျွန်တော်အသေခံလုပ်ပါမယ်။

**ဦးဘိုးလုံး** ။ ။ **( မပြုံးချင်ပြုံးချင်ပြုံးလျက် )** ထိုင်ပါအုံး။ **( ဦးတင်ထွန်းထိုင်သည် )**။ ကဲ–

နိုင်ငံရေးသမားလို့ မပြောချင်ပေမယ့် နယ်ရဲ့ နိုင်ငံရေးအခြေအနေကို ခရိုင်ဝန်အနေနဲ့ အစီရင်ခံစမ်းပါအုံး။

ကျုပ်တို့ အမတ်လောင်း နိုင်ခြေရှိရဲ့လား။

**ဦးတင်ထွန်း** ။ ။ မရှိဘူး။

**ဦးဘိုးလုံး** ။ ။ ဖျာပုံနယ်မှာအစိုးရအနေနဲ့ ကျုပ်တို့ဒီလောက်လုပ်ထားတာတောင် နိုင်ခြေမရှိဘူးလား။

**ဦးတင်ထွန်း** ။ ။ မရှိဘူး။

**ဦးဘိုးလုံး** ။ ။ ဘာဖြစ်လို့လဲ။

**( ဦးတင်ထွန်းလည်းဘာမှပြန်မပြောဘဲ ငုတ်တုတ်ထိုင်နေသည် )**။

**ဦးဘိုးလုံး** ။ ။ ဘာဖြစ်လို့လဲ။ ပြောသာပြောပါ။ ကိစ္စမရှိပါဘူး။ ကျုပ်သိချင်လို့ပါ။ ပြောသာပြောပါ။

**ဦးတင်ထွန်း** ။ ။ ပြောရမှာခက်တယ်။

**ဦးဘိုးလုံး** ။ ။ ပြောသာပြောပါ။

**( ဦးတင်ထွန်းလည်းဘာမှမပြောဘဲ ငုတ်တုတ်ထိုင်လျက်ပင်ရှိသည် )**။

**ဦးဘိုးလုံး** ။ ။ ပြောသာပြောပါ။ ကျုပ်သိချင်လို့ပါ၊ ဘာမှအားနာစရာမရှိပါဘူး။ ကြောက်စရာလည်းမရှိဘူး။

**ဦးတင်ထွန်း** ။ ။ ကျွန်တော်ကြောက်လို့မဟုတ်ပါဘူး။

**ဦးဘိုးလုံး** ။ ။ ဒါဖြင့်ပြောပါ။

**ဦးတင်ထွန်း** ။ ။ မနှစ်က ဝန်ကြီးဟာ မိန်းမတယောက်နဲ့ အရက်တွေမူးပြီး အရပ်ထဲကခဲနဲ့ ဝိုင်းအပေါက်ခံရတယ်ဆိုတဲ့သတင်း၊ သတင်းစာထဲမှာ ပါလာတဲ့အချိန်ကစပြီး ဝန်ကြီးတို့ရဲ့အဖွဲ့အပေါ်မှာ လူထုရဲ့ကြည်ညိုမှုမရှိတော့ဘူး။ တခြားနယ်တွေမှာတော့မပြောတတ်ဘူး။ ဖျာပုံမှာတော့မရှိတော့ဘူး။ အခု

www.burmeseclassic.com

ရွေးကောက်ပွဲလုပ်ရင် အတိုက်အခံကိုမကြိုက်ပေမယ့်ဝန်ကြီးတို့ရဲ့အဖွဲ့ကိုမကြည်ညိုတာနဲ့အတိုက်အခံထဲကို လူထုကမဲထည့်ပစ်လိုက်မှာဘဲ။

**ဦးဘိုးလုံး** ။ ။ ဒီလောက်တောင်ဘဲလား။

**ဦးတင်ထွန်း** ။ ။ ဒီလောက်တောင်ဘဲ။

**ဦးဘိုးလုံး** ။ ။ ဝန်ကြီးဆိုတာလည်း နောက်ဆုံးတော့လူတယောက်ဘဲ။ အဲဒီတော့လူတယောက်အနေနဲ့မမူးရတော့ဘူးလား။ မိန်းမလိုက်ရတော့ဘူးလား။ ဟင်–ဘယ့်နှယ်လဲ ဦးတင်ထွန်း။ ကျုပ်မေးတာဖြေစမ်းပါအုံး။

**ဦးတင်ထွန်း** ။ ။ ဒီဟာဖြေဘို့ ကျွန်တော့်အလုပ်မဟုတ်ပါဘူး။ လူထုကိုမေးပါ။

**ဦးဘိုးလုံး** ။ ။ ဝန်ကြီးတယောက်ဟာ ဝန်ကြီးအလုပ်ကိုကောင်းကောင်းလုပ်ရင်ပြီးရောပေါ့။ ဒီဝန်ကြီးအရက်မူးတာမိန်းမလိုက်တာဟာ သူ့ရဲ့အတွင်းရေးဘဲမဟုတ်ဘူးလား။

**ဦးတင်ထွန်း** ။ ။ အရက်မူးချင် မိန်းမလိုက်ချင်ရင်တော့ နိုင်ငံရေးခေါင်းဆောင်လုပ်ဘို့မကောင်းဘူးလို့ကျွန်တော်ထင်တာဘဲ....သည်းခံပါ။ ဒီအကြံပေးဘို့ ကျွန်တော့်မှာ ဘာတာဝန်မှမရှိပါဘူး။ ဝန်ကြီးမေးလွန်းလို့သာ ကျွန်တော်ပြောရတာပါ။သည့်ပြင်အကြောင်းမရှိရင်လည်းကျွန်တော်ပြန်ပါရစေ။ပြောပါများအမှားတွေပါသွားမှာစိုးပါတယ်။ ( **ထလိုက်သည်** )။

**ဦးဘိုးလုံး** ။ ။ ထိုင်ပါအုံး ( **ဦးတင်ထွန်းပြန်၍ထိုင်သည်** ) ကဲ ကျုပ်အရက်မူးလို့ မိန်းမလိုက်လို့ ဖျာပုံလူထုကကျုပ်တို့အဖွဲ့ကိုမကြည်ညိုတော့ဘဲအတိုက်အခံကိုမဲပေးမယ်ဆိုရင် အတိုက်အခံမနိုင်ရအောင်ဘယ်လိုလုပ်ရမလဲ။ လုပ်စရာ ဘာမှမရှိတော့ဘူးလား။ အတိုက်အခံအနိုင်ရသွားတာကိုတော့ ကျုပ်ဘယ်နည်းနဲ့မှ မကြည့်နိုင်ဘူး။ အဲဒီတော့ အတိုက်အခံ အနိုင်မရအောင် ဘာမှလုပ်စရာမရှိတော့ဘူးလား။

**ဦးတင်ထွန်း** ။ ။ ဒီမေးခွန်းကို ကျွန်တော်မဖြေချင်ဘူး။

**ဦးဘိုးလုံး** ။ ။ ဖြေသာဖြေပါ၊အတိုက်အခံအနိုင်မရအောင်လုပ်တဲ့အဖြေဆိုရင်ကျုပ်လက်ခံမယ်။ဘယ်အဖြေရှိသလဲ။

**ဦးတင်ထွန်း** ။ ။ ကျွန်တော်မဖြေချင်ဘူး။

**ဦးဘိုးလုံး** ။ ။ ဖြေသာဖြေပါ။ မကြောက်ပါနဲ့။

**ဦးတင်ထွန်း** ။ ။ ကျွန်တော်မကြောက်ပါဘူး။

**ဦးဘိုးလုံး** ။ ။ ဒါဖြင့်ဖြေပါ။

**ဦးတင်ထွန်း** ။ ။ ဝန်ကြီးတို့အမတ်လောင်းအနိုင်ရဘို့ တလမ်းဘဲရှိတယ်။

**ဦးဘိုးလုံး** ။ ။ အဲဒီလိုလဲကူအုံးမှပေါ့။ ခုတင်ကလို ဘာမှကူဘော်လောင်ဘက်မရဘဲ ကျုပ်ကိုဒုံးတိတိကြီး ပြောနေတာ ကျုပ်အင်မတန်ဒေါသထွက်တယ်။ ဒေါသကိုအတော်ကိုချုပ်တည်းထားရတယ်။အဲဒီတလမ်းထဲဆိုတာကဘာလဲ။

**ဦးတင်ထွန်း** ။ ။ ဒီတလမ်းထဲဆိုတာက တခြားမဟုတ်ပါဘူး။ ဝန်ကြီးကိုယ်တိုင်လက်ရှိရာထူးကရော၊ ပါတီကရောထွက်ပစ်လိုက်တဲ့လမ်းဘဲ။

**ဦးဘိုးလုံး** ။ ။ ( **အလွန်ဒေါသဖြစ်လျက်** ) ဘာကွ။

**ဦးတင်ထွန်း** ။ ။ ဒီနေ့မနက်သတင်းစာတွေထဲမှာပါလာတဲ့ သတင်းသာမှန်မယ်ဆိုရင် အခုလိုထွက်ပေးတာတောင်အနိုင်ရဘို့ဆိုတာ အလုပ်ရအင်မတန်ခက်အုံးမယ်။

www.burmeseclassic.com

**ဦးဘိုးလုံး** ။ ။ဟော့ တင်ထွန်း။ ဒါမင်းငါ့ကို သက်သက်စော်ကားတာဘဲ။ မင်းငါ့ကိုဘာမှတ်လို့လဲ။ ဝန်ကြီး တယောက်လုံးကို ဒီလိုစော်စော်ကားကားပြောတာ ကောင်းသလား။ ( **လက်နှင့်နှင်လျက်** )

....သွား....သွား....သွား....သွား။(**ဦးတင်ထွန်းသည်ထိုင်ရာမှထပြီးထွက်သွားလေသည်။ဦးတင်ထွန်း ဘက်သို့လှည့်ကြည့်၍** ) အလကားကောင်။ လခထုတ်ကောင်းအောင်ညာပြီး အရာရှိအရေကို ခြုံထားတာ။ ကွန်မြူနစ်လက်ကိုင်ဒုတ်ဘဲ။

**ဦးတင်ထွန်း** ။ ။( **ဦးဘိုးလုံးဘက်ကိုပြန်လှည့်ပြီး** )
ဝန်ကြီး....ဒီစွပ်စွဲချက်ကိုလူနှစ်ယောက်သုံးယောက်ရှေ့မှာပြော ကြည့်စမ်းပါ။
ကျွန်တော်အသရေဖျက်မှုနဲ့တရားစွဲမယ်။ ( **ဦးဘိုးလုံးသည်ဦးတင်ထွန်းကိုစိမ်းစိမ်း**

**ဝါးဝါးကြည့်နေသည်။ ဘာမှမပြော။ ဦးတင်ထွန်းသည် တံခါးဖွင့်ပြီးထွက်သွားသည်။ ဦးဘိုး လုံးသည် အလွန်ဒေါသထွက်လျက်ရှိသည်။ ၎င်း၏ရှေ့တည့်တည့်ကို စိုက်ကြည့်ပြီး**

**အကြံယူ** **လျက်ရှိသည်** )။

**ဦးဘိုးလုံး** ။ ။( **ဖြုံးကနဲအကြံရ၍ အတွင်းဝန်တယ်လီဖုန်းကို ဖပ်ကနဲကောက်ကိုင်လိုက်သည်။** ) ဟလို အတွင်းဝန်လား။ ဒီခဏလာစမ်းပါ။ ( **တယ်လီဖုန်းကိုချထားပြီး ဘီဒိုထဲက**

**အရက်တခွက်ကိုထ** **သောက်ပြန်သည်၊**

**အတွင်းဝန်သည်မှတ်စုစာအုပ်တအုပ်ကိုကိုင်ပြီးအခန်းတွင်းသို့ဝင်လာသည်** )။

**ဦးဘိုးလုံး** ။ ။( **အတွင်းဝန်လား၊ ကုလားထိုင်တွင် ထိုင်ရန်လက်ညှိုးထိုးပြပြီး** ) ဖျာပုံခရိုင်ဝန်ဟာတယ်ပြီး လူပါး ဝတဲ့အကောင်ပါလား။

**အတွင်းဝန်** ။ ။ လူတော့....လူကောင်းတယောက်ဘဲ ဝန်ကြီး။

**ဦးဘိုးလုံး** ။ ။ ဘာလူကောင်းကမှာလဲ။ ဒီကောင်ဟာ အရေခြုံခရိုင်ဝန်။ အမှန်စင်စစ်ကတော့ ကွန်မြူနစ်ဒရိုဘဲ။

**အတွင်းဝန်** ။ ။ ဖျာပုံခရိုင်ဝန်ဦးတင်ထွန်းမှတ်လား။

**ဦးဘိုးလုံး** ။ ။ ဟုတ်ပါတယ်။ ဒီတင်ထွန်းပါဘဲ။

**အတွင်းဝန်** ။ ။ အခုကျွန်တော့် အခန်းထဲမှာရှိတယ်။

**ဦးဘိုးလုံး** ။ ။ ဒီကောင်ဘာတွေပြောနေသလဲ။

**အတွင်းဝန်** ။ ။ ဘာမှမပြောပါဘူး။ ညနေသင်္ဘောနဲ့ဖျာပုံပြန်မယ့်အကြောင်းဘဲ လာပြောပါတယ်။

**ဦးဘိုးလုံး** ။ ။ ဒီကောင်မကောင်းဘူး။ ဒီကောင်ဖျာပုံမှာရှိရင် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်မှာ မ ဟုတ်ဘူး။ မြေပေါ်ကွန်မြူနစ်တွေနိုင်မှာဘဲ။ ဒီကောင်ဟာအစိုးရလခကိုယူထားပြီး လုပ်တော့မြေ အောက်ကွန်မြူနစ်အလုပ်ကို လုပ်ပေးနေတာ။

**အတွင်းဝန်** ။ ။ သည်းခံပါဝန်ကြီး၊ ကျွန်တော်ပြောပရစေ ဝန်ကြီး။ ဒီ ဦးတင်ထွန်းအပေါ်မှာ အထင်လွဲနေဘီ ထင် တယ်။ ခရိုင်ဝန်ထဲမှာ အကောင်းဆုံးခရိုင်ဝန်တဦးဘဲ။ နိုင်ငံရေးပယောကလည်းအကင်းစင်ဆုံးဘဲ။

**ဦးဘိုးလုံး** ။ ။ တော်ပါတော့ဗျာ။ ခင်ဗျားတို့အရာရှိတွေကို ထိပ်ပြီဆိုမှဖြင့် ရှေ့က ကာဆီးကာဆီးနဲ့။ ကျုပ်ဖြင့်ခင် ဗျားတို့နဲ့တောင် အလုပ်မလုပ်ချင်တော့ဘူး။။

**အတွင်းဝန်** ။ ။ သည်းခံပါဝန်ကြီး။ ကျွန်တော်ကတော့ဝတ္တရားအတိုင်းပြောပြရတာပါ။ ဦးတင်ထွန်းရဲ့ ကွန်ဖီဒင် ရှယ်ဖိုင်ကိုယူကြည့်လိုက်ရင် သူ့အကြောင်းကောင်းကောင်းသိနိုင်ပါတယ်။ ကျွန်တော်သိရသ

www.burmeseclassic.com

လောက်ဆိုရင် ဦးတင်ထွန်းဟာအခွန်တော်ငွေကောက်တဲ့နေရာမှာရော၊ငြိမ်ဝပ်ပိပြားရေးကိုထိန်းနိုင်တဲ့နေရာမှာရော တာဝန်ကျေပြွန်တဲ့နေရာမှာရော၊ နယ်သူ နယ်သားတွေရဲ့ကြည်ညိုလေးစားမှုကို ခံရတဲ့နေရာမှာရော၊ အပျော်အပါးနဲ့လာဘ်ပေးလာဘ်ယူ ကင်းစင်တဲ့နေရာမှာရော၊ ခရိုင်ဝန်တွေထဲမှာဆိုရင် ထိပ်ဆုံးတန်းမှာရှိပါတယ်။ ဒီလူဟာ အတွင်းဝန်ရုံးက နယ်ကိုပို့လိုက်တာဘဲ။ ဒီရုံးမှာနေတုန်းကရော နယ်ရောက်သွားတဲ့အခါမှာရော ၊ အတွင်းဝန်အဆက်ဆက်၊ တိုင်းမင်းကြီးအဆက်ဆက်ရေးထားတဲ့ ကွန်ဖီဒင်ရှယ်ဖိုင် ကျွန်တော့် မှာရှိပါတယ်။ ဝန်ကြီးဖတ်ချင်ရင် ကျွန်တော်ပို့လိုက်ပါ့မယ်။

**ဦးဘိုးလုံး** ။ ။ ကွန်ဖီဒင်ရှယ်ဖိုင်ထဲမှာ ဘာတွေဘဲရေးထားထား ဒီကောင်ဟာလူဆိုးဘဲ။ ခရိုင်ဝန်အရေခြုံထားပြီး ကွန်မြူနစ်ဒရှိုအလုပ်ကို လုပ်ပေးနေတာ။ ဒီကောင်ဖျာပုံမှာရှိရင် ကြားရွေးကောက်ပွဲမှာအတိုက်အခံနိုင်မှာဘဲ။ ဒီကောင့်ကို ဖျာပုံ မှာကျုပ်မထားချင်ဘူး။ စင်ကလိုင် ခန္တီးကို ပို့ချင်တယ်။

**အတွင်းဝန်** ။ ။ ဒီကိစ္စကို တရက်နှစ်ရက်လောက်ထားပြီးစဉ်းစားရင်ကောင်းလိမ့်မယ် ထင်ပါတယ်ဝန်ကြီး။

**ဦးဘိုးလုံး** ။ ။ မစဉ်းစားချင်ဘူး။ ကျုပ်ဆုံးဖြတ်ချက်ချပြီးပြီ။ ဒီကနေ့ကစပြီး ၇ ရက်အတွင်းပြောင်းရမယ်။ ဖျာပုံမှာမရှိရဘူး။ ကဲ....အတွင်းဝန်။ အဲဒါကျုပ်အမိန့်ဘဲ။ သွားတော့။

**အတွင်းဝန်** ။ ။ ဟုတ်ကဲ့။ ( **မှတ်စုစာအုပ်ထဲတွင် တစုံတခုကိုရေးပြီး ထွက်သွားသည်။မင်းစေမောင်လွန်းသည်အခန်းထဲသို့ ဝင်လာသည်** )။

**မောင်လွန်း** ။ ။ ဆရာကြီး ၊ နေ့လည်စာစားတော့မလား။

**ဦးဘိုးလုံး** ။ ။ ( **ဒေါသနှင့်** ) သွား....သွား....သွား....သွား....သွား။ ခွေးမသားတွေ ဘယ်သူမှ လာမရှုပ်ကြနဲ့။
( **မောင်လွန်းသည်ကြက်သေသေ၍ ခေတ္တကြည့်နေပြီး အပြင်ထွက်သွားသည်** )။

**ဦးဘိုးလုံး** ။ ။ ( **အပြင်တယ်လီဖုန်းကိုကိုင်လျက်** ) ရန်ကုန်ရဲမင်းကြီးကိုပေး။....ဟလို ရဲမင်းကြီးလား။ ပြည်ထဲရေး ဝန်ကြီးစကားပြောနေတယ်။ ....ဘယ့်နှယ်လဲ၊ သဲလွန်စနည်းနည်းကလေးမှ မရသေးဘူးလား။ ဟာ ....ခင်ဗျား ပုလိပ်တွေက တယ်ရော်တဲ့ကောင်တွေဘဲ။....ဒင်းတို့ရန်ကုန်ထဲမှာဘဲ ရှိနေအုံးမှာဘဲ။ ရန်ကုန်မှာပုန်းနေရတာက နယ်ထက်ပိုပြီး လွယ်တယ်။ ခင်ဗျားလည်းဒီလိုဘဲယူဆသလား။ အင်း....အင်း.....အင်း ကောင်ကလေးရဲ့ အဖေနဲ့အမေကို ဖမ်းလိုက်ရင်မြန်မြန်မိလိမ့်မယ် ထင်တယ်။ခင်ဗျားဘယ့်နှယ်သဘောရသလဲ။....သဘောမတူဘူးလား။ဘာဖြစ်လို့လဲ။....အကြောင်းမလုံလောက်ဘူးဟုတ်လား။....သူတို့သား ဒီလိုခိုးပြေးအောင် သူတို့မြှောက်ပေးတာဖြစ်မှာပေါ့။ ဒါလုံလောက်တဲ့ အကြောင်းပေါ့၊ ....အင်း ....အင်း ....အာမခံပေးရမယ်ဆိုရင်တော့နေပေစေတော့။ ကဲ.... ရဲမင်းကြီးကျုပ်တော့အကြံကုန်နေပြီ။ မြန်မြန်မိအောင် ခင်ဗျား ကိုယ်တိုင်အစွမ်းကုန်ကြိုးစားပေးပါအုံး။ အော်....အော်....ဒီမှာရဲမင်းကြီး။ ခင်ဗျားကို အတွင်းရေးတခုတိုင်ပင်ချင်တယ်။ ခင်ဗျားနှုတ်လုံမှုဖြစ်မယ်။နှုတ်လုံနိုင်ပါ့မလား။....ကျေးဇူးတင်ပါတယ်။ဒီလိုရှိတယ်။ဒီဘက်ကတော့ ခင်ဗျားတို့က ကျုပ်တို့ထက်ပိုပြီး ဗဟုသုတရှိတယ်။ ကျုပ်ဆေးဖရောင်းတိုင်ထွန်းချင်တယ်။ ကျကျနနထွန်းတတ်တဲ့ဆရာရှိလား။ ....ရှိတယ်။ ဟုတ်လား။ ခင်ဗျားနဲ့ အကျွမ်းဝင်ရဲ့လား။ ....ဒီလိုဆိုရင်သိပ်ကောင်းတာပေါ့။ ဒီဆရာကနှုတ်လုံပါ့မလား။ တော်တော်ကြာ ပြည်ထဲရေးဝန်ကြီးရဲ့ ဆေးဖရောင်းတိုင်ဆိုပြီး သတင်းစာတွေထဲမှာ ပါလာပါအုံးမယ်။ ဘယ့်နှယ်လဲ။ ....အင်း....အင်း ....အင်း ဒီလိုနှုတ်လုံရင်ကောင်းတာပေါ့။....ဒီမှာရဲမင်းကြီး။ ခင်ဗျားကိုတော့ ကျုပ်ဖွင့်ပြောရမှာဘဲ။

www.burmeseclassic.com

ဒါကလေးကို ကျုပ်မြန်မြန်ပြန်ရမှဖြစ်မယ်။ ကျုပ်ဘယ်လိုနေရမှန်းမသိဘူး။ ....ဆရာကတော်တော်စွမ်းသလား။ ....အင်း....အင်း....အင်း။ကောင်းတယ်။ သိပ်ပြီးကျေးဇူးတင်ပါတယ်။ ငွေကုန်တာအရေးမကြီးဘူး။ ဘယ်လောက်ဘဲကုန်ကုန်။ ကုန်ပေစေ။ ကောင်မကလေးမြန်မြန်ပြန်လာဘို့ဘဲအရေးကြီးတယ်။....စရံငွေဘယ်လောက်ပို့လိုက်ရမလဲ။ ....အခုမပို့ရသေးဘူးလား။ ကောင်းပြီ။ ဘယ်အချိန်မဆို လိုချင်ရင်အသင့်ဘဲ။ ဘာ....။ ကောင်မကလေးဝတ်တဲ့လုံချည်၊ ချွေးခံအင်္ကျီ၊ အပေါ်အင်္ကျီကိုလိုချင်တယ် ဟုတ်လား။ ဘာလုပ်ဘို့လဲ။ ....အင်း အင်း....အော်....ဟုတ်လား။ဆေးဖရောင်းတိုင်ထဲမှာ မီးဇာလုပ်ဘို့ဟုတ်လား။ တယ်ထူးဆန်းပါလား။ ....ရပါစေ့မယ်။ ခုချက်ချင်းပို့လိုက်ပါ့မယ်။ ....စိတ်ချပရစေနော်....ရဲမင်းကြီး။ ကျေးဇူးကိုတော့ ဘယ်တော့မှမမေ့ပါဘူး။ ဟုတ်ကဲ့။ ဟုတ်ကဲ့။ သင့်ခ်ယူ ။ ( **တယ်လီဖုန်းချထားလိုက်သည်။ ထိုင်ရာမှထပြီး ဘီဒိုထဲမှ အရက်တခွက်ကိုသောက်လိုက်ပြန်သည်။ ထိုအခိုက်တွင် ကိုဘသည် အခန်းတွင်းသို့ဝင်လာသည်။ ဦးဘိုးလံုးသည် ၎င်း၏ကုလားထိုင်တွင် ပြန်၍ထိုင်သည်။ ကိုဘလည်း ကုလားထိုင်တလုံးတွင် ဝင်၍ ထိုင်သည်။** )

**ကိုဘ** ။ ။ ကိုကြီးလုံး....အခုဘဲ တယ်လီဖုန်းနဲ့သတင်းထူးတခုရတယ်။

**ဦးဘိုးလုံး** ။ ။ ခင်လှကြီးတို့ကို တွေ့ပလား။

**ကိုဘ** ။ ။ ဒါအတွက်မဟုတ်ပါဘူး။

**ဦးဘိုးလုံး** ။ ။ အို....ဒင်းတို့ကို မိများမိသလားလို့။ ဒါဖြင့်ဘာသတင်းလဲ။ သြော် နေအုံး။ ( **စာပွဲပေါ်မှ ခလုတ်ကလေးကိုနှိပ်လိုက်သည်။မင်းစေဝင်လာသည်။ ဦးဘိုးလုံးသည်တဘက်သို့လှည့်ပြီး** )မောင်ဘရေ ခဏနေအုံးနော်။ ဟေ့ကောင်မောင်လွန်းဘယ်သွားသလဲ။ ခပ်မြန်မြန်သွားခေါ်စမ်း။ ( **မင်းစေသည် ခပ်သုတ်သုတ်ထွက်သွားသည်။** ) အင်း....ပြောတော့။

**ကိုဘ** ။ ။ မနက်က ဝန်ကြီးချုပ်ရဲ့အိမ်မှာ အစည်းအဝေးလုပ်တယ်။ အဲဒီအစည်းအဝေးကို ခေါင်းဆောင်ခေါ်တာကတော့ တခြားလူမဟုတ်ဘူး။ ကိုကြီးလုံးရဲ့ ပါလီမန်အတွင်းဝန်ကိုဘိုနီဘဲ။

**ဦးဘိုးလုံး** ။ ။ ဘာအစည်းအဝေးတဲ့လဲကွ။

**ကိုဘ** ။ ။ မနက်က သတင်းစာတွေထဲမှာ ပါလာတဲ့ ကိုကြီးလုံးရဲ့အကြောင်းဆွေးနွေးတဲ့ အစည်းအဝေးတဲ့။

**ဦးဘိုးလုံး** ။ ။ မဟုတ်ပါဘူးကွာ။ မင်းဘယ်ကကြားသလဲ။ ဘာဆွေးနွေးစရာရှိသလဲ။ ဝန်ကြီးချုပ်ကငါ့ကိုခေါ်မေးလိုက်ရင် ပြီးသွားနိုင်တဲ့ကိစ္စဘဲ။

**ကိုဘ** ။ ။ ကိုကြီးလုံးကသာငြင်းနေ။ ဦးလှရွှေကိုယ်တိုင်က ခုနကဘဲကျွန်တော့်ဆီကိုတယ်လီဖုန်းဆက်တယ်။ ဒီအစည်းအဝေးမှာသူလည်းပါတယ်တဲ့၊ သူအစည်းအဝေးတက်တာကတော့ ကိုဘိုနီက တယ်လီဖုန်းနဲ့ခေါ်လိုက်လို့ တက်တာဘဲတဲ့။ ဒီအထဲမှာ သူမပါပါဘူးတဲ့။ အဲဒါအထင်မလွဲအောင်ကိုကြီးလုံးကိုပြောပေးပါတဲ့။

**ဦးဘိုးလုံး** ။ ။ ဘာတွေပြောကြသတဲ့လဲ။

**ကိုဘ** ။ ။ အပြောဆုံးကတော့ ကိုကြီးလုံးရဲ့ပါလီမန်အတွင်းဝန်ကိုဘိုနီဘဲတဲ့။ သူကကိုကြီးလုံးကိုပါတီထဲကရော။ အစိုးရအဖွဲ့ထဲကကော ထုတ်ပစ်ရမယ်တဲ့။

**ဦးဘိုးလုံး** ။ ။ ( **ဒေါသဖြစ်လျက်** ) ဒင်းနှမကို ငါမယူလို့လား။ ဂမြင်းမသား၊ တောသား၊ ငါဆွဲတင် ထားလို့မနေ့ တနေ့ကမှ လူရာဝင်လာတဲ့ခွေးက ငါ့ကိုပြန်ဟောင်တယ်ဆိုတာ ငါအသဲနာသကွာ။

www.burmeseclassic.com

ကိုဘ ။ ။ ဘိုနီဟာ ကိုကြီးလုံးရဲ့နေရာမှာ ပြည်ထဲရေးဝန်ကြီး လုပ်ချင်နေတာကြာပြီ ကိုကြီးလုံးရဲ့။

ဦးဘိုးလုံး ။ ။ ငါသိပါတယ်ကွာ။ ( **မောင်လွန်းဝင်လာသည်** )။

ဦးဘိုးလုံး ။ ။ ဟေ့....မောင်လွန်း။ ရွှေတောင်ကြားအိမ်ကို မြန်မြန်သွားစမ်း။ သွားပြီးရင်ခင်လှကြီးဝတ်တဲ့လုံချည်ရယ်။ အင်္ကျီရယ်။ ချွေးခံအင်္ကျီရယ် ပေးပါလို့ သူ့အမေကြီးဆီမှတောင်း။အဲဒါတွေကိုရန်ကုန်ရဲမင်းကြီးဆီ မင်းကိုယ် တိုင်သွားပေးလိုက်။ မြန်မြန်သွား။ ကြားလား၊ ဟိုဝင် ဒီဝင် ဝင်မနေနဲ့ကွာ။သွား...သွား။ မြန်မြန်သွား။ ( **မောင်လွန်းအခန်းဝ သို့သွားနေစဉ်** )။ ဟေ့....မောင်လွန်းခဏနေအုံး။ သူ့အမေကြီးက ဘာလုပ်ဘို့လဲလို့မေးရင် အရေးကြီးလို့ငါကတောင်းတယ်။ ဆက်ဆက်ပေးပါလို့ သာပြော။ ဟုတ်လား။

မောင်လွန်း ။ ။ ဟုတ်ကဲ့ ( **ထွက်သွားရန်ပြင်သည်** )။

ဦးဘိုးလုံး ။ ။ ဟေ့....ဟေ့....နေအုံး။ မင်း....ရဲမင်းကြီးဆီကိုသွားရင်သူနဲ့ ဆက်ဆက်တွေ့အောင်ရှာ။ အောက်ကကောင်တွေ လက်ထဲပေးမပစ်ခဲ့နဲ့။ ကြားလား။ သွား....သွား....မြန်မြန်သွား။ အင်း....ဆက်ပါအုံး။ ဘိုနီကငါ့ကိုထုတ်ပစ်ရ မတဲ့လား။

ကိုဘ ။ ။ ဟုတ်ကဲ့....ကိုကြီးလုံးရဲ့။

ဦးဘိုးလုံး ။ ။ ဒီတော့ဝန်ကြီးချုပ်က ဘာပြောသလဲ။

ကိုဘ ။ ။ ကိုကြီးလုံးရဲ့အကြောင်းတွေကို သူလည်းကြားနေတာကြာပြီတဲ့။ ဒါပေမယ့်ဒီကိစ္စမှာ ကိုကြီးလုံးကိုသတိလောက်ပေးပြီး ပြည်ထဲရေးက အခြားဌာနတခုခုကိုပြောင်းပေးလိုက်ရင် တော်လောက်ပြီလို့ပြောတယ်တဲ့။ဒါပေမယ့်ကိုဘိုနီကတော့ပါတီကကော၊အစိုးရအဖွဲ့ကကောထုတ်ပစ်ရမယ်လို့အတင်းတောင်းဆိုတယ်တဲ့။

ဦးဘိုးလုံး ။ ။ အင်း ဆိုစမ်းပါအုံး။

ကိုဘ ။ ။ အဲဒီတော့ဝန်ကြီးချုပ်က ကနေ့ညနေ အထူးအလုပ်အမှုဆောင်အစည်းအဝေးကိုခေါ်။ အဲဒီအစည်းအဝေးမှာ ဆုံးဖြတ်လို့ပြန်ပြောလိုက်တယ်တဲ့။

ဦးဘိုးလုံး ။ ။ ခေါ်ချင်ခေါ်ပေါ့ကွာ။ ငါကဘာဂရုစိုက်ရမှာလဲ။

ကိုဘ ။ ။ ကိုကြီးလုံးကသာ ဘာဂရုစိုက်ရမှာလဲလို့ပြောနေ။ကိုဘိုနီကတော့အလုပ်အမှုဆောင်တွေကိုအားလုံးကို သူပြောပြီးပြီတဲ့။ ဦးဒွေးနဲ့ဦးသိန်းမောင်နှစ်ယောက်ထဲဘဲ ကိုကြီးလုံးဘက်မှာ ရှိတော့တယ်တဲ့။

ဦးဘိုးလုံး ။ ။ ( **ရှေ့တည့်တည့်ကို ကြောင်တောင်တောင်ကြီးကြည့်ပြီး** ) လုပ်ချင်တာလုပ်ကြပါစေ။ ငါဂရုမစိုက်ပါဘူး။ ညောင်မြစ်ကိုတူးလာကြရင်တော့ ပုတ်သင်ဥတွေ ဖေါ်ရမှာပေါ့ကွာ။ ငါကလွတ်လွတ်လပ်လပ်တွေနဲ့ ဖြစ်နေ သေးတယ်။ ဒင်းက ပုသိမ်ညွန့်ထဲက စိန်ဖေရဲ့မိန်းမနဲ့ဖြစ်နေတာငါအကုန်ဖွင့်ချမှာပေါ့။ ချစ်တီးဘဏ်ကိစ္စမှာလဲ ဒင်းငွေ တသိန်းယူထားတာ ငါမသိဘူးမှတ်လို့လား။ ဒီပြင်ကောင်တွေလည်းငါ့ကိုတွယ်ကြပေစေ၊ ဘိန်းစားချင်းချင်း တလုံးပိုရှုလို့ ဘာရမလဲကွ။မောင်ဘ....မင်းမှတ်ထားလိုက်ပါ။ ငါငို့မခံဘူးကွ။ ငါပြန်ချမယ်။ ငါပြန်ချမယ်။ ငါ့ကို ချတဲ့လူတွေအားလုံးကိုငါပြန်ချရမယ်။ ဝန်ကြီးချုပ်ငါ့ကို အူကြောင်ကြောင်လုပ်ရင်လဲ ဝန်ကြီးချုပ်ကို ငါပြန်ချရမယ်။ငါငို့မခံဘူး။ ဘယ်သူဘာလုပ်ထားတယ်ဆိုတာ ငါအကုန်သိတယ်။ ဘိန်းစားချင်းချင်း တလုံးပိုရှုချင်လို့ရမလား။ ငါအကုန်ပြန်ချမယ်။

www.burmeseclassic.com

( ဦးဘိုးလုံးသည်အနည်းငယ်စဉ်းစားပြီးနောက် အတွင်းဝန်နှင့်တိုက်ရိုက်ဆက်ထားသောတယ်လီ ဖုန်းကိုကောက်ကိုင်လိုက်သည် )။

ဟာလို….အတွင်းဝန်လား။ ပါလီမန်အတွင်းဝန်ဘိုနီကို ခဏ လွှတ်လိုက်စမ်းပါ။

ကိုဘ ။ ။ ကိုကြီးလုံးရယ်ပြောရအုံးမယ်။ ကမ္ဘာမီးလောင်နေတဲ့အခါပိုးစိမ်းဖြူကဝင်တောက်တယ်လဲမအောက်မေ့ပါနဲ့။

ဦးဘိုးလုံး ။ ။ ဘာလဲကွ။

ကိုဘ ။ ။ သုံးလလောက်တုံးက မဖြေလေးကျွန်တော့်ဆီကို လာပါတယ်။

ဦးဘိုးလုံး ။ ။ မင်း သူ့ဆီရောလစဉ်မှန်မှန်ငွေပို့ရဲ့လား။

ကိုဘ ။ ။ ပို့ပါတယ်။

ဦးဘိုးလုံး ။ ။ အားလုံးဆီကိုပို့ရဲ့လား။

ကိုဘ ။ ။ ပို့ပါတယ်။

ဦးဘိုးလုံး ။ ။ မခင်တင့်ကတော့မရဘူးလို့ဆိုပါလားကွာ။….မရတာအတော်ကြာပြီတဲ့။

ကိုဘ ။ ။ မခင်တင့်အကြောင်းတော့ မပြောပါနဲ့ ကိုကြီးလုံးရယ်။ ကိုကြီးလုံးလည်းသိသားဘဲ။ သူကလစဉ်တခါထဲပေးလို့ ဘယ်တော့မှလောက်တာမဟုတ်ဘူး။ လတိုင်း ၃–၄ ကြိမ်ပို့ရတယ်။ဒါကြောင့်ဒီလတော့ ကျွန်တော် တမင်သက်သက်ဖွတ်ဖြတ်ထားတာ။

ဦးဘိုးလုံး ။ ။ အင်းပြောပါအုံး။ မဖြေလေးမင်းအိမ်ကိုလာပြီးဘာပြောသလဲ။

ကိုဘ ။ ။ သူ့မောင်ဘိုးမဲ့ဆိုတာကိုရုံးမှာ အလုပ်သွင်းဘို့လာပြောတယ်။ ဒီကောင်ကလည်းခုနှစ်တန်းတောင်မအောင်သေးဘူး။ ဒါပေမယ့်ကျွန်တော်အောက်တန်းစာရေးခန့်အောင်လုပ်ပေးလိုင်ပါတယ်။ဒီဘိုးမဲ့ဟာ ခန့်တဲ့နေ့ကစပြီး ဘာမှခိုင်းလို့မရဘူး။ ဝန်ကြီးယောက်ဖဆိုပြီးရုံးတရုံးလုံးမှာ ဗိုလ်ကျနေတာဘဲ။ ရုံးအုပ်လည်းကျွန်တော့်ကိုလာတိုင်တာ သုံးလေးကြိမ်ရှိသွားပြီ။ တနေ့တော့ရုံးအုပ်ကလည်း စိတ်တိုလာတယ်ထင်ပါရဲ့။ မင်းအလုပ်မလုပ်ဘဲ အစိုးရလခကိုဒီလို ယူနေ တာကောင်းသလားလို့ မေးတယ်။ အဲဒါ သူကိုမေးရပါ့မလားဆိုပြီးရုံးအုပ်ကို အကိုကြီးယောက်ဖတော်ကမြင်းလုံးနဲ့ကောက် ရိုက်တာ ထိပ်ကွဲသွားတယ်။ သတင်းစာထဲမရောက်အောင် ကျွန်တော်လည်းဆိုင်ရာလူတွေ အားလုံးကို ရှိခိုးဦးတင်လုပ်ပြီး ဖုံးထားရတယ်။ ရုံးအုပ်ကိုလည်း နှုတ်ပိတ်ခကျွန်တော် ငွေတထောင်ပေးလိုက်ရတယ် ကိုကြီးလုံးရဲ့။

ဦးဘိုးလုံး ။ ။ ဒီဘိုးမဲ့ဟာ တယ်ခက်တဲ့အကောင်ဘဲ။

ကိုဘ ။ ။ အဲဒါနောက်ထပ်ပြီးအလွန်အကျွံတွေမဖြစ်ရအောင်ဘိုးမဲ့ကိုခေါ်ပြီးတချက် နှစ်ချက်လောက်ဟောက်ပေး လိုက်စမ်းပါအုံး….ကိုကြီးလုံးရဲ့။

ဦးဘိုးလုံး ။ ။ အေးပါကွာ။

**( ဦးဘိုနီဝင်လာသည်။ )**

ဦးဘိုးလုံး ။ ။ ကဲ– ကိုဘိုနီ။ ထိုင်စမ်းပါအုံး။ မင်းတို့လုပ်တာ ကောင်းရဲ့လား။

ဦးဘိုနီ ။ ။ ကျွန်တော်လုပ်တာကောင်းရဲ့လားလို့ မေးမနေပါနဲ့။ ကိုယ်လုပ်တာကောင်းရဲ့လားလို့ ကိုယ့်ဟာကိုယ်ပြန်မေးပါအုံး။

ဦးဘိုးလုံး ။ ။ ငါဘာလုပ်လို့လဲ။

www.burmeseclassic.com

ဦးဘိုးလုံး ။ ။ အဲဒီကတဲက ကိုကြီးလုံးဟာ ဘယ်ဘဝရောက်နေပြီလဲဆိုတာ သိနိုင်နေပြီ။

ဦးဘိုးလုံး ။ ။ ( **စာပွဲခုံကိုလက်သီးဖြင့်ထုလျက်** ) ငါဘယ်ဘဝရောက်နေလို့လဲ။

ဦးဘိုနီ ။ ။ ကိုကြီးလုံးကျွန်တော့်ကိုခေါ်တာ ရန်ဖြစ်ချင်လို့ခေါ်တာလား။ မေးစရာရှိလို့လား။

ဦးဘိုးလုံး ။ ။ ရန်ဖြစ်စရာရှိလဲ ဖြစ်ဘို့ဘဲ။

**( ဦးဘိုနီနှင့်ဦးဘိုးလုံးတို့သည် စကားမပြောဘဲ တယောက်ကိုတယောက် စိမ်းစိမ်းကြည့်နေကြသည်။ ဦးဘိုနီကို လက်ညှိုးနှင့်ထိုးလျက်** ) မင့်အပေါ်မှာ ငါ့ကျေးဇူးတွေအများဆုံး။ ခွေးဝင်စား ဘဝက ဒီဘဝကိုရောက်အောင် ငါဆွဲထုတ်လာရတာ။ အဲဒီကျေးဇူးတွေကို မထောက်ထားဘဲ ငါ့နေရာကို လုချင်တာနဲ့ ငါ့အပေါ်မှာခုလိုကြံတာ ငါခံရခက်သကွာ။

ကိုဘိုနီ ။ ။ ကိုကြီးလုံးဟာ ကိုယ်လုပ်တာလည်းကိုပြန်ကြည့်အုံး။ကျွန်တော်တို့အားလုံးခွေးကျဘို့တဲတဲကလေးဘဲ လိုတော့တယ်ဆိုတာ ၊ ကိုကြီးလုံးမသိဘူးလား။

ဦးဘိုးလုံး ။ ။ ဘာဘဲဖြစ်ဖြစ်။ မင်းငါ့ကိုဘယ်အခါမဆိုပြောနိုင်သားဘဲ။ အခုတော့ငါ့ကိုဘာမှ အသိမပေးဘဲ ငါ့ကွယ်ရာမှာ ငါ့ကိုပါတီထဲကရော အစိုးရအဖွဲ့ထဲကရောနှင်ထုတ်ဘို့ မင်းကြံတာကောင်းရဲ့လား။

ဦးဘိုနီ ။ ။ ကိုကြီးလုံးဟာ အေးအေးဆေးဆေးနဲ့ပြောလို့ဘယ်တုန်းကများရခဲ့ဘူးလို့လဲ။

ဦးဘိုးလုံး ။ ။ မင်းငါ့ကိုဘယ်နှခါများပြောခဲ့ဘူးလို့လဲ။

ဦးဘိုနီ ။ ။ ဘယ်နှခါပြောခဲ့တယ်ဆိုတာ ကိုကြီးလုံးအသိဆုံးဘဲ။ ပြောရတဲ့လူမှာ အာပေါက်ခါနီးနေနပါပြီ။

**( ဦးဘိုးလုံးသည်ဘာမှပြန်မပြောဘဲ တွေပြီးစဉ်းစားလျက်ရှိသည်။ )**

ဦးဘိုးလုံး ။ ။ ငါ့ကိုပါတီထဲကရော၊ အစိုးရအဖွဲ့ထဲကရော ထုတ်ပစ်ဘို့ ဝန်ကြီးချုပ်ကို မင်းပြောတယ်ဆိုတာ ဟုတ်သလား။

ဦးဘိုနီ ။ ။ ဟုတ်တယ်။

ဦးဘိုးလုံး ။ ။ အင်း....လုပ်ပေါ့ကွာ။ ...ဒီကနေ့ညအလုပ်အမှုဆောင် ထူးအစည်းအဝေးမှာလည်း ငါ့ကိုပါတီက ကော အစိုးရအဖွဲကကော ထုတ်ပစ်ဘို့မင်းဘဲ အဆိုသွင်းမှာဘဲ မဟုတ်လား။

ဦးဘိုနီ ။ ။ မနက်ကဆိုရင် ကျွန်တော့်အိမ်ကိုကိုကြီးလုံးလာကြည့်စေချင်တယ်။ ရန်ကုန်တမြို့လုံးက တိုက်နယ်နဲ့ ရပ်ကွက်ခေါင်းဆောင်တွေဆိုတာ အိမ်ထဲမှာမဆံ့လို့ တချို့အိမ်အပြင်မှာ ထွက်နေကြရတယ်။ ဒီနေ့သတင်းစာတွေထဲမှာကိုကြီးလုံးနဲ့ခင်လှကြီးတို့ရဲ့သတင်းကိုဖတ်ရပြီးအကုန်လုံးဟာဆွေ့ဆွေ့ ကိုခုန်နေကြတာဘဲ။ ကိုကြီးလုံးရဲ့ အိမ်ကိုတောင်ဝိုင်းမလို့ ။ ကျွန်တော် အတော်တားထားရတယ်။ ကိုကြီးလုံးဒီလူတွေကို နိုင်အောင်ထိန်းနိုင်ရင်ထိန်း။ မထိန်းနိုင်ရင် ကျွန်တော်တို့ကိုအကြီးအကျယ် စိတ်ပျက်ပြီး ကွန်မြူနစ်တွေကို ခေါင်းဆောင်တင်ကုန်ကြလိမ့်မယ်။

ဦးဘိုးလုံး ။ ။ ဟော့....ဘိုနီ။ ငါမေးတာကိုမင်းမဖြေသေးဘူး။ ဒီကနေ့ည အလုပ်အမှုဆောင်အစည်းအဝေးမှာငါ့ကို ပါတီကကော၊ အစိုးရအဖွဲ့ကကော ထုတ်ပစ်ဘို့မင်းဘဲ အဆိုသွင်းမှာလား။

ဦးဘိုနီ ။ ။ ကျွန်တော်အဆိုမသွင်းလည်း သွင်းမဲ့လူတွေပြည့်နေတာဘဲ။ ကိုကြီးလုံးလုပ်ပုံတွေကို ဘယ်သူမှ လက်မခံနိုင်တော့ဘူး။

ဦးဘိုးလုံး ။ ။ မင်းတို့ကဒီလောက်တောင်ဖြစ်နေမှကိုးကွ။ လုပ်ကြတာပေါ့ကွာ။ ရှမ်းနံ့ဆင်လယ်ပြင်မှာ သိကြမှာပေါ့။ ဟော့....ဘိုနီ။ မင်းကိုငါပြောလိုက်မယ်။ ငါငုံ့မခံဘူးကွ။ ဘိန်းစားချင်းအတူတူမင်းတို့က တလုံးပိုရှုချင်လို့ ဘာရမလဲ။ မင့်အကောင်တွေကိုပြောလိုက်။ ငါ့ကိုချတဲ့အကောင်တွေမှန်သမျှ

www.burmeseclassic.com

ငါ့အကုန်ပြန်ချမယ်။ ညောင်မြစ်တူးရင် ပုတ်သင်ဥတွေကို ဖော်ရ မှာဘဲ။ ကဲ– မောင်မင်းကြီးသား ကြွလိုရာကြွ။ လုပ်ချင်ရာလုပ်ပေတော့။ ( **လက်နှင့်ပြ၍ ဦးဘိုနီကိုနှင်လိုက်လေသည်။ ဦးဘိုနီ ထွက်သွားသည်** )။

**ဦးဘိုးလုံး** ။ ။ ( **စာပွဲပေါ်ရှိခုတ်ကလေးကိုနှိပ်လိုက်သည်။ မင်းစေဝင်လာသည်** ) တင်တင်ကိုခေါ်လိုက်စမ်း။

**မင်းစေ** ။ ။ ဟုတ်ကဲ့။ ( **ထွက်သွားသည်။** )

**ဦးဘိုးလုံး** ။ ။ ( **ကိုဘ၏အခန်းတံခါးဆီသို့သွား၍ တံခါးကိုဖွင့်လျက်** ) မောင်ဘရေ– ခဏဟေ့။

**(ကိုဘထွက်** **လာသည်။ )**

**ကိုဘ** ။ ။ ( **အခန်းထဲသို့ဝင်လာလျှင်လာခြင်း** ) ကနေ့ညအလုပ်အမှုဆောင်အထူးအစည်းအဝေးဖိတ်စာ ကို ရပြီ....ကိုကြီးလုံး။ ဝန်ကြီးချုပ်အိမ်မှာ ၇ နာရီခွဲတဲ့။

**ဦးဘိုးလုံး** ။ ။ လုပ်ပေစေ။

**ကိုဘ** ။ ။ ကိုကြီးလုံးရဲ့ကိစ္စဆွေးနွေးရအောင်ဆိုပြီး ဘိတ်စာထဲမှာရေးထားတယ်။

**ဦးဘိုးလုံး** ။ ။ ရေး....ရေးကွာ။ ငါစောက်ဂရုမစိုက်ပါဘူး။

**ကိုဘ** ။ ။ ကိုကြီးလုံး။ အလုပ်အမှုဆောင်တွေထဲက ဦးမြအေး၊ ဦးဘဝက်၊ ဦးမောင်ကြီးနဲ့ ဦးစိန်ရင်တို့ကို အကိုကြီးရဲ့အိမ်မှာ ကနေ့ညနေ ၆ နာရီအချိန်ဖိတ်ပြီး စည်းဝါးရိုက်ရရင် ကောင်းလိမ့်မယ် ထင်တယ်။ သူတို့ကိုခေါ်လာဘို့ ကျွန်တော်တယ်လီဖုန်းလုပ်လိုက်မယ်၊ လုပ်ရမလား။

**ဦးဘိုးလုံး** ။ ။ အေး....ကောင်းသားဘဲ။ ( **မောင်ဘသည် အခန်းထဲသို့ဝင်သွားသည်၊ ဦးဘိုးလုံးသည် ၎င်း၏ကုလားထိုင်ဆီသို့ ပြန်လာပြီးထိုင်သည်။ ၎င်းနောက်အပြင်တယ်လီဖုန်းကိုကောက်၍ကိုင်သည်။** ) ဟလို....ရန်ကုန် ရဲမင်းကြီးကိုပေးပါ။ ဟလို....ရန်ကုန်ရဲမင်းကြီးလား။ ဘာအကြောင်း ထူးသေးသလဲ။ ခင်ဗျာ့လူတွေ သေသေချာချာမှ ကြိုးစားကြရဲ့လားဗျာ။ ....ကျွန်တော့်အထင်ဖြင့် သူတို့အေးစက်စက်လုပ်နေကြတယ်ထင်တယ်။ ....အေးဗျာ။ ကျေးဇူးတင်ပါတယ်။ အထူးကြိုးစား ပေးပါ။ ....ဒါထက်ခပ်စောစောကပြောတဲ့အဝတ်အစားတွေရောက်ပြီလား။....ဒါဖြင့်မကြာခင်ရောက် ပါလိမ့်မယ်။ ကျွန်တော်အပို့ခိုင်းလိုက်ပြီ။ ....ဒီမှာ ရဲမင်းကြီး။ ဒီကိစ္စဟာ နှုတ်လုံမှ ဖြစ်မယ်နော်။

မနက်ဖြန်သတင်းစာတွေထဲမှာ ဒီဆေးဖရောင်းတိုင်အကြောင်း စာလုံးမည်းကြီးတွေနဲ့ပါလာရင် တော့ ကျွန်တော်အတွင်းဝန်များရုံးအပေါ်ထပ်ကနေပြီး ဒိုင်ဗင်ထိုးချရ လိမ့်မယ်။ ....ဟလို။ ဟုတ်ပါတယ်။ ယုံပါတယ်။ ယုံလို့လဲ ဒီလိုခိုင်းလိုက်တာပေါ့။ ဖရောင်းတိုင်အတွက်ငွေကုန်စရာ ရှိရင် အားမနာနဲ့နော်။ ချက်ချင်းပြောပါ။ ....ဟလို....ဟလို....ဒီမှာ ရဲမင်းကြီး။ ဒီဆရာကစွမ်း ရဲ့လား။ အရင်တုန်းကလုပ်တာတွေဘယ်နရက်အတွင်းအိမ်ပြန်ရောက်လာသလဲ။....သုံး၊လေးရက်နဲ့ ပြန်ရောက်နိုင်သလား။ အို....အတော်စွမ်းသားဘဲ။ ( **တင်တင် ဝင်လာသည်။** ) ကိုင်း....ဒါဘဲ နော်။ ကျေးဇူးတင်ပါတယ်။ ( **တယ်လီဖုန်းကိုချလိုက်သည်။** )

**ဦးဘိုးလုံး** ။ ။ ကဲ....တင်တင်ရေ။ စာစရေးရအောင်။ ( **တင်တင်သည်စာရေးရန်အသင့်ဖြစ်လျက်ရှိသည်။ဦးဘိုးလုံးက လျှောက်ပြောသွားသည်ကို တင်တင်က လိုက်ရေးလျက်ရှိသည်။** )

ဝန်ကြီးချုပ်ခင်ဗျား–

www.burmeseclassic.com

ယနေ့ည ၇ နာရီခွဲအချိန် ဝန်ကြီးချုပ်၏အိမ်တွင်ကျင်းပမည့်အထူးအလုပ်အမှုဆောင်အစည်းအဝေးသို့ တက်ရောက်ရတ်ဖိတ်စာကို ကျွန်တော်အခုပင်ရရှိပါသည်။ အစည်းအဝေးမလုပ်မီ အထူးအရေးကြီးသော အချက် တချက်နှစ် ချက်ကို ဤစာဖြင့် ကျွန်တော်ကြိုတင်ပြီးအကြောင်းကြားလိုပါသည်။

ဘိုနီသည် ကျွန်တော်မွေးလာခဲ့သော မျောက်ဖြစ်ပါသည်။ ၎င်းမျောက်သည် ယနေ့အဘို့တွင် ကျွန်တော့်ကိုပင်ပြန်၍ခြောက်လျက်ရှိပါပြီ။ ၎င်းဘိုနီတွင်အာဏာရူး ရောဂါစွဲကပ်လာပြီးကျွန်တော်၏ ပြည်ထဲရေးဝန်ကြီး ရာ ထူးကိုလုရန် ၎င်းသည်နည်းအမျိုးမျိုးဖြင့် ကြိုးစားလျက်ရှိသည်ကို ဝန်ကြီးချုပ်လည်း သိသလောက်သိပြီး ဖြစ်ပါလိမ့်မည်။

ယနေ့ည အထူးအစည်းအဝေးတွင် ကျွန်တော့်အား ပါတီမှသော်လည်းကောင်း၊ ရာထူးမှသော်လည်း ကောင်း ထုတ်ပယ်ပစ်ရန် ၎င်းကိုယ်တိုင်က အဆိုသွင်းပါလိမ့်မည်။ ဤကိစ္စတွင် မြွေမသေ ဒုတ်မကျိုးဖြစ်အောင် ဝန်ကြီးချုပ်ကအထူးကြိုးစားပေးစေချင်ပါသည်။ ကျွန်တော့်ကိုထိလာလျှင် ဘယ်သူ့ကိုမှ ကျွန်တော်ငုံ့ပြီးခံမည် မဟုတ်ပါ ညောင်မြစ်တူးလာလျှင်ပုတ်သင်ဥတွေကိုကျွန်တော် ဖော်ရပါလိမ့်မည်။

ကဲ....တင်တင် တော်ပြီကွာ။ မြန်မြန်သွား....ရိုက်ခဲ့။

**တင်တင်** ။ ။ ဟုတ်ကဲ့။ ( **ထွက်သွားသည်။ ဦးဘိုးလုံးသည် ဘီဒိုထဲက အရက်တခွက်ကိုသောက်ပြန်သည်။ ကိုဘဝင်လာသည်။** )

**ကိုဘ** ။ ။ ကိုမြအေးဆီကို တယ်လီဖုန်းအခုဘဲ ဆက်ပြီးတယ်

**ဦးဘိုးလုံး** ။ ။ သူဘာပြောသလဲ။ ညနေ ၆ နာရီခွဲ အိမ်ကိုလာမယ်မှတ်လား။

**ကိုဘ** ။ ။ မလာဘူးတဲ့။

**ဦးဘိုးလုံး** ။ ( **အံ့အားသင့်လျက်** ) ဘာဖြစ်လို့လဲ။

**ကိုဘ** ။ ။ ကိုမြအေးဟာ ဒီတခါ စကားပြောတာကြမ်းတယ်....ကိုကြီးလုံး။

**ဦးဘိုးလုံး** ။ ။ ဒီကောင်ဘာတွေပြောလို့လဲ။

**ကိုဘ** ။ ။ ကိုကြီးလုံးကို ဘုရားမှတ်လို့တသက်လုံးကိုးကွယ်လာခဲ့တာ။ ဖွတ်ထွက်တော့မှ တောင်ဘို့ကြီးဖြစ်နေမှန်း သိရတော့တယ်တဲ့။ အဲဒါကြောင့် ကိုကြီးလုံးခေါ်တာကို သူလာဘို့မလိုတော့ဘူးတဲ့။ သူ့၅်မဟုတ်ဘူး။ ဘဝက်၊ အောင်မောင်း၊ မောင်ကြီးနဲ့ စိန်ရင်တို့လည်းလာမှာ မဟုတ်ဘူးတဲ့။ နောက်ပြီးတော့လည်းကိုကြီးလုံးကို ကြောင်သူ တော်တဲ့။ ကလိမ်ခြုံတဲ့။ တဏှာရူးတဲ့။ စုံလို့ပါဘဲ ကိုကြီးလုံးရယ်။ ကျွန်တော်ဖြင့်အတော်အံ့အားသင့်သွားတယ်။ ( **ဦးဘိုးလုံး သည်ဘာမှမပြောဘဲ ၎င်း၏မေးကိုလက်နှင့်ထောက်လျက်ရှေ့တည့်တည့်ကိုစိုက်ကြည့်နေသည်** )။ကိုကြီးလုံး....ဒီကောင် တွေကတော့ အကိုကြီးကို ထုတ်ပစ်မှာဘဲ။ ( **ဦးဘိုးလုံးသည် ရှေးနည်းအတိုင်းဘာမှပြန်မပြောဘဲ မေးကိုလက်နှင့်ထောက်၍ ရှေ့တည့်တည့်ကို စိုက်ကြည့်လျက်ရှိသည်။** )သူတို့အားလုံးချည်ပြီး တုတ်ပြီး ဖြစ်နေကြပြီနဲ့တူတယ်။ ( **ဦးဘိုးလုံးသည်ရှေးနည်းအတိုင်းပင်။** ) နိုင်ငံရေးဆိုတာဟာ လက်မြန်တဲ့လူက နိုင်တာဘဲ။ နိုင်ငံရေးမှာ ခံစစ်ဘက်ကလူကအမြဲ ရှုံးမယ်။ ထိုစစ်ဘက်ကလူက အမြဲနိုင်မယ်။ ( **ဦးဘိုးလုံးလည်းရှေးနည်းအတိုင်းပင်။** ) ဒီလူတွေကို အကုန်ထုတ်ပစ်ပြီး ကိုယ့် သြဇာခံမဲ့

www.burmeseclassic.com

လူတွေနဲ့ အဖွဲ့သစ်တခုထောင်ပေ့ါ။ ( **ဦးဘိုးလုံးသည် ရှေးနည်းအတိုင်းပင်** ) နိုင်ငံရေးမှာ လက်နေးလို့မရဘူး။ လက်မြန်တဲ့လူဟာ စစ်တဝက်နိုင်ပြီးသားဖြစ်တာဘဲ။ အဲဒီတော့ ဒီကောင်တွေကို ထုတ်ပစ်ပြီအဖွဲ့သစ်တခုဖွဲ့တယ်ဆိုတာ အခုချက်ခြင်း သတင်းစာတွေထဲထည့် လိုက် ပေ့ါ။ ကိုယ်ကတရက်ဦးဆို နဲသလား။ ( **ဦးဘိုးလုံးလည်း ရှေးနည်းအတိုင်းပင်** ) ဘိုနီ ဟာ အင်မတန်လူပါးဝတဲ့အကောင်။ အခုမီးဟာ ဒင်းမွှေးတဲ့မီးဘဲ။ ဒီအကောင်ကို ဒိုးလးလက်

အပ်လိုက်ပြီး ကနေ့ည အစည်းအဝေးက သူအပြန်မှာ ဖြောင်ပစ်လိုက်ချင်ပြီ။ကိုကြီးလုံး....

ဒိုးကလေးကို အားမရရင် ဘိုးဆောင်လက်ကို ကျွန်တော်အပ်လိုက်မယ်။ ဘိုးဆောင်က ဒိုးကလေး ထက်ပိုပြီးစိတ်ချရတယ်။ သူတို့အထဲမှာ ဘိုနီပြုတ်သွားရင် ကျန်တဲ့အကောင်တွေ ဖိန့်ဖိန့် တုန် သွားမှာဘဲ။ ( **ဦးဘိုးလုံးသည်ရှေးကအတိုင်းပင်။ တင်တင်သည်စာရွက်များကို ကိုင်ပြီးဝင်လာ သည်၊ လက်မှတ်ထိုးရန်အတွက် ဦးဘိုးလုံး၏ရှေ့တွင် စာရွက်များကိုချထားလိုက်၍ ဦးဘိုးလုံး ၏အနီးတွင် ရပ်လျက်ရှိသည်။** ) ကိုကြီးလုံး.....ကျွန်တော် ပြောတာတွေကိုသေသေချာချာစဥ်းစား ပါအုံးလေ။

( **၎င်း၏အခန်းဘက်သို့လှည့်ထွက်သွားသည်၊ လေးငါးလှမ်းလောက်သွားမိသောအခါနောက်သို့ ပြန်လှည့်၍** ) ကိုကြီးလုံးနိုင်ငံရေးမှာလက်နေးရင်ရှုံးလိမ့်မယ်နော်။ ( **၎င်း၏အခန်းထဲသို့ဝင်သွား လေသည်** )။

**ဦးဘိုးလုံး** ။ ။ ( **သက်မကြီးချပြီး** ) တင်တင်ရေ၊ ထိုင်အုံးကွယ်။ ( **တင်တင်သည် ကုလားထိုင်တလုံးပေါ်တွင် ထိုင်သည်**)။ ဒီစာတော့ထားလိုက်တော့၊ စာအသစ်တစောင်ရေးရအောင်။

( **တင်တင်သည် စာရေးရန်အသင့်ဖြစ်သည်။ ၎င်းနေက်ဦးဘိုးလုံးလျှောက်၍ ပြောသွားသည်ကို လိုက်၍ ရေးလျက်ရှိသည်** )။

ဝန်ကြီးချုပ်ခင်ဗျား–

ယခုအချိန်သည် ကျွန်တော့်အတွက် ကံဇာတာအမှေးမှိန်ဆုံးသော အချိန်ဖြစ်ပါသည်။

ဤသို့ကံဇာတာ အမှေးမှိန်ဆုံးသောအချိန်ဖြစ်သည့်အတွက် ကျွန်တော်၏ဇနီးမခင်သိုက်လည်း ကျွန်တော့်ကိုပစ်၍ ပြေးပါပြီ။ အခြားချစ်သူများလည်း ကျွန်တော့်ကို ပစ်၍ပြေးပါပြီ။

ကျွန်တော်တသက်လုံးမွေးလာခဲ့သည့်မြောက်များကလည်းကျွန်တော့်ကိုပြန်၍ချောက်နေကြပါပြီ။ ယခုလိုကံဇာတာ အမှေးမှိန်ဆုံးသောအချိန်တွင် ကျွန်တော့်မှာ တကောင်ကြွက်ဖြစ်နေရပါပြီ။

ကျွန်တော်ကျူးလွန်မိခဲ့သောအပြစ်များမှာအမှန်စင်စစ်ဆိုလျှင်ကျွန်တော့်နေရာတွင်ရှိသောပုထုဇဉ် မှန်သမျှ အနည်းနှင့်အများဆိုသလို ကျူးလွန်ကြမည့် အပြစ်များဖြစ်ကြပါသည်။ အခြားအချိန်များ တွင် ၎င်းအပြစ်များသည် အလုပ်အမှုဆောင်အဖွဲ့ကသာမက၊ တနိုင်ငံလုံးကပင် ချမ်းသာခွင့်ပေး နိုင်မည့်အပြစ်များ ဖြစ်သော်လည်း ယခုလို ကျွန်တော်၏အတွက် ကံဇာတာအမှေးမှိန်ဆုံးသော အချိန်အခါမျိုးတွင်မူကား အမှုဆောင်အဖွဲ့နှင့်တကွတနိုင်ငံလုံးကမှန်ဘီလူးကြီးများဖြင့်ဝိုင်း၍ကြည့် ခြင်းမျိုးကို ခံနေရသော အပြစ်များအဖြစ်သို့ပင် ရောက်နေရပါပြီ။

သာမန်အားဖြင့်ဆိုလျှင်တိုင်းပြည်နှင့်အမျိုးအတွက် ကျွန်တော်စွန့်စားခဲ့သော စွန့်စားချက်များကို ထောက်ရှုစာနာပြီး ဤမျှမပြစ်များကို အလုပ်အမှုဆောင်က သင်ပုန်းချေပစ်နိုင်မည်ဖြစ်သော်လည်း ယခုလို ကံဇာတာအမှေးမှိန်ဆုံးသော အချိန်အခါမျိုးတွင်မူကား ဤအပြစ်များကြောင့် ကျွန်တော်

www.burmeseclassic.com

သည် ပါတီမှသော်လည်းကောင်း၊ အစိုးရအဖွဲ့မှသော်လည်းကောင်း အထုတ်ခံရမည့်ဘဝသို့ ကျွန်တော်ရောက်ရှိနေပါပြီ ။

မည်သူမပြု မိမိမှုဆိုသောတရားကို ကျွန်တော်ကောင်းကောင်းသဘောပေါက်ပါသည်။ သို့ဖြစ်ပါသောကြောင့် ဤသို့ဖြစ်ရသည့်အတွက် ကျွန်တော်သည် မည်သူ့ကိုမျှအပြစ်မတင်လိုပါ။ကျွန်တော့်ကိုယ်ကိုသာ ကျွန်တော်အပြစ်တင်လိုပါသည်။

ထို့ကြောင့်ညောင်မြစ်တူးလျှင် ပုတ်သင်ဥတွေကိုဖော်မည်ဟု မူလကစိတ်ကူးမိခဲ့ပါသော်လည်း ၎င်းစိတ်မိုက်စိတ်ရိုင်းများကို ဆုံးမပဲ့ပြင်လိုက်ပြီးပါတီနှင့်အစိုးရအဖွဲ့မှကျွန်တော်အနုအညွတ်နုတ်ထွက်ပေးလိုက်ပါသည်။

ကျွန်တော်နုတ်ထွက်ခြင်းကို လက်ခံပါရန် ကျွန်တော်တောင်းပန်ပါသည်။

ကဲ….တင်တင် မြန်မြန်သွားရိုက်ခဲ့ကွယ်။

**တင်တင်** ။ ။ ဟုတ်ကဲ့။ ( **ထွက်သွားသည်** )။

( **ဦးဘိုးလုံးသည်ကိုဘအခန်းဆီသို့လျှောက်သွားပြီး တံခါးကိုဆွဲဖွင့်သည်၊၎င်းနောက်အခန်းတွင်း** သို့ " မောင်ဘ " ဟု လှမ်း၍ခေါ်လိုက်သည်။ ကိုဘသည် ထွက်လာသည်။ )

**ဦးဘိုးလုံး** ။ ။ မောင်ဘရေ….ငါတော့ ဆုံးဖြတ်လိုက်ပြီကွာ။

**ကိုဘ** ။ ။ ကျွန်တော်ပြောတဲ့အတိုင်း ကိုယ်ကလက်ဦးအောင်ချမယ်မှတ်လား။

**ဦးဘိုးလုံး** ။ ။ ပါတီကကော၊ အစိုးရကကော နုတ်ထွက်လိုက်ဘို့ ငါဆုံးဖြတ်လိုက်ပြီ။

**ကိုဘ** ။ ။ ဟာ….ကိုကြီးလုံးကလဲ။ ဒီလိုဆိုရင်ကိုကြီးလုံးဟာ နိုင်ငံရေးမှာ ကျားသေကြီးဖြစ်သွားမှာပေါ့။

**ဦးဘိုးလုံး** ။ ။ ဖြစ်ချင်လည်းဖြစ်ပေစေတော့ကွာ။ မတတ်နိုင်ဘူး။ နိုင်ငံရေးလည်းငါမလုပ်ချင်တော့ဘူး။ လူတွေကကျေးဇူးမသိတတ်ကြဘူးကွ။ ငါအကောင်းတွေလုပ်ခဲ့တာကိုတော့ ဘယ်တော့မှသိဒ္ဓိမတင်ကြဘူး။ ငါအမှားကလေးများလုပ် လိုက်မယ်မကြံနဲ့။ ဖနောင့်နဲ့ဝိုင်းပြီးပေါက်သတ်ဘို့ပြေးလာကြတာဘဲ။ နိုင်ငံရေးကိုတော့ငါစိတ်ကုန်ပြီ….မောင်ဘရေ။ ငါစိတ် ကုန်ပြီကွာ။

**ကိုဘ** ။ ။ ကိုကြီးလုံးထွက်ချင်ထွက်ပါ။ ဒါကတော့ ကိုကြီးလုံးရဲ့သဘောဘဲ။ ဒါပေမယ့်ဘိုနီကိုတော့ ကျွန်တော်မကျေဘူး။ ဒီအကောင်ကိုတော့ ကျွန်တော်ဖျောက်ရလိမ့်မယ်။

**ဦးဘိုးလုံး** ။ ။ ပြီးတာပြီးပါစေတော့ကွယ်။ ဒါတွေဟာ အတုံ့အလှည့်ရှိတယ်။ တဖက်ကပစ်၊ တဖက်ကပစ်နဲ့။ သေနတ်ပြောင်းဝမှာဘယ်တော့မှ မီးခိုးတိတ်မှာမဟုတ်ဘူး။ ကဲ….မင်းကိုငါခေါ်တာတခြားကြောင့်မဟုတ်ဘူး။ ငွေစာရင်းကိုရှင်းရအောင်၊ မခင်တင့်တို့လူသိုက်ကို တယောက်တသောင်းစီပေး။ ငါ့ကိုငွေနှစ်သိန်းပေး။ ပိုတာကိုမင်းယူ။

**ကိုဘ** ။ ။ ဟုတ်ကဲ့….ကိုကြီးလုံး။

**ဦးဘိုးလုံး** ။ ။ ကနေ့ညရထားနဲ့ ငါမန္တလေးကိုလိုက်မယ်။ မန္တလေးကနေပြီးတော့မှ ဘယ်သွားမယ်ဆိုတာ စီစဉ်မယ်။

**ကိုဘ** ။ ။ ဒီနေ့ည မခင်တင့်ဆီကို သွားမယ်ဆိုတာ မသွားတော့ဘူးလား။

**ဦးဘိုးလုံး** ။ ။ မသွားတော့ဘူးကွာ။ မင်းဘဲကြည့်ပြောလိုက်ပါတော့။

**ကိုဘ** ။ ။ ဒါကလေးကတော့ ရှုံးမိုက်မိုက်ရယ်။ အပြောရတော့ အတော်ခက်မယ်။

www.burmeseclassic.com

**ဦးဘိုးလုံး** ။ ။ ကောင်းအောင်သာကြည့်ပြောလိုက်ပါတော့ကွာ။ ကဲ....အချိန်မရှိဘူး။ မင်းလုပ်စရာရှိတာတွေကို သွားလုပ်ချေတော့။ သြော်....ဒါထက် မောင်ဘရေ။ ကြင်စွေ့နဲ့ အီစွတ်ဆီကတယောက်ငါးသောင်း စီသွားယူခဲ့။ တခါထဲရအောင် ယူခဲ့နော်။ အရေးကြီးတယ်လို့ပြော။ ခွေးမသားတွေ ငါရာထူးက ပြုတ်ရင် ငွေပေးဘို့နေနေသာသာ အတွေ့တောင်ခံမှာ မဟုတ်ဘူး။ အခုတခါထဲရအောင်ယူခဲ့နော်။ ကြားလား။

**ကိုဘ** ။ ။ မရလို့ဘယ်ဖြစ်မလဲ ကိုကြီးလုံးရယ်။ ကိုကြီးလုံးကို ဒီကောင်တွေခိုင်းလာတာ သူတို့ ပေးတာတွေ ထက်ဆယ်ဆမက တန်ပါတယ်။ ( **မင်းစေကလေးဝင်လာသည်။ ကိုဘထွက်သွားသည်။** )

**မင်းစေ** ။ ။ ဆရာကြီး....မန္တလေးက ဦးတေဇဝန္တဆိုတဲ့ ဘုန်းကြီးရောက်နေတယ်။ နာမည်ပြောလိုက်ရင် ဆရာ ကြီးသိပါတယ်တဲ့။

**ဦးဘိုးလုံး** ။ ။ ဆရာတော်ကြီးကလည်း ဘာဖြစ်လို့ဒီကို လိုက်လာပါလိမ့်မလဲဗျာ။ ကဲ....ပင့်ခဲ့။ ပင့်ခဲ့။ ( **မင်းစေ ထွက်သွားသည်၊**

**ဦးဘိုးလုံးသည်ဘုန်းကြီးဝင်လာမည့်အခန်းတံခါးဆီကိုမျှော်ကြည့်လျက်ရှိသည်။**

**ဦးတေဇဝန္တဝင်လာသည်။ ဦးဘိုးလုံးသည်မတ်တတ်ရပ်လျက် ဘုန်းကြီးကိုလက်အုပ်ချီသည်။** )

**ဦးဘိုးလုံး** ။ ။ ထိုင်ပါဘုရား။ အပင်ပန်းခံလို့ အလကားရုံးကို ကြွလာတယ်။ အိမ်ကိုကြွပြီး အိမ်ကတယ်လီဖုန်း ဆက်ခေါ်လိုက်ရင် တပည့်တော်လာခဲ့မှာပေါ့ဘုရား။

**ဦးတေဇဝန္တ** ။ ။ ဘုန်းကြီးအခုအိမ်ကလာတာ။ အိမ်မှာ ဘယ်သူမှမရှိတာနဲ့ရုံးကို လိုက်လာတယ်။ ကိစ္စအကြောင်း ထူးတော့မရှိပါဘူး။ ဒကာကြီးလည်းသိပြီးမှာဘဲ။ ရန်ကုန်မှာ စံလင်းဆိုတဲ့အကောင်တယောက်ဟာ ကျောင်းတကျောင်းထောင် ပြီးကွန်မြူနစ်သင်တန်းတွေ ပေးနေတယ်။

**ဦးဘိုးလုံး** ။ ။ တပည့်တော်သိပါတယ်။

**ဦးတေဇဝန္တ** ။ ။ ဘုန်းကြီးတို့ကျောင်းဒကာရဲ့သားကလေးလည်းအိမ်ကထွက်ပြေးပြီးဒီကျောင်းကိုရောက်သွားတယ်။ အခုသူ့မိဘတွေလိုက်ခေါ်လို့ အိမ်ပြန်ရောက်နေပါပြီ။ ဒါပေမယ့် ဒီသူငယ်ဟောနေတဲ့ဝါဒတွေ ကတော့ ကြောက်ခမန်းလိလိဘဲ။ ဘုရားဆိုတာမရှိဘူးတဲ့။ တရားဆိုတာမရှိဘူးတဲ့။ သံဃာဆိုတာ မရှိဘူးတဲ့။ လူသေရင် ဘာမှပြန်မဖြစ်တော့ဘူး။ ပျောက်သွား တာဘဲတဲ့။

**ဦးဘိုးလုံး** ။ ။ ဒီသင်တန်းဟာ ဆိုးပါတယ်ဘုရား။

**ဦးတေဇဝန္တ** ။ ။ အင်း....နောက်ပြီးတော့လည်း မိဘဆိုတာကို ဘာမှကျေးဇူးတင်စရာမလိုဘူး။ သူတို့ကမြင်းကြလို့ သားသမီးတွေမွေးလာတာတဲ့။အဲဒီတော့မိဘတွေဟာဆင်းရဲသားလူတန်းစားတွေကိုသွေးစုတ်လာရင် မိဘဆိုပြီးတော့ မညှာရဘူး။ သားသမီးတွေကိုယ်တိုင်က သတ်ပစ်ရမယ်တဲ့။ အင်း....ဖဝါးလက် နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်ကစပြီး ကျွေးမွေးပြုစုကြည့်ရှုလာရတဲ့မိဘကိုမှ ကျေးဇူးမတင်ရဘူး ဆိုရင် လောကမှာ ကျေးဇူးတင်စရာလူရယ်လို့ရှိပါအုံးမလား ဒကာကြီးရယ်။ ကျမ်းဂန်အရဆိုရင် တော့ ကျေးဇူးကန်းတာဟာ ယုတ်မာမှုတခုဘဲ။ ကျေးဇူးသိတတ်တာဟာ မင်္ဂလာတခုဘဲ။

**ဦးဘိုးလုံး** ။ ။ တပည့်တော်ရဲ့သားကိုယ်တိုင်လည်း ဒီကျောင်းကိုရောက်နေပါတယ်ဘုရား။

**ဦးတေဇဝန္တ** ။ ။ ဒီဟာတွေကိုကြားရတော့ ဘုန်းကြီးတော့နောင်ရေးအတွက် အများကြီး ကြက်သီးထမိတယ်ဒကာ ကြီး။ ဒကာကြီးတို့အဲဒါကိုဒီလိုဘဲ လက်ပိုက်ကြည့်နေကြတော့မလား။

www.burmeseclassic.com

**ဦးဘိုးလုံး** ။ ။ တပည့်တော် အရေးယူပြီးပါပြီ။ ဒီကျောင်းကိုလည်းပိတ်ထားလိုက်ပြီ။ နောက်ပြီး ဒီစံလင်းကို လည်း ပုဒ်မ ၅ နဲ့ ဖမ်းထားပြီးပါပြီ။

**ဦးတေဇဝန္တ** ။ ။ အခုခေတ်ကလေးတွေဟာ မိဘတွေကိုအလိုလိုမှမရိုသေရတဲ့အထဲအခုလိုမိဘကိုပုန်ကန်ဘို့မြှောက် ပေး လိုက်တယ်ဆိုတော့ တိုင်းပြည်ဟာ တခါထဲ ပျက်သွားမှာပေါ့ဒကာကြီး။

**ဦးဘိုးလုံး** ။ ။ တင်ပါ့ဘုရား။

**ဦးတေဇဝန္တ** ။ ။ ဒကာကြီးရယ်။ ဒီကွန်မြူနစ်ငမိုက်ကန်းတွေကမိဘကိုသတ်တယ်ဆိုတာသာမန်ကိစ္စကလေးအောက် မေ့နေကြတယ်။ လောကမှာ တခြားအပြစ်တွေကို ဘယ်လောက်ဘဲကျူးလွန်ကျူးလွန်။ တနေ့သော အခါ သံဝေဂ ရပြီးကုသိုလ်ကောင်းမှုတွေလုပ်ရင် ဒီလူဟာ ငရဲကလွတ်နိုင်သေးတယ်။သာဓက ပြရ မယ်ဆိုရင် ဘုရားလက်ထက်က ဘုရင်ရဲ့လူသတ်သမားကြီးဟာတသက်လုံးရာဇဝတ်ကောင်တွေကို သတ်ခဲ့ပေမယ့် သေခါနီးမှာ ရှင်သာရိပုတ္တရာရဲ့တရားကိုနာရလို့ ကုသိုလ်စိတ်တွေဖြစ်ပြီး သေတဲ့ အခါနတ်ဖြစ်တယ်။အင်္ဂုလိမာလဟာ သူ့အမေကိုသာ သတ်မိရင်ရဟန္တာလည်းမဖြစ်နိုင်ဘူး နိဗ္ဗာန် လည်းမဝင်နိုင်ဘူး။အဲဒါကြောင့်မို့လဲအနန္တာအနန္တငါးပါးထဲမှာမိဘကိုထည့်ထားတာပေါ့ဒကာကြီး။

**ဦးဘိုးလုံး** ။ ။ ဟုတ်ပါတယ်ဘုရား။

**ဦးတေဇဝန္တ** ။ ။ ဒီကွန်မြူနစ်ရန်ဟာ သေးမယ်လို့တော့ ဘုန်းကြီးမထင်ပါဘူး။

**ဦးဘိုးလုံး** ။ ။ ကြီးပါတယ်ဘုရား။

**ဦးတေဇဝန္တ** ။ ။ ဒီကြီးတဲ့ရန်ကိုနိုင်အောင်တိုက်ချင်တယ်ဆိုရင် ဒီရန်ကိုရှေ့တန်းကခေါင်းဆောင်ပြီးတိုက်နေကြရ တဲ့ အာဏာပိုင်တွေ တရားစောင့်ကြ။ အာဏာပိုင်တွေ တရားမစောင့်ကြရင်တော့ဘယ်လက်နက်နဲ့ ဘဲတိုက်တိုက် ကွန်မြူနနစ်ရန်ကို တိုက်လို့ရမှာမဟုတ်ပါဘူး။ အာဏာပိုင်တွေ တရားမစောင့်ကြ ဘူးဆိုရင် ဒီအာဏာပိုင်တွေဟာ ကွန်မြူနစ် ကိုတိုက်ရင်းနဲ့ နိုင်ငံတွင်းမှာကွန်မြူနစ်ကိုအမြစ်တွယ် အောင် လမ်းခင်းပေးနေတဲ့ လူတွေဖြစ်ကုန်မှာဘဲ။

**ဦးဘိုးလုံး** ။ ။ တင်ပါ့ဘုရား။

**ဦးတေဇဝန္တ** ။ ။ အာဏာပိုင်တွေတရားစောင်ဘို့ဆိုတာ ဘုန်းကြီးတွေလိုနေဘို့ပြောတာ မဟုတ်ပါဘူး။သူရာမေရိယ ....မရက်သောက်ခြင်း၊ ကာမေသုမိစ္ဆာစာရာ....မိမိကာမပိုင်မဟုတ်သူများနှင့်ဖောက်ပြားခြင်း၊ အက္ခ ဓုတ္တ....အလောင်းအစားကြူးခြင်း၊ လဥ္ဆဂ္ဂါဟ....တံစိုးလက်ဆောင်ယူခြင်းဆိုတဲ့ကံလေးပါးကို ထိန်း နိုင်ရင် အဏာပိုင်တွေအတွက်လုံလောက်ပါပြီ။ ဒီကံလေးပါးကိုထိန်းနိုင်ရင်ဘဲ အာဏာပိုင်တွဟာ တရားစောင့်တဲ့ အာဏာပိုင် တွေလို့ ဆိုနိုင်ပါပြီ။ အဲဒီတော့ အမှတ်ရလွယ်အောင် ဒီကံလေးပါးရဲ့ ရှေ့ဆုံးစကားလုံးတွေကိုယူပြီး၊ သ-က-အ-လ လို့မှတ်ထားပေါ့ဒကာကြီးရယ်။

**ဦးဘိုးလုံး** ။ ။ တင်ပါ့ဘုရား။ တပည့်တော်လည်းဒီနေ့ကစပြီး ဒါတွေအကုန်လုံးဖြတ်လိုက်ပါပြီဘုရား။

**ဦးတေဇဝန္တ** ။ ။ သာဓု ဒကာကြီးရယ်။ သာဓု သာဓု။ ဘုန်းကြီးလည်း ဒီနေ့ညနေရထားနဲ့ဘဲပြန်မယ်။ ကဲ....သွား လိုက်အုံးမယ်ဒကာကြီး။ (

ဘုန်းကြီးထွက်သွားသည်။တင်တင်သည်စာရွက်များကိုကိုင်ပြီးဝင်လာ သည်။
ဦးဘိုးလုံး၏ရှေ့တွင်စာရွက်များကိုလက်မှတ်ထိုးရန်ချပေးသည်။ဦးဘိုးလုံးလည်းလက်မှတ် ထိုးသည်။ တင်တင်သည် စာရွက်များကို ပြန်ယူသည်။ )

www.burmeseclassic.com

တင်တင် ။ ။ ( **ဦးဘိုးလုံး၏အနီးတွင်မတ်တတ်ရပ်လျက်** ) အကိုကြီးအခုလိုအလုပ်ကထွက်ပြီးဘယ်သွားမလဲ။

**ဦးဘိုးလုံး** ။ ။ ဘယ်ရယ်လို့မပြောတတ်ဘူး။ ခြေဦးတည့်ရာလျှောက်သွားမှာဘဲ။

**တင်တင်** ။ ။ အကိုကြီးဘယ်သွားသွား။ အကိုကြီးနဲ့တင်တင်လိုက်မယ်။

**ဦးဘိုးလုံး** ။ ။ ( **မယုံကြည်နိုင်သောမျက်နှာထားနှင့်တင်တင်ကိုမော့်ကြည့်လျက်** ) ဟဲ့.... မိရွှေတင်။ နင်ရူးနေသလား။ နင်ငါ့ကိုယူပါလို့ရှိခိုးဦးတင်ပြောခဲ့တုန်းကတော့ နင်ငါ့ကိုခါးခါးသီးသီး ငြင်းပယ်ခဲ့တယ်။ အခုငါ့ကို အကုန်လုံးက ပစ်ပြီး ငါဟာတကောင်ကြွက်ဖြစ်တော့မှနင်ငါနဲ့သွားလေရာလိုက်မယ်လို့ပြောတယ်။ မိရွှေတင်။ နင်ရူးပလား။

**တင်တင်** ။ ။ တင်တင်မရူးပါဘူး။ တင်တင်အကိုကြီးကို အရင်တုန်းကတည်းက ချစ်ပါတယ်။ ချစ်တာမှသိပ်ချစ်တာဘဲ။ ဒါပေမယ့်အကိုကြီးဟာ ရာထူးကသိပ်မြောက်ထားလို့ ဘဝင်မြင့်နေပြီးမယားတွေမှိုလိုပေါနေတဲ့အခါ၊ တင်တင်ဟာ"သူလည်းအငယ်တယောက်ဘဲ"ဆိုတာမျိုးတော့ဘယ်နည်းနဲ့မှမဖြစ်ချင်ဘူး။ ဒါကြောင့်အကိုကြီးဘာပြောပြော တင်တင်ငြင်းခဲ့ တာဘဲ။ အခုတော့အကိုကြီးမှာတယောက်မှမရှိတော့ဘူး။ ဒါကြောင့်အကိုကြီးကို တင်တင်ပုံပြီးအပ်တာဘဲ။

**ဦးဘိုးလုံး** ။ ။ နင်အဟုတ်ပြောတာလားမိရွှေတင်။ ငါ့ရန်သူတွေနဲ့ပေါင်းပြီး ငါ့ကိုအရူးလုပ်မလို့လားဟင်။

**တင်တင်** ။ ။ အဟုတ်မှ တကယ်ကို အဟုတ်ပါအကိုကြီး။ ဘုရားစူးရစေရဲ့။

**ဦးဘိုးလုံး** ။ ။ ငါသိပ်ဝမ်းသာတယ်ဟယ်။ ငါကတော့ တလောကလုံးငါ့ဘက်မှာ ဘယ်သူမှမရှိတော့ဘူးလို့ထင်ထားတာ။ အဟုတ်ဘဲနော်မိရွှေတင်။ ငါ့ကိုတော့အရူးမလုပ်ပါနဲ့ကွယ်။

**တင်တင်** ။ ။ အဟုတ်ပါအကိုကြီးရဲ့။ အကိုကြီးရဲ့ကျေးဇူးတွေ တင်တင်မှာ အများကြီးရှိပါတယ်။ တင်တင်ကျေးဇူးမကန်းတတ်ပါဘူးအကိုကြီးရယ်။

**ဦးဘိုးလုံး** ။ ။ ဒီလိုဆိုရင်တော့နေရာကျပြီ။ မိရွှေတင်နဲ့ အကိုကြီးတို့ မိုးလင်းကမိုးချုပ်၊ မိုးချုပ်ကမိုးလင်း အချစ်နလံထတာကို ဘယ်သူမှ မနှောင့်ယှက်နိုင်တဲ့နေရာကိုသွားမယ်။ဘယ်အကောင်၊ဘယ်အကောင်မမှ အကိုကြီးနဲ့ မိရွှေတင် တို့ အချစ်နလံထတာကို လာပြီးမနှောင့်ယှက်စေရဘူး။

**တင်တင်** ။ ။ အဟုတ်လား အကိုကြီးရယ်။ တော်တော်ကြာတော့ တင်တင်က အကိုကြီးမယားတွေ အယောက်နှစ်ဆယ်ထဲက တယောက်ဆိုတာမျိုးတော့ မဖြစ်ပါရစေနဲ့။

**ဦးဘိုးလုံး** ။ ။ မဖြစ်စေရပါဘူးကွယ်။ စိတ်ချပါ။ ကဲ ဒီစာကို အပို့ခိုင်းလိုက်။ ပြီးတော့အိမ်မှာ အသင့်လုပ်ထား။ ကနေ့ညရထားနဲ့ မန္တလေးကို လိုက်ရမယ်။ ၇ နာရီလောက် အကိုကြီးဝင်ခေါ်မယ်။

**တင်တင်** ။ ။ ဟုတ်ကဲ့။ ( **ထွက်သွားသည်။ ဦးဘိုးလုံးသည်စာပွဲပေါ်တွင် စာအုပ်ဖိုင်တွဲများကို ဟိုမသည်မနှင့်တစုံတခုကို ရှာလျက်ရှိသည်။ထိုအခိုက်တွင်အခန်းတံခါးဆောင့်ဖွင့်လိုက်သံကြားရ၍ဦးဘိုးလုံး သည် တံခါးရှိရာသို့ လှည့်ကြည့်လိုက်သည်။ ၎င်းတံခါးမှ ဦးဘိုးလုံး၏သား ဘိုးသောင်းသည် ဓွတ်အတင်းတိုးဝင်လျက်ရှိသည်ကို တွေ့ရသည်။ ၎င်းကို မင်းစေက အတင်းဆွဲလျက်ရှိသည်။ ဦးဘိုးလုံးသည် ၎င်း၏သားကို မြင်လျှင်မြင်ချင်း ထိုင်ရာမှ ဇတ်ကနဲထလိုက်သည်** )။

**ဦးဘိုးလုံး** ။ ။ ( **သူ၏သားကိုလက်ညှိုးနှင့်ထိုးလျက်** ) ဟေ့ကောင် ခွေးမသား။ ငါရှိရာကိုဘယ်တော့မှ မလာနဲ့လို့ပြောထားတာ ဘာလို့လာသလဲ။

www.burmeseclassic.com

(

ဘိုးသောင်းသည်မင်းစေဆွဲထားသောလက်ကိုတအားဆောင့်ပြီးဆွဲလိုက်သဖြင့်လွတ်သွားသည်။

မင်းစေလည်းအံ့အားသင့်ပြီး ကြည့်နေသည် )။

**ဘိုးသောင်း** ။ ။ ကျုပ်ဒီကိုလာတာ ခင်ဗျားသားအဖြစ်နဲ့လာတာမဟုတ်ဘူး။ တိုင်းသူပြည်သားတယောက်အဖြစ်နဲ့ လာတာ။

**ဦးဘိုးလုံး** ။ ။ ဘာအဖြစ်နဲ့လာလာ။ မင်း ငါရှိတဲ့နေရာကို မလာရဘူး။ သွား – သွား – သွား သွား သွား ။ ခွေးမသား သွား။

**ဘိုးသောင်း** ။ ။ ကျုပ်တို့သင်တန်းကို ဘာဖြစ်လို့ ခင်ဗျား မတရားသင်တန်းလုပ်ပစ်လိုက်သလဲ။

**ဦးဘိုးလုံး** ။ ။ ငါလုပ်ချင်လို့လုပ်တယ်။ သွား။ မင်းကိုဂရုစိုက်ပြီးဖြေနေစရာမလိုဘူး။ဟေ့ကောင်( **မင်းစေသို့** ) ဆွဲထုတ်သွား။

**( မင်းစေသည်ဘိုးသောင်းကို ဆွဲလိုက်ရာ ဆောင့်ခါလိုက်သဖြင့် လွတ်သွားပြန်သည် )။**

**ဘိုးသောင်း** ။ ။ ခင်ဗျား ကျုပ်တို့ဆရာကြီးကို ဘာဖြစ်လို့ မတရားဖမ်းထားသလဲ။

**ဦးဘိုးလုံး** ။ ။ ဖမ်းချင်လို့ဖမ်းထားတယ်။ သွား သွား သွား ။ ဒါဘဲနော် မင်းမသွားဘူးလား။ **( ဤသို့ပြောပြော ဆိုဆိုနှင့် ၎င်းကိုယ်တိုင်တွန်းထုတ်ရန် ဘိုးသောင်းဆီသို့ဒေါသနှင့်သွားသည် ) ။**

**ဘိုးသောင်း** ။ ။ (၎င်း၏ခါးထဲမှ ခြောက်လုံးပြူးကို ဇတ်ကနဲဆွဲထုတ်လိုက်ပြီး ) ဟင်
ဖမ်းချင်လို့ဖမ်းအုံးကွာ ( တချက်ပစ်လိုက်သည်။ ဦးဘိုးလုံးကိုထိသွားသည်။ ဦးဘိုးလုံးသည်
ရှေ့သို့တလှမ်းတိုးပြန် သည် )။ ဟင် လုပ်ချင်လို့ လုပ်အုံးကွာ။ ( နောက်တချက်ထပ်ပြီးပစ်ပြန်သည်။
ဦးဘိုးလုံးသည် ကြမ်းပေါ်သို့ပုံလျက်သားကျသွားသည်။ မင်းစေလည်းအခန်းထဲကထွက်ပြေးသည်။
ဘိုးသောင်း သည်သူ့အဖေဦးဘိုးလုံး၏အလောင်းကို ခပ်စိမ်းစိမ်းစိုက်ကြည့်နေစဉ်
ကားလိပ်တဖြည်းဖြည်းကျ လာသည် )။

ပြီးပြီ။